သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူတကာတို့တွင် တရားအလှူသည် အမြတ်ဆုံး

ဓမ္မဒါန ကုသိုလ်ရှင်များ

၁။ ဒေါ်ပြုံးကြည် (မိသားစု) ရန်ကုန်မြို့။

၂။ ဦးမောင်မောင်ရွှေ + ဒေါ်ကြည်ကြည်ဝင်း
စိန်မောင် (စတိုး)၊ မန္တလေးမြို့။

၃။ ဦးမောင်မောင်အား ရည်စူး၍
ဒေါ်မိုးနီနီမာ (မိသားစု)၊ မန္တလေးမြို့။

# ဤအကျင့်မြတ်ဖြင့် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို ပူဇော်ပါ၏။

# ယောဂီများ

ဓမ္မဒါန

Generated by CamScanner from intsig.com

# အမှာစာ

လယ်တီကမ္မဋ္ဌာန်းကျမ်းကြီးတွင်

ဩပနေယျိကဂုဏ်တော်အဖွင့် ၁၇၈ ၌

ဈာန်အဘိညာဉ် မဂ်, ဖိုလ်ရှိသောသူသည် ငါ့မှာ ဈာတန်တရားရှိ၏။ ငါ့မှာ အဘိညာဉ်တရားရှိ၏။ ငါ့မှာ မဂ်တရားရှိ၏။ ငါ့မှာ ဖိုလ်တရားရှိ၏ ဟူ၍ ပုဂ္ဂိုလ်နှင့်တရား ကပ်ဆောင်၍ ပြထိုက်သည်ဟု ညွှန်ကြားထားပါသည်။

ဒါ့ကြောင့် ဤစာအုပ်၌ပါသော ယောဂီတို့ကဲ့သို့ သင်ယောဂီအပေါင်းတို့သည်လည်း မိမိတို့တွေ့ရှိချက်များကို မှတ်တမ်းပြု၍ သာသနာပြုကြပါဟု တိုက်တွန်းရပါတော့၏။

# နိဒါန်း

၁။

ယောဂီတို့သည် လွန်ခဲ့သောဘဝက တရားထူး ရနိုင်သော ပါရမီဉာဏ်ပါခဲ့လျှင် ယခုဘဝမှာလည်း လိုလိုချင်ချင်အားထုတ်ခဲ့လျှင် ကျင့်စဉ်တရားကလည်း ဖြောင့်တန်း၍ အံ့ဝင်ဂွင်ကျဖြစ်ခဲ့လျှင် ဆရာသမားကလည်း သင့်လျော်အောင် သင်ပြပေးနိုင်လျှင် သောတာပန်ဖြစ်ရန် မခဲယဉ်းပါ။ ဒါ့ကြောင့် ယောဂီများသည် ကိုယ်တိုင်ကျင့် ကိုယ်တိုင်တွေ့များကို ကိုယ်တိုင်ရေး၍ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီး၏ သာသနာတော်မြတ်ကြီးကို ကျေးဇူးဆပ်သောအားဖြင့် ဤစာပိုဒ်တို့ဖြင့် အသီးသီး ပူဇော်ကြပါကုန်၏ အရှင်ဘုရား . . .။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ယောဂီစင်စန်းမြင့်၏ဘဝနိဒါန်းနှင့်တရားမှတ်တမ်း

အသက် (၅၆) နှစ်တွင် ကျောင်းဆရာမအဖြစ်မှ ပင်စင်ယူပြီး မိုးကုတ်နည်းဖြင့် ပဋ္ဌာန်းမြားရိပ်သာတွင် တရားနာ၊ တရားထိုင်အလုပ် စတင်ခဲ့ပါသည်။

အစတွင် ပဋ္ဌာန်းမြားရိပ်သာ ဆရာတော်ကြီး ဟောကြားသည့် တရားများ လိုက်မှတ်နေပါသည်။ တရားဟောရင်း ပဋ္ဌာန်းမြားရိပ်သာဆရာတော်ကြီးက အလုပ်မစ,သေးဘူးလား၊ ဘာလုပ်နေတာလဲ၊ သိတာနဲ့ အလုပ်စ,ပါတော့လား အော်လိုက်ပါသည်။ ဒါငါ့ပြောနေတာပဲဟု မှတ်ချက်ချ၍ တရားစထိုင်ခဲ့ပါသည်။

တဖြေးဖြေးနှင့်အသက်ကြီးလာသည်။ ကံမွဲလာပြီ၊ ဉာဏ်လဲနည်းလာပြီ သိလိုက်ပါသည်။ ဘာမှအတိအကျ မသိရသေးဘဲ ၂၀၀၇ ခုနှစ်၊ မတ်လ၊ တပေါင်းလပြည့်ကျော် (၇)ရက်နေ့တွင် ဆရာတော် ခန္ဓာဝန်ချ သွားပါသည်။ ကိုးကွယ်ရာ၊ အားထားစရာ မရှိတော့ပြီဟု သိလိုက်ပါသည်။

ပဋ္ဌာန်းမြားရိပ်သာ ဆရာတော်ကြီးက သတိပဋ္ဌာန် လေးမျိုးစလုံး ဟောခဲ့ပါသည်။ တရားစခန်းတိုင်းတွင် ကိုယ့်စရိုက်နှင့် ကိုယ့်ကမ္မဋ္ဌာန်း သင့်တော်ရာ လုပ်ကြ ဟု

ဟောခဲ့ပါသည်။ ကိုယ့်စရိုက်နှင့် ကိုက်ညီမည့် ကမ္မဋ္ဌာန်း မရွေးတတ်ပါ။ ဒိဋ္ဌိကပ်နေမှန်းလည်း သိပါသည်။

သေခါနီး ဝေဒနာမချိမဆန့် ခံစားရမှာပဲ၊ တရားရ,ထားမှဖြစ်မှာဆိုပြီး ဝေဒနာနုပဿနာကမ္မဋ္ဌာန်းသာ အရှုများခဲ့ပါသည်။ တရားစခန်းကို ပင်စင်ယူပြီး ကတည်းက ဆက်တိုက်ဝင်ပြီး အားထုတ်ခဲ့ပါသည်။ သို့သော် မထူးခြားခဲ့ပါ။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် မဟာစည်နည်းဖြင့် ဝါတွင်း (၃)လ ဉာဏ်စဉ်နာပြီးသည်ထိ အားထုတ်ခဲ့ပါသည်။

ပတ္တမြားရိပ်သာတွင်လည်း တတ်နိုင်သမျှ ကြိုးစား အားထုတ်ခဲ့ပါသည်။ နောက်ထပ်တန်ခူး၊ ကဆုန် (၂)လ ထပ်၍ မဟာစည်နည်းနှင့် တရားအားထုတ်ကြည့်ပါသည်။ နေပူချိန်များ၍ အိမ်ပြန်ခဲ့ရပါသည်။ ခန္ဓာမလိုက်နိုင်လျှင်လည်း တရားမရနိုင်ဟုထင်ခဲ့ပါသည်။

ထပ်မံ၍ တပေါင်းလဆန်း (၁၂)ရက်နေ့ ၁၃၇၃ခုတွင် တပ်ဦးကျောင်းဆရာတော်ကြီးထံ ခိုလှုံ၍ တရားအားထုတ်ကြည့်ပါသည်။ တပေါင်းလပြည့်ကျော် (၇)ရက်တွင် ပထမမဂ်ရသည်ဟု ဆရာတော်က တိုက်ရိုက်မမိန့်ပါ။ ခန္ဓာကိုယ်တွင်း လှုပ်ရှားတွေပေါ်သလား၊ ပေါ်ပါတယ်ဘုရား၊



လှုပ်ရှားတွေ ပျောက်ပြီး အေးငြိမ်းမသွားဘူးလား၊ အေးငြိမ်းသွားပါတယ် ဘုရား။ နိဗ္ဗာန်ဆိုတာအေးငြိမ်းတယ်၊ ခန္ဓာကိုယ်လှုပ်ရှားတွေ ပေါ်ရာမှ ပျောက်ပြီး ငြိမ်းသွားတယ် ဒီလောက်ပဲ သိခဲ့တာပါ။ ဒီလိုမြန်မြန်ကြီး မဂ်ရလိမ့်မယ်လို့ မထင်ခဲ့ပါ။

မဂ်စစ်,မစစ် ဖိုလ်နဲ့စစ် အဓိဋ္ဌာန်ပြီး ထိုင်တဲ့အခါ ကျမှ ရထားခဲ့တဲ့ တရားဟာ မဂ်စစ်ပါလားလို့ သိပါတယ်။ ပထမမဂ်နှင့် ပါရမီအလျှောက် အထက်မဂ်ရလိုသူများ အတိအကျ ကမ္မဋ္ဌာန်းနည်းပြသပေးနိုင်သော တပ်ဦးကျောင်း ဆရာတော်ဘုရားထံ အချိန်မီ လာရောက်အားထုတ်နိုင်ကြပါစေရန် ကိုယ်တွေ့ဖြစ်စဉ်များ ရေးသား၍ နှိုးဆော်လိုက်ရပါသည်။

ဒေါ်ခင်စန်းမြင့်
အ.ထ.ပြ (ငြိမ်း)
နန်းတော်ရာရပ်၊ အမရပူရမြို့
၉/အမရ (နိုင်) ၀၁၁၀၅၁

Generated by CamScanner from intsig.com

## ဆရာလေးဒေါ်နန္ဒာသီလာ၏ဘဝနိဒါန်း

တပည့်တော်သည် သီလရှင်ဝတ်ရန်ဆန္ဒ ငယ်စဉ်ကရော အသက် (၄၀)ကျော်သည်ထိ ဆန္ဒမရှိခဲ့ပါ။ သို့သော် အသက် (၃၆)နှစ် ကျန်းမာရေးမကောင်း စ,ဖြစ်လာခဲ့သည်။ ကျန်းမာရေးမကောင်းသည့်အခါ သက်သာအောင် ပြုလုပ်ပေးနိုင်စွမ်း သတိပဋ္ဌာန်ကျင့်စဉ်တွင်ရှိကြောင်း ကိုယ်တိုင် သိခဲ့ရပါသည်။ အထက်တန်းပြဆရာမ အဖြစ် အချိန်အား ရလျှင်ရသလို တရားအားထုတ်ခဲ့ပါသည်။ ကျန်းမာရေး မကောင်း၍ စာသင်ရမောသဖြင့် လယ်/အုပ်ရာထူး ယူခဲ့ပါသည်။ မိမိရောက်သည့်ဒေသအခက်အခဲအရ ကျောင်းသူ ကျောင်းသားများ၏ ပညာရေးအတွက် တွဲဘက် အထကဖြစ်အောင် ကြိုးစားခဲ့ရပြန်ပါသည်။

ကိုယ်တိုင်လည်း အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် ကျောင်းအုပ်စု တာဝန်များယူခဲ့ရပါသည်။ အများအတွက် ကြိုးစားသလောက် အောင်မြင်ခဲ့ပါသည်။ တွဲ (အထက)မှ ဆရာဝန်များ၊ စစ်ဗိုလ်များ၊ အင်ဂျင်နီယာများ ကျောင်းဆရာ/ဆရာမများ၊ သားဖွားသူနာပြုများ ပေါ်ထွန်းလာသည်ထိအောင်မြင်ခဲ့ပါသည်။

သို့သော် ကိုယ်တိုင် ဝိပဿနာရှုပွားချိန် အားနည်း



လာခဲ့သည့် ဇတန်း၊ ဆယ်တန်း ကျောင်းသူ၊ ကျောင်းသားများ အရည်အချင်းရှိရှိ အမှတ်ကောင်းကောင်းနှင့် အောင်စေ ချင်သည့်**လောဘ**၊ ကိုယ်စိတ်တိုင်းကျ ဖြစ်မလာသည့်အခါ စိတ်ပျက် စိတ်ဆိုးရသည့် **ဒေါသ**၊ ကိုယ်ရော စိတ်ပါ ပင်ပန်းလွန်းသည့်အခါ တွေဝေသည့် **မောဟ** တို့၏ ပူလောင်မှုကို သိလာခဲ့ရသည်။

## ဆရာလေးဒေါ်နန္ဒာသီလာ၏ဓမ္မနိဒါန်း

တာဝန်မှ ခဏနားချိန် တာဝန်ထမ်းနေရသည်ထက် အေးချမ်းသည့် ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် (၁၀)ရက် တရားဝင်ပြီး အားထုတ်သည့်အခါ တစ်ရက်ပြီးတစ်ရက် အချိန်တွေ အေးအေးချမ်းချမ်းနှင့် ကုန်လွန်သွားခဲ့သည်။ ကိလေသာ၏ ပူလောင်မှုနှင့် တရားတော်၏ အေးချမ်းမှု အရာသာတို့ကို နှိုင်းယှဉ်သိလာခဲ့ပြန်ပါသည်။

ဇရာဖိစီးမှုကြောင့် အိုမင်းလာသည့်ရုပ်ရည်နှင့် အများကြား သင့်တော်အောင် ပြင်ဆင်ရသည့် မိမိရုပ်ရည်ကို မှန်တွင်မြင်ရသည့်အခါ “မသာနှင့်နားမွှေးတခြားစီ” ဟုမိမိကိုယ်ကို ဆင်ခြင်သုံးသပ်မိပြန်သည်။

ကျွေးမွေးပြုစုစရာ မိဘနှစ်ပါးလည်း မရှိတော့၊

ဒီရုပ်ကြီးကို တင့်တင်အောင် ပြုပြင်နေလည်း အလကား၊ ထမင်းစားရဖို့အတွက် ကိလေသာပူလောင်မှုတွေနှင့် ရှာနေရတာ မတန်ဟုလည်း သံဝေဂဖြစ်ခဲ့ရသည်။ ကိလေသာပူလောင်မှုကို ခွဲခြားသိသည့်စိတ်နှင့် သံဝေဂဖြစ်မှုတို့သည် အေးချမ်းမှုပေးနိုင်စွမ်းရှိသည့် တရားကိုရှာရန် တိုက်တွန်းသလိုဖြစ်လာပါသည်။

လူဝတ်ကြောင်အဖြစ်နှင့် တရားအားထုတ်သည်ထက် သီလရှင်ဝတ်နှင့် တရားအားထုတ်သည်က ပိုလွတ်လပ်သည်ဟု ယူဆခဲ့ပါသည်။ ဆရာသမား၏ တိုက်တွန်းမှု၊ ကိုယ်တိုင်ဖြစ်ပေါ်လာသည့်အသိတရားတို့က သီလရှင်ဘဝရောက်အောင်ပို့ခဲ့ပါသည်။

အသက် (၄၉)နှစ်တွင် လုပ်သက် (၃၀)ပြည့်ပြီ ဖြစ်၍ လုပ်သက်ပင်စင်ယူပြီး သာသနာ့နွယ်ဝင် သိက္ခာရှင်ဘဝ ခံယူခဲ့ပါသည်။ မောင်နှစ်မတစ်စုနှင့် တိတ်တဆိတ် သီလရှင်ဝတ်ခဲ့သည်။ သီလရှင်ဝတ်ပြီး ၄-၅လ အကြာတွင် ကျန်းမာရေးမကောင်းသဖြင့် သင့်တော်ရာပြောင်းခဲ့ရပါသည်။ ဆရာသမားလည်း မရှိတော့ပါ။

ရည်ရွယ်ရင်းရှိသည့်အတိုင်း ကျန်းမာရေး ပြန်ကောင်းသည်နှင့် တရားတွေ နည်းပေါင်းစုံ အသက်



(၆၃)နှစ်ရောက်သည်ထိ နှစ်ရှည်လများ အားထုတ်ခဲ့ပါသည်။ အားထုတ်သလောက် ထိုက်သင့်သည့်ငြိမ်းအေးမှု ရခဲ့ပါသည်။ သို့သော် ထင်သလောက် ခရီးမပေါက်ခဲ့ပါ။ အသက်ကြီးလာသည်နှင့်အမျှ ဇရာ၊ ဗျာဓိတို့၏ နှိပ်စက်မှုက ကြီးလာသည်။ သို့သော် ကိုယ့်အရိုးကို မသယ်နိုင်မှ နားမည်။ ရသလောက်ကြိုးစားမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ဓမ္မမိတ်ဆွေ ဆရာလေးတစ်ပါး၏ အကူအညီဖြင့် တပ်ဦးကျောင်းဆရာတော်ဘုရားကြီးထံ ၁၃၇၃ ခု၊ တပို့တွဲလကွယ်နေ့၊ ညနေမှစ၍ အားထုတ်ခဲ့ပါသည်။

အားထုတ်ခဲ့သည့် နှစ်လအခြေအနေနှင့် ကမ္မဋ္ဌာန်း မေးပြီး တွေ့ရှိလျှောက်ထားချက်များကို ဆင်ခြင်သုံးသပ်ပြီးမှ ဆရာတော်ဘုရားက အချိန်မကုန်စေရန် ကမ္မဋ္ဌာန်းနည်း ပြုပြင်သင်ကြားပေးခဲ့ပါသည်။ ဆရာတော်ဘုရား၏ နည်းပေးလမ်းပြကျွမ်းကျင်မှုနှင့် အားထုတ်ခဲ့သည့်အစွမ်းတို့ကြောင့် ၁၃၇၃ခု တပေါင်းလဆန်း (၄)ရက်နေ့နံနက်ပိုင်းတွင် (ဆရာတော်ဘုရားထံ ရောက်ရှိအားထုတ်ပြီး ၄ရက်မြောက်နေ့) မတွေ့ဘူးသေးသော တရားထူးကို တွေ့ခဲ့ပါသည်။

ဆရာကြီးကဲ့သို့ တကယ်တရားလိုလားသူများ မိမိခန္ဓာမစွန့်မီ တိတိကျကျနည်းပေးလမ်းပြ သင်ကြားပြသနိုင်သော ဆရာသမား သက်တော်ထင်ရှား ရှိတော်မူစဉ်

Generated by CamScanner from intsig.com

အချိန်မီ အားထုတ်နိုင်ပါစေဟူသော ဆန္ဒဖြင့် ကိုယ်တွေ့ဖြစ်စဉ်များကို ရေးသားလိုက်ရပါသည်။ ဟုတ်မဟုတ် ဆရာတော် ညွှန်ကြားသည့်အတိုင်း ကိုယ်တိုင် အားထုတ်ကြည့်လှည့်ပါဟုလည်း တိုက်တွန်းလိုက်ရပါသည်။

ပါရမီရှိသူများ တရားလိုလားသူများ သိရှိအားထုတ်နိုင်ကြပါစေဟုဆန္ဒပြုလျှက် –

ဒေါ်နန္ဒာသီလာ
၉/အမရ (သီ) ၀၀၃၄၁



## ယောဂီစိုးစိုးဝေ၏ တရားနိဒါန်း

## တရားအားထုတ်ရခြင်း၏ ကိုယ်တွေ့မှတ်တမ်း

ကျွန်မသည် ဦးတင့်ဝေ+ဒေါ်တင်မြမှ (၁၂.၁၂.၁၉၇၃) နေ့မှာ မွေးဖွားပါသည်။ ကျွန်မသည် (၁၄)ယောက်မွေးသည့်ထဲမှ (၁၂)ယောက်မြောက် ဖြစ်ပါသည်။ ကျွန်မသည် ငရဲစာအုပ်ကို ဖတ်လိုက်ရသဖြင့် ငရဲကျမှာကို အလွန်ကြောက်ပါသည်။ ကျွန်မသံဝေဂအရဆုံးကတော့ ကျွန်မဆင်းရဲလို့ အိမ်ထောင်ပြုခဲ့ပါတယ်။ အဲဒီမှာဆိုးတဲ့ ယောကျ်ားကို ရခဲ့လို့ ကျွန်မသံဝေဂအရဆုံး ဖြစ်ခဲ့ပါတယ်။ ကျွန်မကံကောင်းချင်တော့ ရွှေကျီးမြင်မှာ ဦးသုမင်္ဂလ တရားနာ၊ တရားအားထုတ်ကို စတင်လိုက်စားခဲ့ပါတယ်။

ကျွန်မသည်ဘုန်းဘုန်းရဲ့ တရားပွဲတွေကို ဘယ်လောက်ဝေးဝေး စက်ဘီးတစ်စီးနှင့် လေးနှစ်တာ စတင်လိုက်စားခဲ့ပါတယ်။ ကျွန်မအိမ်သား ခရီးထွက်သွားပြီဆိုရင် ဘုရားရှိခိုး၊ မေတ္တာပို့ပြီးရင် ည(၁၂)နာရီတစ်ချက် စတင်တရားအားထုတ်ပါသည်။ တရားစအားထုတ်တော့ ခန္ဓာကိုယ်ရဲ့ အနိစ္စမမြဲခြင်း၊ ဒုက္ခဆင်းရဲခြင်း၊ အနတ္တရဲ့ အစိုးမရခြင်း စတဲ့တရားသဘောကို ကျွန်မစပြီးတော့ အားထုတ်တော့ခန္ဓာရဲ့သဘောတရားကို ကျွန်မတွေ့ခဲ့

ရပါတယ်။ ကျွန်မအဲဒီချိန်တုန်းက တရားအားထုတ်တော့ ကျွန်မ ည(၁၂)နာရီက အားထုတ်လိုက်တာ (၃)နာရီအထိ ဝေဒနာအပြင်းအထန် ဖြစ်နေတဲ့အချိန်မှာ ငါဆိုတာ မရှိဘူး။ ဝေဒနာဟာ ဖြစ်ပြီးပျက်မှာဘဲလို့ ခန္ဓာကိုယ်ကြီးကို ဉာဏ်နဲ့ ရှုကြည့်နေတုန်း ဝါဠမ်းလိုပေါ့ပါးပြီး မြောက်ကြွတဲ့အထိ ခံစားရပါတယ်။ အဲဒါဖြစ်နေတာကို ကျွန်မဝမ်းမသာပါဘူး။ ခန္ဓာကိုယ်ရဲ့ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘောကို ကျွန်မဉာဏ်နဲ့ဆုံးတဲ့အထိ လိုက်ကြည့်နေပါတယ်။ ကျွန်မအဲဒီလိုမျိုး ရှုနေရင်း မရှုချင်သလိုဖြစ်လာ၍ ဘုရားကန်တော့ပြီး အိပ်ချလိုက်ပါတော့တယ်။ အဲဒီလိုဖြစ်ပြီးတဲ့နောက်မှာ ဘာအသားတုံးမှ မစားချင်သလို ဖြစ်ခဲ့ပါတယ်။

ကျွန်မဘယ်ချိန်သေမလဲဆိုတာ မသိတာကြောင့် ငါတရားတွေ့အောင်၊ ရအောင်အားထုတ်ရမယ်ဟု စိတ်ကူးပြီး ကျွန်မ တရားပြန်အားထုတ်ခဲ့ပါတယ်။ အဲဒီတုံးကတော့ မနက် (၃)နာရီက ဘုရားထိုင်လိုက်တာ မနက် (၈)နာရီထိ ကျွန်မ အားထုတ်ခဲ့ပါတယ်။ ငါဒီနေ့တော့ ဖြစ်ပျက်ဖြိုင်ဖြိုင် မြင်နေရပြီ။ ဒီတော့ ဖြစ်ပျက်ချုပ်အောင် အားထုတ်မယ်လို့ စိတ်ကူးလိုက်တာနဲ့ ငါထည့်လိုက်တော့ တရားက ဘယ်လို ပျောက်သွားမှန်းကို မသိတော့ပါ။ အဲဒီအချိန်မှာ အိမ်ကအဒေါ်က တပ်ဦးကျောင်း ဦးနန္ဒဆီမှာ သွားအားထုတ်လို့ အဒေါ်က



ပြောပါတယ်။ ကျွန်မအဲဒီအချိန်မှာ စီးပွားရေးကို လောဘဖြစ်မိလိုက်ပါတယ်။ အဒေါ်က 'ငါ့တူမ ကိစ္စမှန်သမျှဟာ မင်္ဂတားဖိုလ်တား ဖြစ်တယ်လို့ ပြောပါတယ်'။ ကျွန်မလည်း ကဲ.... တရားတွေ့အောင် အဒေါ်က တွန်းပို့နေပြီဘဲဆိုပြီး တပ်ဦးကျောင်းကို စက်ဘီးနှင့်သွားခဲ့ပါသည်။

ဘုန်းဘုန်းဦးနန္ဒက ကျွန်မကို ဒေါသကို အရင် ကြည့်ခိုင်းပါတယ်။ ဒေါသမရှိရင် ဘယ်လိုနေသလဲလို့ ကျွန်မကို မေးပါတယ်။ ကျွန်မက ဒေါသမရှိရင် ရင်ထဲမှာ အေးချမ်းပါတယ်လို့ ဖြေခဲ့ပါတယ်။ ဘုန်းဘုန်းက ကျွန်မကို မိန့်ခဲ့ပါတယ်။ လူတစ်ယောက်ရဲ့ ရင်ထဲမှာ ဒေါသ၊ မောဟမရှိရင် အဲဒီလူဟာ ခဏနိဗ္ဗာန်တွေ့နေတာဘဲ။ ခဏနိဗ္ဗာန်တောင် ဒီလောက်ချမ်းသာနေရင် တစ်ကယ်နိဗ္ဗာန် ဆိုရင် ပြောမပြတတ်အောင် ချမ်းသာမှု ဖြစ်လိုက်မဲ့ဖြစ်ခြင်း။ ကျွန်မ ဘုန်းဘုန်းဆီကို ကမ္မဋ္ဌာန်း စတောင်းပါပြီ။ ဘုန်းဘုန်းက ဝင်လေထိသိ၊ ထွက်လေထိသိ ရှုခိုင်းပါတယ်။ နှာသီးဖျားနဲ့ထိပြီးတော့ ရှုတာကရုပ်၊ သိတာကနာမ် အဲဒီလို ရှုမှတ်ပြီးတော့ ရုပ်နာမ်ခွဲရှုရပါတယ်။

နောက်ရက်ကြတော့ ခေါင်းပေါ်ကိုရှုစိတ်တင်ပြီး တစ်ကိုယ်လုံးကို ချုံကြည့် ရတဲ့ တရားရှုမှတ်မှုကို ရှုရပါတယ်။

Generated by CamScanner from intsig.com

အဲဒီမှာ တစ်ကိုယ်လုံး ခေါင်း၊ ခါး၊ ကိုယ်၊ ခြေ၊ လက်၊ အကုန်လုံးပျောက်သွားပြီးတော့ တစ်ကိုယ်လုံးဖြစ်ပျက်တွေကို တရားထိုင်တဲ့ အောက်ကြမ်းပြင်ကစပြီး ဖြစ်ပျက်တွေဟာ တစ်ကိုယ်လုံး ဖြိုင်ဖြိုင်ပေါ်လာပါတယ်။ ကျွန်မလည်း စိတ်ကသိရုံ၊ သိနေလိုက်ပါတယ်။ ဘယ်လောက်အထိ ဖြစ်နေမလဲ၊ ပျက်နေမလဲဆိုတာ ကျွန်မအဆုံးအထိ ဉာဏ်နဲ့ ကြည့်နေပါတယ်။

အဲဒီအချိန်မှာ ဖြစ်ပျက်တွေဟာ မိုးရွာသလို ရွာလာပြီး ဖြည်းဖြည်းခြင်း သိပ်သွားပြီး ချက်နားမှာ ဖြစ်ပျက်ဟာ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ချုပ်သွားတာကို ကျွန်မဉာဏ်နဲ့ တွေ့လိုက်ရပါတယ်။ ကျွန်မလည်း ဘယ်တုန်းကမှ မတွေ့ဘူးတဲ့ဟာကို တွေ့လိုက်တော့ ကျွန်မဝမ်းသာလိုက်တာ ဘယ်လိုပြောရမှန်းတောင်မသိတော့ပါဘူး။ ကျွန်မလည်း ဘုန်းဘုန်းကို လျှောက်တော့ နင်အဲဒါတရားထူး ဟုတ်,မဟုတ် အဓိဋ္ဌာန် ကြည့်ရမယ်လို့ ခိုင်းပါတယ်။

ကျွန်မလည်း 'မြတ်စွာဘုရား တပည့်တော် အခု တွေ့သည့်တရားသည် တကယ်တရားထူး ဟုတ်ခဲ့ပါက ပြန်လည်တွေ့ရှိရပါစေသားဟု ကျွန်မအဓိဋ္ဌာန်ပြီး ပြန်တရားအားထုတ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဖြစ်ပျက်တွေဟာပြန်လည်ပေါ်ပြီး ချုပ်ငြိမ်းသွားတာကို တွေ့ခဲ့ရပါတယ်။



ကျွန်မသုံးခါအဓိဋ္ဌာန်ခဲ့သည့်အတိုင်း ဖြစ်ပျက်တွေ ပေါ်ပြီး ချုပ်ပျောက်နေတာကို တွေ့ ရှိခဲ့ပါတယ်။ ကျွန်မလည်း တရားရတယ်ဆိုတော့ ဘယ်လိုမှပြောမပြတတ်အောင် ဝမ်းသာပြီး ငိုခဲ့ရပါတယ်။ ဘယ်တုန်းကမှ မျှော်လင့်မထားတဲ့ တရားကို တွေ့ရှိခဲ့ရလို့ ဘုန်းဘုန်းဦးနန္ဒရဲ့ ကျေးဇူးဟာ ဘယ်လိုဆပ်ဆပ်ဆပ်လို့ကုန်မှာ မဟုတ်တော့ပါ။ ဒါကြောင့် ဘုရားရှင်က ကိုယ့်ကို တရားရအောင်ပြသည့် ဆရာဟာ လောကမှာ ကျေးဇူးကြီးမားတယ်လို့ ဘုရားရှင်ကပြောကြားခဲ့ပါတယ်။

ဒါ့ကြောင့် ကိုယ့်ကိုကို တကယ်ချစ်ရင် တရားရအောင် ကျင့်ကြံအားထုတ်ပါလို့ နောက်ပြီး လောကမှာ ဘုရားကို မြင်ချင်ရင် တရားကို မြင်အောင်ကျင့်ကြံပါလို့ တိုက်တွန်းအားပေးလိုက်ပါတယ်။

ဒေါ်စိုးစိုးဝေ

၀၂-၆၉၇၈၇

Generated by CamScanner from intsig.com

## ယောဂီချိုချိုအောင်၏တရားနိဒါန်း

## တရားအားထုတ်ရခြင်း၏ကိုယ်တွေ့မှတ်တမ်း

ကျွန်မသည် ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်သော မိဘ (၂)ပါးမှမွေးဖွားလာသော ဒုတိယမြောက်သမီး ဖြစ်ပါသည်။ မိဘများမှာဖခင် ဦးအောင်ကျော်နှင့် မိခင် ဒေါ်မြမြအေး တို့ ဖြစ်ပါသည်။ မွေးချင်းညီအစ်မ (၄)ယောက် ရှိပါသည်။ ကျွန်မသည် မန္တလေးမြို့တွင်မွေးဖွားခဲ့ပြီး အမှတ်(၈) အထက်တန်းကျောင်းမှ (၁၀)တန်းအောင်မြင်၍ မန္တလေးတက္ကသိုလ်တွင် ဓာတုဗေဒဘာသာ အထူးပြုဖြင့် ဘွဲ့ရခဲ့ပါသည်။ ဖခင်မှာဝန်ထမ်းဖြစ်၍ နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေစဉ် မိခင်နှင့် အနီးကပ်နေ၍ ရတနာ (၃)ပါး အဆုံးအမများကို ရရှိပြီးဖြစ်ပါသည်။

ကျွန်မ အထက်တန်းအောင်ပြီးသည့် အချိန်မှစ၍ မန္တလေးမြို့ပေါ်ရှိ မဟာစည်၊ တန့်ကြည်တောင်၊ ဖားအောက်ရိပ်သာ၊ ဆရာကြီး ဦးဂိုအင်ကာရိပ်သာများသို့ နှစ်စဉ်ဝင်ရောက်တရားအားထုတ်ခဲ့ပါသည်။ ဘာသာရေး စာအုပ်များကိုလည်း ဖတ်ဖြစ်ခဲ့ပါသည်။ နောက်ပိုင်းတွင် မိုးကုတ်တရားတော် များကို နာကြားရင်း မိုးကုတ်ရိပ်သာတွင် သာတရားအားထုတ်ခဲ့ပါသည်။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း



ဒေသနာကို စာတွေ့ လက်တွေ့သင်ယူခဲ့ပါသည်။ ရုပ်၊ နာမ်ခွဲတတ်ပြီး ကြောင်းကျိုးတရားများ ဆင်ခြင်တတ်ပါသည်။ ဖြစ်ပျက်ကိုတော့ မတွေ့မမြင်ခဲ့သေးပါဘူး။ ကျွန်မ၏ မိခင်သည် နှစ်အတော်ကြာတရားအားထုတ်ထားခဲ့ပြီး တပ်ဦးဆရာတော်ဦးနန္ဒထံမှ တရားထူးများရရှိခဲ့ပါသည်။ ကျွန်မကိုလည်း ဆရာတော်ဦးနန္ဒထံ တရားအားထုတ်ရန် အမြဲတိုက်တွန်းခဲ့ပါသည်။ အသေမဦးခင် ဉာဏ်ဦးအောင် တရားအားထုတ်နိုင်ခြင်း ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုး ကြောင့် မရောက်ဖြစ်ခဲ့ပါဘူး။

ကျွန်မသည်လည်းသက်တမ်းအရဆိုရင် တစ်ဝက် ကျော်လာပြီမို့ အမြန်ဆုံး ပြင်ဆင်သင့်ပြီဆိုကာ ဆရာတော် ဘုရားထံအရောက်လာခဲ့ပါသည်။ ဆရာတော်ဘုရားသည် ကျွန်မအား စတင်တရားပြပါသည်။ မိမိခန္ဓာကိုယ်၏ ဆင်းရဲခြင်းဖြစ်ကြောင်း တရားကို ဆင်ခြင်ကြည့်နိုင်ပါသည်။ နှာသီးဝ လေကို ရှူသွင်း မှုတ်ထုတ် လုပ်နိုင်ပါသည်။ နောက်ပြီး လေရှူတာတော်တော်ကြာကြာ ရပ်ထားနိုင်ပြီးမှ ပြန်ရှူနိုင်ပါသည်။ လေမရှူရသဖြင့် အခံရခက်တာ ဆင်းရဲတာကိုတွေ့ရပါသည်။ လေကို ရှူသွင်း/ရှူထုတ် ပြန်လုပ်နိုင်ပါသည်။ ဆင်းရဲတာသက်သာ သွားသည်ကို ကြည့်နိုင်ပါသည်။ ကျွန်မသည်ဆရာတော်ခိုင်းသည့်အတိုင်း

Generated by CamScanner from intsig.com

အတိအကျ လိုက်နာ ဆောင်ရွက်ပါသည်။

ဤကဲ့သို့ ခန္ဓာကိုယ်က အလိုလို ဆင်းရဲနေ၍ ချမ်းသာအောင် စားဝတ်နေရေးတို့ဖြင့် ပြုပြင်ပေးနေရသည်။ ပြုလုပ်မှုကံ (ကောင်းကံ/ ဆိုးကံ)တွေလုပ်ပါသည်။ ထိုကံတွေ ပြုလုပ်သဖြင့် နောက်ထပ်ဘဝသစ် တစ်ဖန်ပြန်ဖြစ်ကြ ရပါသည်။ ဘဝအသစ်ပြန်လည် ရပြန်တော့ အို၊ နာ၊ သေ ဒုက္ခသစ္စာဆင်းရဲနှင့် ပြန်တွေ့ကြရပြန်တော့၏ ။ ဒီခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို အရင်ရှုခိုင်းပါသည်။ တရားမထိုင်ခင် ရှုခိုင်းပြီးမှ ဝင်လေထိသိ ထွက်လေထိသိရှုခိုင်းပါသည်။ နောက်ရက်ကြတော့ ခန္ဓာကိုယ်အပေါ်ပိုင်းနှင့် အလယ်ပိုင်း ရှုခိုင်းပါသည်။ ထိုအခါမျက်နှာပြင် တစ်ခုလုံး ဖြစ်ပျက်အစုကြီး ဖြစ်ပေါ် ခဲ့ပါသည်။ နောက်တော့ခေါင်းပေါ်ရှုစိတ်တင်ပြီး တစ်ကိုယ်လုံးကိုခြုံကြည့်ခိုင်းပါသည်။ ခေါင်း၊ ခါး၊ ခြေ၊ လက်အကုန်လွှတ်ထားခိုင်းပါသည်။ဒီအခါခန္ဓာကိုယ်တစ်ခုလုံး ရှိန်ရှိန်လှုပ်လှုပ်ရွရွဖြစ်နေပါသည်။ ကြမ်းပြင်ပါ လှုပ်နေ သလိုဖြစ်ခဲ့ပါသည်။

(၇)ရက်မြောက်နေ့တွင် ဟဒယမှလှုပ်လှုပ်တွေသည် ခပ်ကြမ်းကြမ်းဖြစ်လာပါသည်။ မိမိအဆောင်မှာ ညပိုင်း အိပ်ယာမဝင်ခင်အထိ တရားမှတ်ရင်း အိပ်ယာထဲ အသုဘ



ကမ္မဋ္ဌာန်းရှုပြီး မှတ်တော့လည်း မပြတ်ဖြစ်ပေါ်နေပါသည်။ (၉)ရက်မြောက်နေ့တွင် တရားရှုမှတ်နေရင်း မှဖြစ်ပျက်တွေ သည် ဟဒယတွင်ချုပ်ပျောက်၍သွားခဲ့ပါသည်။ ဆရာတော် တရားစစ်သောအခါ ဖြစ်ပျက်မတွေ့လို့ရှာကြည့်နေရတာ ဘုရားလို့ လျှောက်ပါသည်။ ဆရာတော်က ဖြစ်ပျက်မရှိရင် မဖြစ်မပျက်တဲ့နိဗ္ဗာန်လို့ပြောပါသည်။ ကျွန်မ တရားထူး တွေ့ရှိခဲ့၍ ပြောမပြတတ်အောင်ဝမ်းသာခဲ့ပါသည်။ ဆရာတော် ဘုရားကြီးကိုလည်း ကျေးဇူးအရမ်းတင်ခဲ့ပါသည်။ တရားရ အောင်ပြသည့် ဆရာသည်ကျွန်မ၏ ကျေးဇူးရှင်အစစ် ဖြစ်ပါတော့သည်။ ဆရာတော်ဘုရား၏ ကျေးဇူးအရမ်း ကြီးမားပါသည်။ ဆပ်၍မကုန်နိုင်ပါ။ ဘုရားရှင်၏ ကျေးဇူးတရားတွေကိုလည်း တဖွားဖွားဖြစ်ပေါ်မိပါသည်။ ဝမ်းသာပီတိမျက်ရည် ကျခဲ့ရပါသည်။ ဘုရား၊ တရား၊ သံဃာကို အရင်ကထက်ပိုကြည်ညိုမိပါသည်။ မိဘနှစ်ပါးနှင့် အနန္တဂိုဏ်းဝင်များကိုလည်း အမြဲဦးထိပ်ပန်ဆင်ပါသည်။

ဆရာတော်ရိပ်သာရောက်မှ ဆရာတော်၏ကြည်ညို ဖွယ်ရာ အံ့မခန်းစွမ်းဆောင်ချက်များကို တွေ့ရပါသည်။ အယုတ်၊ အလတ်၊ အမြတ်မရွေးတပြေးညီဆက်ဆံနိုင်မှု၊ ယောကျ်ား၊ မိန်းမ၊ လူရင်း၊ လူစိမ်း၊ ဆင်းရဲ၊ ချမ်းသာ ခွဲခြားခြင်းနည်းပါးမှု၊ ဘက်မလိုက်မှု ယောဂီများအား

Generated by CamScanner from intsig.com

အခမဲ့ဆွမ်းခံကျွေးမှု၊ နေရာစီစဉ်ပေးမှု၊ ဝိနည်းစည်းကမ်းရှိသေမှု၊ နက်နဲသော ဝိပဿနာတရားကို နားမလည်လည်အောင် အမျိုးမျိုးရှင်းလင်း ပြသမှု အသက်အရွယ်နှင့်အမျှ မန္တလေးမြို့ပေါ်ရှိ နေရာပေါင်းမြောက်များစွာသို့ သွား၍ တရားပြသမှုများ ပြုလုပ်ပေးပါသည်။ ဆရာတော်ဘုရားသည် ဝိပဿနာစာအုပ်ပေါင်း မြောက်များစွာကိုလည်းရေးသား ပါသည်။ ဓမ္မဝိရဂျာနယ်တိုက်သို့လည်းအမြဲပို့ပေးရပါသည်။

လူတိုင်းသည် ချမ်းသာမှုရှာရာမှ ချမ်းသာမှုမရဘဲ လောဘကျေးကျွန်ဘဝနဲ့ပဲ နိဂုံးချုပ်ကာ ဆင်းရဲတွင်းကျဆင်းသွားကြရရှာပါသည်။ မိမိမှာ ချမ်းသာမှုရှိမှသာ သူတစ်ပါးအား ချမ်းသာမှု ပေးစွမ်းနိုင်ပါသည်။ မိမိမှာ လောဘ၊ ဒေါသ၊ မောဟ တင်းပြည့်ကျပ်ပြည့်ရှိနေပါလျှက် သူတစ်ပါးအားချမ်းသာစေပေးမည်ဆိုလျှင် လိမ်လည်မှုသာဖြစ်ပေလိမ့်မည်။ ဘုရားရှင်ဟောခဲ့တဲ့ သစ္စာ၊ ရတရား (အမှန်တရား)ကို နားလည်လက်ခံနိုင်ရင် အမြဲအေးချမ်းပါသည်။ တကယ်စစ်မှန်တဲ့ မဂ္ဂင်အလုပ်ကိုလုပ်နိုင်ရင် ကိုယ်နဲ့ပတ်သက်တဲ့ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေအသိုင်းအဝိုင်းတွေကိုပါ ကိုယ့်ကြောင့်ဖြစ်နေရတဲ့ စိုးရိမ်ပူပန်မှုတွေလျော့နည်းစေပါတယ်။ တွေ့ကြုံသမျှ လူတိုင်းအပေါ် အဲဒီလိုမှန်ကန်တဲ့တရားကို နည်းမှန် လမ်းမှန်ဟောကြား



လမ်းညွှန်ပေးတဲ့ ဆရာတော် ဦးနန္ဒ (တပ်ဦးဆရာတော်) နှင့်တွေ့ဆုံချိန်မှာ မှန်မှန်ကန်ကန် လိုက်နာကျင့်ကြံတတ်မယ်ဆိုရင် ငြိမ်းချမ်းတဲ့ဘဝကို ပိုင်ဆိုင်သွားမှာမလွဲဧကန်ဖြစ်ပါတော့သည်။

ယောဂီ ချိုချိုအောင်

၀၂-၃၁၅၁၄

## ယောဂီမမြင့်၏ တရားနိဒါန်း

ကျွန်မ သတိပဋ္ဌာန်ဝိပဿနာတရားကို နေ့စဉ်မပျက်မကွက် အားထုတ်သည်မှာ အသက် (၄၅)နှစ်အရွယ်မှ စတင်အားထုတ်ဖြစ်ပါသည်။ ၎င်းနှစ်မတိုင်မီ အချိန်များမှာတော့ ပုတီးစိပ်ခြင်း တစ်ခါတစ်ရံ ဖခင်ဖြစ်သူ၏ တိုက်တွန်းမှုကြောင့် အားထုတ်ဖြစ်ပါသော်လည်း၊ ညောင်းညာခြင်း၊ ကိုက်ခဲခြင်း၊ စသည်ဖြင့် ဝေဒနာများကို မခံစားနိုင်၍ (၁၀)မိနစ်လောက်နှင့် ပြီးခဲ့ပါသည်။

ကျွန်မ၏ခင်ပွန်းသည်မှာ ဝန်ထမ်းတစ်ယောက်ဖြစ်ပါသည်။ ခင်ပွန်းသည် သထုံတွင် တာဝန်ကျချိန်တွင် ကျွန်မတို့ နေရသောအိမ်သည် မြသပိတ်တောင်ခြေတွင်ရှိကာ ပတ်ဝန်းကျင်ဆိတ်ငြိမ်၍ တရားအားထုတ်၍ အလွန်ကောင်းသောနေရာဖြစ်၍ စတင်အားထုတ်ရာ ကြာကြာမရသေးပါ။ နာရီဝက်မျှလောက်ပဲ အားထုတ်နိုင်ပါသည်။ သထုံမှ ပြောင်းရခါနီး (၃-၄)လလောက်အလိုတွင် ကျွန်မ အသဲနှင့် အစာအိမ်ရောင်သောရောဂါဝေဒနာ စတင်ခံစားရပါသည်။

၎င်းရောဂါ ခံနေရစဉ် ကသာသို့ ပြောင်းရွှေ့ ရပါသည်။ ကသာတွင် ဆေးဆက်လက်ကုသပါသော်လည်း မသက်သာသေးပါ။ ပတ်ဝန်းကျင်အပြောင်းအလဲနှင့်



ရောဂါဝေဒနာ ခံစားမှုပါရောပြီး စိတ်ဓါတ်ကျလာပါသည်။ ဒီရောဂါနှင့်ပင် အမှန်တကယ် သေရတော့မည်ဟု ထင်လာပါသည်။ ဒီလိုနှင့် တရားအားထုတ်ရင်း သေတော့မည်ဟု သံဓိဋ္ဌာန် ချလိုက်ပါသည်။

ကျွန်မ တရားစတင် အားထုတ်သည့်နည်းမှာ မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းဖြစ်ပါသည်။ တရားစခန်းလည်း မဝင်ဘူးသေးပါ။ အိမ်မှ သားများ ကျောင်းပိတ်ချိန်တွင် ကျွန်မဖခင်၏ ညွှန်ကြားမှုဖြင့် သားများက စခန်းဝင်ဖူး ကြပါသည်။ သူတို့ထံမှ သင်ယူပြီး အားထုတ်ပါသည်။ ဆရာတော်ဘုရားကြီး၏ နည်းအတိုင်း ပေါ်လာသည့်နေရာကို ရှုးစိုက်၍ ကြည့်ပါသည်။

အဲဒီအချိန်တွင် အစာအိမ်နေရာတွင် ခံစားနေရသော ပြင်းထန်လှသော ဝေဒနာကို ရှုးစိုက်ကြည့်နေစဉ် အာရုံထဲမှာ ကျွန်မ၏ နှုတ်ခမ်း (၂)ခုမှ တစ်ခုချင်းစီ ထော်၍ထွက်လာပါသည်။ နောက်နှာခေါင်း၊ မျက်လုံး နောက်ခန္ဓာကြီးတစ်ခုလုံး ပွဖေါင်းကြီးကားလာပါသည်။ ဘေးလူမှကြည့် လျှင် ဘီးလူးကြီးတစ်ကောင်သဖွယ် ဖြစ်မည်ထင်ပါသည်။ ထိုနေ့မှစ၍ တရားအားထုတ်လျှင် ခံနိုင်ရည်ရှိသွားပြီး ရောဂါဝေဒနာများ တဖြည်းဖြည်းပျောက်ကင်းပြီး ဆက်လက်ပြီး ယနေ့ထက်တိုင် တရားအားထုတ်ဖြစ်ပါသည်။

Generated by CamScanner from intsig.com

ဒီနောက် မော်လမြိုင်၊ ထိုမှတဆင့် မန္တလေးသို့ ခင်ပွန်းသည် ပင်စင်ယူပြီး ပြောင်းခဲ့ပါသည်။ မန္တလေးမြို့ မဟာစည်တရားစခန်းတွင် (၁၀)ရက် တရားစခန်းဝင်ပါသည်။ ထိုင် (၁)နာရီမှတ်အားကောင်းနေ၍ စင်္ကြံန်(၁)နာရီမယူပဲ (၂)နာရီဆက်တိုက်ထိုင်ရာ ခန္ဓာကိုယ်ကြီးသည် ပွဖောင်းလာကာ ပွဖောင်းရာမှ မြူမှုံကလေးများဖြစ်ရာ ပျောက်သွားသည်ကို မြင်ရပါသည်။ တရားစစ်ဆရာတော်က ကျွန်မလျှောက်ထားသည်ကို မှတ်ထား၍ ဆက်ရှုရန် ပြောပါသည်။

(၁၀) ရက်စခန်းပြည့်၍ ပြန်ရန်သွားရောက်ကန်တော့သည့်အခါ တရားကောင်းနေသဖြင့် မပြန်သေးရန် တားပါသည်။ ကျွန်မ ဆရာတော်၏စကားကို နားမထောင်ပဲ အိမ်ပြန်ခဲ့ပါသည်။ အဲဒီနောက် မိတ်ဆွေတစ်ယောက်က တခြားတရားစခန်းကို ခေါ်သွား၍ အားထုတ်ပြန်ပါသည်။ အဲဒီကာလအတွင်းမှာ ဘာမှ မထူးခြားပါ။ တရားလည်း တက်မလာပါ။

ဒီလိုနှင့် ညီမလေးများက သူတို့ အားထုတ်နေသော မန္တလေးတောင်ခြေ တပ်ဦးကျောင်းဆရာတော် (ဆရာတော် ဦးနန္ဒ)ထံ ခေါ်သွားပါသည်။

ဦးစွာပထမ ဆရာတော်က ဝင်လေထိသိ ထွက်လေ



ထိသိက ရှုရပါသည်။ နောက် ခန္ဓာကိုယ်ကို ခြုံငုံ၍ ကြည့်သောနည်းဖြင့် ရှုမှတ်ရပါသည်။ အားထုတ်ခါစ (၃-၄)ရက်လောက် လည်နေပါသည်။ တစ်ပတ် (၁၀)ရက်လောက်ကျမှ တရားရှုကွက်ထဲ ဝင်သွားပြီးလျှင် တရားကို တွေ့ပါသည်။

တွေ့ပုံမှာ ဆရာတော်ဘုရား ညွှန်ကြားသည့်အတိုင်း ပထမ နှာသီးဖျား၏ ဝင်လေထိသိ၊ ထွက်လေထိသိရှုပြီး (၁၀)မိနစ်မျှ ရှုပြီးလျှင် ရှုစိတ်ကို ခေါင်းပေါ်တင်၍ တစ်ကိုယ်လုံးကိုခြုံ၍ ကြည့်နေလိုက်ပါသည်။ တရားထိုင်ချိန်မှာ (၁)နာရီမျှလောက်ဖြစ်ပါသည်။ ရှုအားကောင်းလာပြီးလျှင် တစ်ကိုယ်လုံး နေရာလပ်မကျန်အောင် လှုပ်လှုပ်များ ပွတက်လာပြီး ထင်ထင်ရှားရှား ဖြစ်ပျက်ကြသည်ကို တွေ့ရပါသည်။ ဖြစ်ပျက်များ ဖြိုင်ဖြိုင်ကျသည်ကို တွေ့ရပါသည်။ ဝေဒနာတော့ မရှိပါ။

လှုပ်လှုပ်များ ဖြစ်ပျက်နေကြသည်ကို ရှုရင်း စိတ်မှာလည်း ဒီဖြစ်ပျက်တွေ တွေ့တော့လဲ ဘာမှ မဟုတ်ပါလား။ ဆင်းရဲတာပါပဲဟု စိတ်ပျက်သွားပါသည်။ (ဆင်းရဲသော ဉာဏ်လေး ဝင်သွားသည်ကို သိလိုက်ရပါသည်)။ ဒီလို သိလိုက်သည်နှင့် တပြိုင်နက် ခန္ဓာတွင်း ဖြစ်ပျက်နေကြသော ရုပ်၊ နာမ် လှုပ်လှုပ်များသည်

Generated by CamScanner from intsig.com

ချက်ချင်းဆိုသလို ဖြုံးကနဲ ရပ်သွားပြီး ငြိမ်ကျသွားပါသည်။ ငြိမ်နေသော အကွက်ကြီးကိုလည်း မြင်တွေ့နေရပါသည်။

ကျွန်မသည် တစ်ကိုယ်လုံးမှ လှုပ်လှုပ်များ ရုတ်တရက် ရပ်ဆိုင်းသွားသည်ကို 'ဟင်ဘယ်လိုဖြစ်တာ ပါလိမ့်' လို့ အောက်မေ့ပြီး အစမှတစ်ဖန် ပြန်စပါသည်။ စိတ်ကိုနှာသီးဖျား ပြန်ယူသွားသည်။ ငြိမ်နေသော အကွက်ကြီးမှ ဆွဲထားသကဲ့သို့ဖြစ်ပြီး ရွေ့၍ မရပါ။ ခဏကြာ တရားဖြုတ်လိုက်ပါသည်။ ဆရာတော်ထံ သွားလျှောက်ထားရာ ဆရာတော်က စစ်ဆေးပါသည်။ စစ်ဆေးပြီး အဓိဋ္ဌာန် ပြုနိုင်းပါသည်။ ဖြစ်ပျက်ကိုတွေ့ပြီး ငြိမ်သက်သော ရှုကွင်းပေါ်ရောက်မှသာ ဖြစ်ပျက်ကို လွတ်မြောက်သည့် နိဗ္ဗာန်တွေ့သည်ဟု မိန့်ကြားပါသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူသော နိဗ္ဗာန်ရောက်ကြောင်းတရားဖြစ်သော သတိပဋ္ဌာန် တရားတော်ကို ညွှန်ကြားပြသတော်မူကြသော မဟာစည် ဆရာတော်ဘုရားကြီး တပ်ဦးကျောင်း ဆရာတော်ဘုရားကြီး (ဦးနန္ဒ)တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ကန်တော့ပါသည်ဘုရား။

ယောဂီမမြင့်
နန်းရှေ့၊ မန္တလေး



## ဒေါ်စန်းစန်းဌေး၏ ဘဝနိဒါန်း

၁၉၅၆ ခုနှစ် (၁)လပိုင်းတွင် အဘ ဦးအေးသောင်း၊ အမိ ဒေါ်ကြည်တို့မှ မွေးဖွားခဲ့ပါသည်။ သားသမီး (၈)ယောက်အနက် အကြီးဆုံးသမီးဖြစ်ပါသည်။ ၁၉၇၆ ခုနှစ်တွင် (၁၀)တန်းစာမေးပွဲဖြေခဲ့ပြီး အိမ်ထောင်ကျခဲ့ပါသည်။ ကျောင်းဆက်မတက်ခဲ့ရပါ။ မိဘများနှင့်အတူ နေထိုင်ပြီး သာသနာရေးစာအုပ်များ၊ တရားစာအုပ်များ ဖတ်ရှုနိုင်း၍ စိတ်ဓာတ်ရေးရာများကို သင်ပြပေးခဲ့ပါသည်။

အိမ်ထောင်ကျပြီး ခင်ပွန်းသည်နှင့် သားသမီး (၄)ယောက် ထွန်းကားခဲ့ပါသည်။ သား (၃)ယောက်အား ရှင်ပြု၍ ဖခင်ကြီးရဟန်းဘောင်သို့ သွတ်သွင်းခဲ့ပါသည်။ (၆)ဝါရမှ ပျံလွန်တော်မူခဲ့၏။ မိခင်ကြီးသာကျန်ခဲ့သည်။ ဖခင်၏ သူငယ်ချင်းဖြစ်သူ ဦးလေးက တရားထိုင်နည်းများကို သင်ကြားခဲ့သည်။ မိုးကုတ်စာအုပ်များ၊ ဓမ္မာစရိယ ဦးကြည်၊ မဟာစည်ဆရာတော် ဘုရားကြီး၏ စာအုပ်များမှ တရားထိုင်နည်းများ စသည်တို့ကို ဖတ်ရှုခဲ့သည်။

ကိုယ်တိုင်လည်း တရားထိုင်ခဲ့သည်။ သို့သော် ခရီးမရောက်ခဲ့ပေ။ (၂၀၀၆)ခုနှစ်တွင် ကျွန်ုပ်သည် ဆရာတော် ဦးနန္ဒကျောင်းသို့ ရောက်ခဲ့သည်။ တပ်ဦးကျောင်းဆရာတော်မှ

Generated by CamScanner from intsig.com

သင်ကြားပေးခဲ့ပါသည်။ ယခုမှပင် ဆရာကောင်းနှင့်တွေ့ခဲ့၍ နည်းမှန်လမ်းမှန်သို့ရောက်ပြီး ဝိပဿနာတရားကို ကျင့်ကြံအားထုတ်နိုင်ခဲ့သည်။ ပထမကမ္မဋ္ဌာန်းမှာရှုပြီးလေနှင့် နှာခေါင်း ထိလိုက်သည်နှင့် ထိလိုက်သည်က ရုပ်ဟူ၍ သိလိုက်သည်မှာ နာမ်ဖြစ်ပြီး နှာခေါင်းတွင်းတစ်နေရာ၌ လေအထိထင်ရှားသောနေရာကို တွေ့ရသည်။ လေရှူလိုက်သည်နှင့် ဝင်လေဟာ ထင်ရှားတဲ့ နေရာကိုထိ၍သိရသည်။ လေရှူလိုက်သည်နှင့် ဝင်လေဟာ ထင်ရှားတဲ့ နေရာကို ထိ၍ သိရသည်။ အေးတဲ့အသိကလေးကို တွေ့ရ၏။ အဲဒီအထိနှင့် အသိကို ဝင်လေထိသိဟု ရှုလိုက်သည်။ တစ်ခါထွက်လာတဲ့ လေကလည်း ထင်ရှားတဲ့ နှာသီးဖျားမှ နွေးကနဲသိတဲ့ အသိကလေးလည်း ပေါ်လာ၏ ။ ဤသို့ ရှုမှတ်လို့ နှာသီးဖျား၌ ဝင်လေ ထိ–သိ၊ ထွက်လေ ထိ–သိတို့ထင်ရှားပြီး ထိတာကရုပ်၊ သိတာကနာမ်ဟု ရုပ်နာမ်ကိုခွဲကြည့်ပေးရ၏ လမ်းလျှောက်ရင်းနှင့် ခြေဖဝါးနှင့်မြေ ထိလိုက်သည်နှင့် ခြေဖဝါးထဲမှ ထိ–သိကလေး ပေါ်ပေါ်လာတာကို မြင်အောင် ကြည့်၍ ထိတာရုပ်၊ သိတာနာမ်ဟု ခွဲခြားပေးရပါသည်။

နှာသီးဖျား၌ လေအထိထင်ရှားတဲ့နေရာက စောင့်၍လေရှူလိုက်သည်နှင့် နှာသီးဖျားမှာ ထိသိ ပေါ်လာတာ သည်ကအဖြစ်၊ အရှုရုပ်လိုက်လို့ နှာသီးဖျားမှာ ထိသိပျောက်



သွားတာသည် အပျက်ဟု ရှုမှတ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် ပိုင်းကို ရှုမှတ်ရသည်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ ပြုလုပ်မှုကမ္မဘဝ၊ အနာဂတ် ဒုက္ခသစ္စာတို့၏ ဆက်စပ်ပုံ သံသရာကိုလည်း မြင်အောင်ကြည့်ရပါသည်။ တစ်ကိုယ်လုံးကို ခြုံရင်း ခန္ဓာကိုယ်တွင်းက တွေ့သမျှကို ဖောက်ပြန်တယ်၊ ဖောက်ပြန်တယ်မှတ်ပြီး စိတ်လွတ်သွားသည်နှင့် စိတ်ဖောက်ပြန်တယ်ဟု ရှုရသည်။ ဤကဲ့သို့ ရုပ်ရော၊ စိတ်ရောဖောက်ပြန်မှုများသည် အစပထမပိုင်းတွင် များစွာတွေ့ရသည်။

ထိုင်ခါစက နာရီဝက်လောက်ရောက်ခါနီးတွင် တစ်ကိုယ်လုံး နာတာ၊ ကျင်တာများ၊ ဖိထိုင်ထားသောကြောင့် ထုံနေပါသည်။ အရင်က ဆရာတော်နှင့် မတွေ့ခင် အိမ်မှာ တရားထိုင်စဉ်က မခံမရပ်နိုင်အောင်နာကျင်ပါသည်။ နာကျင်တာကိုဘဲ စိတ်ရောက်နေ၍ တရားမရနိုင်ပါ။ ဆရာတော် ဦးနန္ဒနှင့် တွေ့မှပင် ပြင်၍ ရှုမှတ်လိုက်မှ တရားကို ဖြောင့်ဖြောင့်ထိုင်မှတ်နိုင်ပါသည်။ ခန္ဓာကိုယ် ပူ–အေး–ယား–နာ– တောင့်တင်းစတဲ့ ပရမတ် တို့သည် တဖြေးဖြေးနှင့် ပျင်းပျင်းရှိန်ရှိန်လှုပ်လှုပ်တို့ဖြစ်လာပြီး ခန္ဓာကိုယ် ခေါင်း– ခါး– ခြေ– လက် ဒြပ်သဏ္ဌာန် တွေပျောက်၍ လှုပ်ရှဖြစ်ပျက် ရုပ်နာမ်အစုကြီးကိုသာ မြင်နေရသည်။ ယနကျေပြီး လှုပ်ရှ

Generated by CamScanner from intsig.com

နေသော နာမ် ရုပ် ဖြစ်ပျက်ကလေးတွေ ဖြစ်၍သွား၏။ အားစိုက်၍ မရှုတော့ဘဲ သိရုံသာသိနေလိုက်၏။ မလွတ်တမ်း ကြည့်နေပြီး ကြာလာသောအခါ လှုပ်ရှဖြစ်ပျက် ကလေးတွေသည် မြန်၍လာပြီး အဖြစ်ကို မမြင်ရတော့ဘဲ အပျက်ကိုချည်းမြင်ရာမှ ကိလေသာတို့ကို တစ်စတစ်စ ပယ်ခွာနိုင်ခဲ့ပါသည်။

နာမ်ရုပ် ဖြစ်ပျက်အစုကြီးသည် ကြီးလာလိုက် သေးလာလိုက်ဖြစ်၍လာသည်။ ကြာလာသော် လှုပ်လှုပ်ဖြုတ်ဖြုတ် ရုပ်နာမ်အစုလေး သေးပြီး မျက်နှာအောက် ရောက်လာသလို ဖြစ်ပျက်အစုကလေးကို ဉာဏ်မှာ မြင်နေရသည်။

တစ်နေ့ ၂၀၀၆ခုနှစ်၊ တော်သလင်းလဆန်းပိုင်းတွင် အိမ်မှာတရားထိုင်နေစဉ် နာရီဝက်လောက် ရောက်ခါနီးတွင် အိပ်ငိုက်သလိုခေါင်းမှာ မကြည်ဘဲ သတိနှင့် ရုပ်နာမ် ဖြစ်ပျက်ကလေးများကို ဥပေက္ခာပြုပြီး ရှုနေပါသည်။ ၎င်းရှုနေစဉ်အတွင်း လေးထောင့်ပုံ ရှုကွက်များနှင့် နီးလိုက်ဝေးလိုက်နှင့် ဉာဏ်မှာ မြင်နေရသည်။ ဥပေက္ခာပြုပြီး ရှုနေစဉ် ခန္ဓာကိုယ်မှန်းသော ဉာဏ်ဖြစ်ပျက်များကို လွတ်မြောက်ချင်သောစိတ် ဖြစ်လာ၏။ ထိုအချိန်တွင် ပြောမပြတတ်အောင် နီးလိုက်ဝေးလိုက် ဖြစ်နေသော



လေးထောင့်ပုံရှုကွက် ကလေးသည် ချုပ်ပျောက်သွားသည်။ ခန္ဓာကိုယ်ကြီးသည် ပေါ့ပါးပြီး လန်းဆန်း၍ ငြိမ်ရှင်းသော အရသာနှင့်အကြာကြီး နေနိုင်ပါသည်။

ယင်းသို့ဖြစ်ပျက်မှုများ ချုပ်ပျောက်သွားသည်ကို တပ်ဦးကျောင်းဆရာတော် ဦးနန္ဒအား သွားရောက်၍ လျှောက်ပါသည်။ ဆရာတော်ကြီးမှ အကြိမ်ကြိမ် လေ့ကျင့်နိုင်းပြီး မဂ်အစစ်ဟုတ်လျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တပည့်တော်သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရောက်တာ ရတာ မှန်လျှင် (ကိုယ့်ဘာသာ နာရီမှန်းပြီး) (၃၀) မိနစ်ဖြစ်စေ နိဗ္ဗာန်ကို အာရုံပြုပြီး (၃)ကြိမ် ဆုတောင်း၍ အဓိဋ္ဌာန်ပြုနိုင်းပါသည်။

ဤကဲ့သို့ အဓိဋ္ဌာန်ပြုပြီး ကျွန်ုပ်လည်း (၁)နာရီ အဓိဋ္ဌာန်လိုက်ပါသည်။ နေနိုင်ပါသည်။ ဖြစ်ပျက်များ မရှိတော့ဘဲ နိဗ္ဗာန်ကို အာရုံပြု၍ ငြိမ်သက်ချမ်းသာကို တွေ့နေရပါ၏။ သို့သော်လည်း အပြင်မှ အသံလာလျှင် ကြားသိနေရပါသည်။ သွား၍တော့မကပ်ပါ။ ကြားကာမျှဖြစ်ပါ၏။

နောက်ပိုင်းတွင် တရားမထိုင်ဘဲ မနေနိုင်ပါ။ အိမ်တွင် တရားထိုင်သည့်နှစ်မှာ (၇)နှစ်ပင်ကြာခဲ့ပါသည်။ ဆရာတော်

Generated by CamScanner from intsig.com

ဦးနန္ဒ ကျောင်းရောက်မှ (၃)လအတွင်းတရားရခဲ့ပါသည်။ မည်သူမဆို တရားတကယ် အားထုတ်လျှင် တရားထူးကို တွေ့နိုင်သည်ဟုဆိုခြင်းကို ကျွန်ုပ်တို့ ယုံမှားမှု မရှိတော့ပါ။ လက်တွေ့ကျင့်သုံးပြီး အားလုံး တရားထူး တရားမြတ် ရကြစေရန် ရည်ညွှန်း၍ ရေးလိုက်ပါသည်။

(လက်တွေ့တွေ့ခြင်းသည် သံသယကင်း၏။ ရှင်း၏)

ယောဂီစန်းစန်းဌေး
၀၉-၉၁၀၃၅၀၁၂



## ဒေါက်တာ ခင်မြင့်ဌေး၏ ဘဝနိဒါန်း

၁၉-၁၀-၁၉၅၄ ခုနှစ်တွင် မကွေးတိုင်း၊ စလင်းမြို့တွင် အဘ ဦးမောင်ငယ်၊ အမိ ဒေါ်ခင်တင် မှ မွေးဖွားခဲ့ပါသည်။ မောင်နှမ (၇)ဦးအနက် စတုတ္ထမြောက်သမီးဖြစ်ပါသည်။ ၁၉၇၀-ခုနှစ်တွင် (၁၀)တန်း စာမေးပွဲအောင်မြင်ခဲ့ပြီး ဆေးတက္ကသိုလ် (မန္တလေး)တွင် ဆေးပညာများ သင်ကြားခဲ့ပါသည်။ ၁၉၇၇-ခုနှစ်တွင် ဆေးပညာဘွဲ့ (M.B.B.S) ကို ရရှိခဲ့ပါသည်။ ၁၉၉၈- ခုနှစ်တွင် ဆေးပညာ မဟာသိပ္ပံ (ဇီဝကမ္မ)ဘွဲ့ကို ရရှိခဲ့ပါသည်။ ယခုလောလောဆယ်တွင် ဆေးဝါးတက္ကသိုလ် မန္တလေး ဇီဝကမ္မဗေဒဌာန၌ ကထိက/ဌာနမှူး တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

## ဒေါက်တာ ခင်မြင့်ဌေး၏ တရားနိဒါန်း

ငယ်ရွယ်စဉ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသူဘဝများ၌ နွေကျောင်းပိတ်ရက် များတွင် မောင်နှမအားလုံး မင်္ဂလသုတ်၊ ဓမ္မစကြာသုတ်၊ ဓာရဏ ပရိတ်တော်နှင့် ပဋ္ဌာန်း ဒေသနာတော်များကို မိဘနှစ်ပါး၏ ညွှန်ကြားမှုဖြင့် အလွတ်ရအောင်ကျက်မှတ်ခဲ့ရပါသည်။ ထို့ပြင် နေ့စဉ်ညနေစာစားပြီးသည်နှင့် မိဘနှစ်ပါးနှင့်တကွ မွေးချင်း

Generated by CamScanner from intsig.com

အားလုံးသည် ဘုရားဝတ်တက်ရပါသည်။ ထိုသို့ ဘုရားဝတ်တက်ရာ၌ ငါးပါးသီလ ဆောက်တည်ပြီးသည်နှင့် ဥပုသ်နေ့တိုင်း ဓမ္မစကြာသုတ်ကိုလည်းကောင်း၊ အဖိတ်နေ့တိုင်း ပဋ္ဌာန်းဒေသနာ တော်ကိုလည်းကောင်း၊ ကျန်သည့်ရက်များတွင် စာရဏပရိတ်တော်များရွတ်ဖတ်ကြရပါသည်။ သို့ဖြစ်၍ ငယ်စဉ်ဘဝမှစ၍ ရတနာသုံးပါးကို ကြည်ညိုသဒ္ဓါပွားခြင်း အလေ့အထရရှိခဲ့ပါသည်။

၁၉၇၀ မှ ၁၉၈၁ ခုနှစ်အတွင်း မိုးကုတ်ဆရာတော်ဘုရားကြီး၏ သစ္စာလေးပါးတရားတော်များ၊ ခန္ဓာဉာဏ်ရောက် အလုပ်ပေးတရားတော်များကို မိဘနှစ်ပါးဖတ်ကြားခြင်း၊ နာယူခြင်းပြုလုပ်စဉ်တွင် တရားတော်များကို ကြားဖူးနားဝရှိခဲ့ပါသည်။

၁၉၈၁-ခုနှစ်မှစ၍ မိခင်ကြီးဖြစ်သူ ဒေါ်ခင်တင်သည် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးဓမ္မသာရ (ဆင်ဖြူကျွန်းဆရာတော်ဘုရား)တို့ ဟောကြားတော်မူခဲ့သော မိုးကုတ်ဝိပဿနာ တရားတော်များ ဖြစ်သည့်ခန္ဓာဉာဏ်ရောက်တရားတော်များ၊ သစ္စာလေးပါးတရားတော်များနာကြားစဉ် အတူတကွလိုက်၍ နာယူခြင်းဖြင့် သညာသိဖြင့် ခန္ဓာငါးပါး၊ ရုပ်နာမ်(၂)ပါးအကြောင်း၊ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ နှင့် ဥစ္ဆေဒဒိဋ္ဌိ အကြောင်းကို စတင်သိရှိခွင့် ရရှိခဲ့



ပါသည်။ ထို့ပြင် သံသရာ၏အပြစ်များ ဘဝ၏အပြစ်များကိုပါ သိရှိခွင့်ရရှိခဲ့ပြီး သံဝေဂဉာဏ်ရရှိခဲ့ပါသည်။ သို့သော်တရားအားမထုတ်ဖြစ်သေးပါ။

၂၀၀၁-ခုနှစ်၊ ဇွန်လ (၂၀)ရက်နေ့တွင် မိခင်ကြီးဆုံးပါးသွားပါသည်။ မိခင်ကြီးမှာ နှစ်ပေါင်း (၃၀)ခန့်မိုးကုတ်ဝိပဿနာတရားများ ပွားများအားထုတ်ခဲ့သူဖြစ်သည့်အတွက် ဘဝကူးကောင်းခဲ့သော်လည်း မိမိမှာမူ ဆောက်တည်ရာမရဖြစ်ခဲ့ပါသည်။ မနေတတ်မထိုင်တတ်ဖြစ်ခဲ့ပါသည်။ မိခင်ကြီး၏ပုံရိပ် အမြဲလွှမ်းမိုး နေခဲ့ပါသည်။ သို့ဖြစ်ပါ၍ မိခင်ကြီးဆုံးပါးပြီး လေးလအကြာ၊ ၂၀၀၁ ခုနှစ်အောက်တိုဘာလမှစ၍ မိခင်ကြီး ဖတ်ခဲ့သော၊ နှလုံးသွင်းခဲ့သောမိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်တရားတော်များ၊ သစ္စာလေးပါး တရားတော်များနှင့် ညအလုပ်ပေးတရားတော်များဖတ်ရှုခြင်း၊ နာယူခြင်းများပြုလုပ်ခဲ့ပါသည်။ ထို့ပြင်တရားထိုင် ခြင်းကို စတင်လုပ်ကိုင်ခဲ့ပါသည်။

ဘုရားနီဘုရားအတွင်းရှိ အာရုံခြောက်ပါးမှာရုံတွင် အလုပ်ပိတ်ရက်နှင့် အလုပ်ဖွင့်ရက် များတွင်လည်း တတ်နိုင်သလောက်အချိန်လုပြီး နေ့လည်(၁)နာရီမှ ညနေ(၄)နာရီအထိ၊ မိုးကုတ်ဆရာတော် ဘုရားကြီး၏ တရားတိပ်ခွေတော်များဖွင့်၍ တရားထိုင်ခြင်း

Generated by CamScanner from intsig.com

စတင်ပြုလုပ်ခဲ့ပါသည်။ သင်္ကြန်ရက်များတွင် (၇)ရက် စခန်းများဝင်ခြင်း ပြုလုပ်ခဲ့ပါသည်။

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့မှစ၍ အသိယောဂီတစ်ဦးကျေးဇူးဖြင့် တပ်ဦးဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်သို့ စတင်ရောက်ရှိခဲ့ပြီး၊ ဆရာတော်ကြီး ဦးနန္ဒ၏ ကမ္မဋ္ဌာန်းတရားများကို အားထုတ်ခဲ့ ပါသည်။ နေ့စဉ် နံနက်သွား၊ ညနေပြန်ဖြင့် ရက်ပေါင်း (၃၉)ရက် သွားရောက်ခဲ့ပြီး၊ စတင်သွားသည့်နေ့မှ (၄၅)ရက် အကြာ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်နေ့ နံနက် (၁၁)နာရီ (၃၀)မိနစ်ခန့်မှစ၍ တပ်ဦးကျောင်း ဓမ္မာရုံ၌ စတင် တရားထိုင်ရာတွင် ရှေးဦးစွာပရိကံပြုပါသည်။

ထို့နောက် နှာသီးဖျားကစောင့်၍ လေကိုပြင်းပြင်း ရှူပြီး လေနှင့်နှာခေါင်း ရပ်ထိတာကို သိလိုက်ပါသည်။ နောက် လေကိုရှူထုတ်လိုက်ပြီး လေနှင့်နှာခေါင်း ရပ်ထိတာကို သိလိုက်ပါသည်။ ထိုသို့ ဝင်လေထိသိ၊ ထွက်လေထိသိ ဟု ဆက်ရှုနေရာ ဝင်လေထိသိ၊ ထွက်လေထိသိတို့ ထင်ရှား၍ လာသောအခါ ထိတာရုပ်၊ သိတာနာမ်ဟု ရုပ်နှင့်နာမ်ကို ခွဲခြားကြည့်ပေးပါသည်။

ထို့နောက် လေကိုရှူလိုက်သည်နှင့် နှာသီးဖျားမှာ



ထိသိပေါ်လာသည်က အဖြစ်၊ အရှူရပ်လိုက်လို့ နှာသီးဖျားမှာ ထိသိပျောက်သွားတာသည်က အပျက်ဟုရှုပါသည်။ အလားတူပင် လေကိုရှူထုတ်လိုက်သည်နှင့် နှာသီးဖျားမှာ ထိသိပေါ်လာတာကို အဖြစ်၊ ရှူထုတ်လာရပ်လိုက်လို့ ထိသိပျောက်သွားတာကို အပျက်ဟု ရှုပြီး 'ဝင်လေထိသိကုန်ပြီ' 'ထွက်လေထိသိကုန်ပြီ' ဟု ရှုပါသည်။

ထို့နောက်ဝင်လေသည် နှာသီးဖျားကို ထိတာကိုသိပြီး၊ ၎င်းထိသိပျောက်တာကို မြင်အောင်ကြည့်၍ 'ဝင်လေထိသိ တစ်သုတ်ကုန် အနိစ္စ' ဟုလည်းကောင်း၊ ထွက်လေကိုလည်း ထိသိပျောက်တာကို မြင်အောင်ကြည့်ပြီး၊ 'ထွက်လေထိသိ တစ်သုတ်ကုန် အနိစ္စ' ဟုရှုပါသည်။

ထိုသို့ ရှုပြီးတစ်ကိုယ်လုံးကို ခြုံပြီးရှုနေရာ၊ ခေါင်း၊ ခါး၊ ခြေ၊ လက်စသည့် ဒြပ်သဏ္ဌာန်တို့အကုန် ပျောက်၍ အပူလုံးကြီးအဖြစ်ရှိနေ၏။ ယင်းအပူလုံးကြီးထဲ၌ လှုပ်ရှဖြစ်ပျက်များသည် အလွန်လျင်မြန်နေပြီး ရှုဉာဏ်သည် လိုက်၍မမှီဖြစ်နေပါသည်။ ဆက်၍ရှုနေရာ ဖြစ်ပျက်များကို အလင်းတန်းအသေးလေးတစ်ခုအဖြစ် ဉာဏ်၌တွေ့ရ၏။ ၎င်းကိုဆက်ရှုနေရာ ဖြစ်ပျက်များကို မုန်းသောဉာဏ်၊ ဖြစ်ပျက်များမှ လွတ်မြောက်လိုသော ဉာဏ်များ ဖြစ်ပေါ် နေပါသည်။ ထို့နောက် ဖြစ်ပျက်များကို ဥပေက္ခာပြုပြီး

Generated by CamScanner from intsig.com

'တစ်သုတ်ကုန် အနိစ္စ' 'တစ်သုတ်ကုန် အနိစ္စ' ဟု ရှုနေရာ အတန်ကြာသောအခါ ဖြစ်ပျက်များချုပ်ပျောက်သွားပါသည်။ ငြိမ်းသည့်အရသာလည်း ပေါ်လာပါသည်။

ယင်းသို့ ဖြစ်ပျက်များချုပ်သွားသည်ကို တပ်ဦးကျောင်းဆရာတော်ကြီးအား သွားလျှောက်ပါသည်။ ဆရာတော်ကြီးက အကြိမ်ကြိမ်ပြန်၍လေ့ကျင့်ခိုင်းပါသည်။ အကြိမ်ကြိမ်ပြန်၍ရှုရာတွင် ဖြစ်ပျက်များသည် ရံဖန်ရံခါ ချုပ်သွားပြီး တစ်ခါတစ်ရံတွင် ဥပေက္ခာပြု၍ရှုနေပါသည်။

ယင်းနောက်ပိုင်းတွင် တရားမထိုင်ရရင် မနေနိုင်ဘဲ နေ့စဉ်တရားထိုင်ခြင်း ပြုလုပ်ပါသည်။ ရတနာသုံးပါးကိုလည်း အထူးကြည်ညိုသည့်စိတ်များ ပေါ်လာပါသည်။

တရားအားထုတ်လျှင် တရားထူးတွေ့နိုင်သည်ဟု ဆိုခြင်းကို ယုံမှားမရှိတော့ပါ။ ရှင်း၍သွားပါပြီ။

ယောဂီခင်မြင့်ဌွေး
ဖုန်း၊ ၀၉-၂၀၀၁၃၁၆



## ယောဂီစန်းစန်းတင်၏ဘ၀နိဒါန်းနှင့် တရားမှတ်တမ်း

ကျမအမည်က မစန်းစန်းတင်ဖြစ်ပါသည်။ အဖ ဦးမောင်ညွှန့်၊ အမိ ဒေါ်စန်းကြည်ဖြစ်ပါတယ်။ ကျမရဲ့ ဖခင်နှင့်မိခင်ဟာ ပတ္တမြားရိပ်သာ ဆရာတော်ထံမှာ တရားအားထုတ်လာခဲ့ရင်းနှင့် သေဆုံးသွားခဲ့ပါသည်။ ဆရာတော်မှ မိန့်တော်မူပါတယ်။ နင်တို့အမေ နလုံးသွင်းမှန်သွားတယ်လို့ ပြောပါတယ်။ တရားနလုံးသွင်းရင်းနဲ့ ဝိညာဉ်ချုပ်သွားတာကို မျက်မြင်တွေ့ခဲ့ရပါတယ်။ အဖေ အမေ ပေးခဲ့သော တရားအမွေကို ဆက်ခံရင်းနဲ့ ကျမလည်း စားဝတ်နေရေးအတွက် အလုပ်လုပ်ရင်းနှင့် တရားစခန်းကို တစ်နှစ် ၂ ကြိမ် ၃ ကြိမ် အားထုတ်ခဲ့ပါတယ်။ မိဘရဲ့ကျေးဇူးကြောင့် တရားအားထုတ်တာကို ဝါသနာပါခဲ့ပါတယ်။

တရားအားထုတ်ရင်းနဲ့ အပယ်ငရဲမှ လွတ်ပြီး နိဗ္ဗာန်ရောက်ရန်အတွက် ရည်မှန်းချက်ထားခဲ့ပါတယ်။ အသက်(၂၀)လောက်ထဲက တရားစခန်းကို နှစ်စဉ်ဝင်လာခဲ့ပေမဲ့ ကိုယ့်ကိုယ်ကို အားမရခဲ့ပါဘူး။ မိခင်ဆုံးပြီးတော့လည်း တရားစခန်းကို ဝါတွင်းမှ (၄)ကြိမ်ဆက်တိုက် တရားစခန်းဝင်ရင်းနှင့် တရားရိပ်နဲ့ နေလာခဲ့ပါတယ်။ ဒီလိုနဲ့ တရားရခြင်းဖောနဲ့ ပြင်ဦးလွင်မှာ ၂၀၁၀၊ ၉ လပိုင်းမှာ

တစ်လရက်ရှည်အားထုတ်မယ်ဆိုပြီး သွားခဲ့ပါတယ်။ ၂၂ ရက်နဲ့ ပြန်ခဲ့ပါတယ်။ နလုံးမှ ထိတ်လန့်သလို ဖြစ်တာကြောင့် ပြန်လာခဲ့ပါတယ်။ ထူးခြားတာကတော့ ဒီဘဝမှာဘဲ ကိုယ့်ကိုယ်ကို တရားထူးရမယ်လို့ ယုံကြည်ချက်ဖြစ်လာပါတယ်။

မန္တလေးပြန်ရောက်တော့ ဓမ္မမိတ်ဆွေ အန်တီညိုကို ပြောပြတဲ့အခါ တပ်ဦးကျောင်းဆရာတော်နဲ့ ဆွေးနွေးကြည့်ပါ၊ စစ်ဆေးကြည့်ပါလို့ပြောပါတယ်။ ၂၀၁၀ခု၊ ၁၀ လပိုင်းမှာ တပ်ဦးကျောင်းဆရာတော် ဦးနန္ဒထံ မွန်းလတ်ဆွမ်းချိုင့်ပို့ရင်းနဲ့ တရားအားထုတ်ခဲ့တဲ့ အတွေ့အကြုံလျှောက်ပါတယ်၊ ဆရာတော်မှ မိန့်ပါတယ်။ နင်တို့အားထုတ်တာ ဉာဏ်မပါလို့ဟု ပြောပါတယ်။ ဉာဏ်ပေါ်အောင်တွေးရတယ်လို့ ပြောပါတယ်။ ဘာ့ကြောင့် နှာခေါင်းက အသက်ရှူရတာလဲ၊ မရှူရင်သေမှာ၊ ဘာလို့ ထမင်းစားရတာလဲ၊ မစားရင်သေမှာ၊ ဆင်းရဲလို့စားရတာလို့ပြောပါတယ်။ စိတ်ဆိုး စိတ်ညစ်ဖြစ်ဖူးလားလို့ မေးပါတယ်၊ ဖြစ်ဖူးတယ်လို့ဖြေလိုက်ပါတယ်။ စိတ်ဆိုးစိတ်ညစ်တာကောင်းလား ၊ မကောင်းဘူးလား၊ ဘုန်းဘုန်းကမေးလိုက်တော့မှ ဉာဏ်က စဉ်းစားတတ်သွားပါတယ်။ ဆရာတော်က မိမိစိတ်ကို ကြည့်လိုက်တဲ့အခါ စိတ်ဆိုးစိတ်ညစ်ဒေါသစိတ်ဖြစ်လျှင် ဒေါသဖြစ်တယ်၊



ဒေါသဖြစ်တယ်လို့ ရှုမှတ်ပါဟု မိန့်မှာပါတယ်။

ကျမအိမ်ပြန်ရောက်တဲ့အခါ ကိုယ့်စိတ်ကို ကြည့်မိပါတယ်။ တစ်နေ့မှာ ကျမတူမတွေကို ဆုံးမတဲ့အသံဟာ ဒေါသနဲ့ပြောနေတာကို သိလိုက်တဲ့အခါမှာ ဒေါသဖြစ်နေတယ်၊ ဒေါသဖြစ်နေတာပါလားလို့ စိတ်စိုက်ပြီး ရှုမှတ်လိုက်တာ ရင်ချိုင့်မှာ ပူနေတာကို ခံစားရပါတယ်၊ ရှုမှတ်လိုက်တဲ့အခါ ပူတာမရှိတော့တာကို သိလိုက်ရပါတယ်။ အရမ်းအံ့ဩသွားပါတယ်။ ပူရာကနေ မပူတော့တာကို ဉာဏ်မှ သိမြင်လိုက်ရပါတယ်။

ဒေါသကိုရှုမှတ်ပြီး နောက်တစ်ခေါက်သွားတဲ့အခါ ဆရာတော်ဟာ နှာသီးဖျားမှ လေပြင်းပြင်း ရှူရှိုက်ပြီး လေအထိ ထင်ရှားတဲ့နေရာကနေ စောင့်ပြီး လေရှုလိုက်တာနှင့် ထိတဲ့နေရာမှာ အေးတာကို သိရမယ်။ အဲဒီ ထိတာနဲ့ သိတာကို ဝင်လေထိသိ ဟုရှုမှတ်ရပါတယ်၊ ထွက်လာတဲ့လေကလည်း နှာသီးဝမှာ နွေးတာကို သိရမယ်ဆိုပြီး ဓမ္မာရုံမှာ တစ်ခါတည်း တရားရှုမှတ်ရပါတယ်။ ၁၀ မိနစ်လောက် ရှုမှတ်ပြီးတဲ့အခါ ဆရာတော်က ဝင်လေထိတာနဲ့ ထွက်လေထိတာ ထင်ထင်ရှားရှားတွေ့လားလို့ မေးပါတယ်၊ တွေ့ရင် ထိတာက ရုပ်၊ သိတာကနာမ်ဟု ရုပ်နာမ် ကိုခွဲပေးပါတယ်။ ကျမလည်း ယခုမှ ရုပ်နာမ်ကို ပိုင်ပိုင်ခွဲတတ်ပါတော့တယ်။

Generated by CamScanner from intsig.com

နောက်တစ်ရက်သွားတဲ့အခါ ဆရာတော်ဟာ လေရှူလိုက်လို့ နှာသီးဖျားမှာ ထိသိပေါ်လာတာသည်အဖြစ်၊ အရှူရပ်လို့ ထိသိပျောက်သွားတာကအပျက်ဟု ရုပ်နာမ် ဖြစ်ပျက်ကို နှာသီးဖျားမှာ စောင့်၍ ရှုရပါသည်။

နောက်တစ်ခေါက်သွားတဲ့အခါ ရုပ်နာမ်တို့၏ အကြောင်းအကျိုးဆက်စပ်ဖြစ်ပုံကို မြင်အောင်ရှု့ကြည့် နိုင်းပါသည်။ ဘာ့ကြောင့်ထမင်းစားရတာလဲ ၊ သေမှာ ကြောက်လို့၊ သမုဒယကြောင့် ဒုက္ခဖြစ်နေပါလားဆိုတာ အတွေးပေါ်လာပါတယ်။ ဆိုင်ကယ်နှင့် အလုပ်သွားရင်လည်း ဒီခန္ဓာရဲ့ စားဝတ်နေရေး အတွက် သွားရတာ သမုဒယကြောင့် ဒုက္ခ၊ ထမင်းစားဖို့အတွက် ချက်ပြုတ်ထုထောင်းလုပ်နေရင်လဲ သမုဒယသစ္စာ အကြောင်းကြောင့် ဒုက္ခသစ္စာပါလားဆိုတာ ဉာဏ်မှာပေါ်လာပါတယ်။ ဉာဏ်နှင့် ခြုံကြည့်လိုက်တော့ ချမ်းသာမလိုလိုနဲ့ ဆင်းရဲတာကို တွေ့ရပါတယ်။ဒါ့ကြောင့် ဒီရုပ်နာမ်ကြီးဟာ ဒုက္ခသစ္စာပါလားလို့ ရှုမှတ်လိုက်ပါတယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာပြုလုပ်မှု ကမ္မဘဝ အနာဂတ် ဒုက္ခသစ္စာ ဤအချက်ကို ဉာဏ်မှာ ထင်မြင်အောင် ရှုမှတ်ရပါတယ်။

နောက်တစ်ခေါက်သွားတဲ့အခါမှာ မျက်နှာ တစ်ခုလုံးကိုလည်းခြုံကြည့်၊ ပုခုံးမှ ရင်ဘတ်တစ်ခုလုံး ကိုလည်းခြုံကြည့်၊ လက်ဖဝါးနှစ်ဖက်ထပ်တဲ့ အပေါ်လည်းခြုံကြည့်ဆိုပြီး ခမ္မာရုံမှာချက်ခြင်း တရားထိုင်ရပါတယ်။ တရားရှုမှတ်ပြီးထွက်လာတော့ တရားစစ်မေးပါတယ်။ မျက်နှာမှာလည်းအကောင်တက်သလို ရွရွလေးတွေဖြစ်တယ်။ ရင်ဘတ်မှာလဲ မွမွရွရွလေးဖြစ်ပြီး လက်နှစ်ဖက်ကလည်း စီးစီးလေးဖြစ်တယ်လို့ ဖြေလိုက်ပါတယ်။ အေးပြောတဲ့အတိုင်း ဖြစ်ရင်တော့ ကောင်းတယ်လို့ ဆရာတော်မှ မိန့်တော်မူပါတယ်။

အိမ်မှာ တစ်ကိုယ်လုံးခြုံပြီးရှုခဲ့နိုင်းပါတယ်။ ပူ၊ အေး၊ ယား၊ နာ၊ တောင့်တင်းတာတွေ့လျှင် ဖောက်ပြန်တယ်၊ ဖောက်ပြန်တယ်လို့ ရှုမှတ်၊ ခြုံကြည့်တဲ့အခါ ဆင်းလိုက် တက်လိုက်မလုပ်ရဘူးလို့လဲမှာပါတယ်။ စိတ်တွေပျံ့လွင့် နေလည်း မဆွဲထားနဲ့၊ သိတာနဲ့ စိတ်ဖောက်ပြန်တယ်၊ ဖောက်ပြန်တယ်လို့ ရှုဆိုပြီး မိန့်တော်မူပါတယ်။ ဆရာတော်မိန့်မှာတဲ့အတိုင်း အိမ်ဘုရားခန်းမှာ တစ်ကိုယ်လုံး ခြုံပြီးရှုမှတ်တဲ့အခါ ခန္ဓာကိုယ်မှာ လှုပ်လှုပ်ရွရွယားတာကို ခံစားသိလိုက်တဲ့အခါ ဖောက်ပြန်တယ်၊ ဖောက်ပြန်တယ်ဆိုပြီး ရှုမှတ်ပါတယ်။

နောက်တစ်ခေါက် ဆရာတော်ဆီ ကမ္မဋ္ဌာန်း သွားယူတဲ့အခါ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ ပညတ်လွှတ်ပြီး



Generated by CamScanner from intsig.com

ရှုမှတ်နိုင်းပါတယ်။ ကျမ ယခုမှဘဲ ခေါင်း၊ ခါး၊ ခြေ၊ လက်သည် ပညတ် ပူ၊ အေး၊ ယား၊ နား တောင့်တင်း တာတွေသည် ပရမတ်ဆိုတာ ကွဲကွဲပြားပြားသိသွားပါတယ်။

တစ်ကိုယ်လုံးမှာရှိတဲ့ လှုပ်လှုပ်ရွရွ ရုပ်နာမ်ဖြစ်ပျက်တွေကို ခြုံပြီးတော့ကြည့်ရပါတယ်။ အားစိုက်ပြီး မမှတ်ရပါဘူး။ ညစဉ် ဘုရားခန်းမှာ ရှုမှတ်ပါတယ်၊ တစ်ခါတလေ တီဗွီထိုင်ကြည့်ရင်းနဲ့ လှုပ်လှုပ်ရွရွရုပ်နာမ်ဖြစ်ပျက်တွေ တဖွားဖွားပေါ်နေတာကို ဉာဏ်မှ သိသိနေပါတယ်။ သိလိုက်တိုင်းမှာ ရုပ်နာမ်ဟာဖောက်ပြန်နေပါလား၊ ဖောက်ပြန်နေတယ်လို့ ရှုမှတ်ပါတယ်။

နောက်တစ်ခေါက် ကမ္မဋ္ဌာန်းယူတဲ့အခါ လှုပ်လှုပ်ရွရွရုပ်နာမ်တွေဟာ တစဉ်တတန်းထဲမဟုတ်ဘူး၊ ပျက်တာကို မြင်အောင်ကြည့်၊ သိတာနဲ့ မရှိတော့ဘူး၊ ကုန်သွားပြီ၊ ကုန်ပြီလို့ ရှုဟု ဆရာတော်မှ မိန့်ပါတယ်။ ကျမလည်း အိမ်ဘုရားခန်းမှာ တစ်ကိုယ်လုံး ခြုံပြီး ရှုမှတ်တဲ့အခါ လှုပ်လှုပ်ရုပ်နာမ်ဖြစ်ပျက်တွေ ကိုယ်တစ်ခုလုံး တဖွားဖွား ပေါ်ပါတယ်၊ သိလိုက်တာနဲ့ကုန်သွားပြီ၊ ကုန်ပြီဆိုပြီး ရှုမှတ်ပါတယ်။

(၁၇-၂-၂၀၁၁) နေ့တွင် ရွှေကျီးမြင်ဓမ္မာရုံမှာ



မီးငြိမ်းတရားစခန်းမှာ သွားပြီးတရားဝင်ပါတယ်။ ဒါပေမဲ့ ဆရာတော် ဦးနန္ဒရဲ့ ရှုမှတ်ရတဲ့ တရားအစဉ်နဲ့ဘဲ ဆက်ထိုင်ခဲ့ပါတယ်။ ရွှေကျီးမြင်မှာ တရားပြတဲ့ ဆရာတော်ရဲ့ ရှု့ကွက်နဲ့ဆိုရင်ရှုတ်ကုန်မှာစိုးသည့်အတွက် တပ်ဦးကျောင်း ဆရာတော်ရဲ့ တရားစဉ်အတိုင်း တစ်ကိုယ်လုံးခြုံပြီး ရှု့ပါတယ်။ တစ်ကိုယ်လုံးခြုံပြီးကြည့်တဲ့အခါ လှုပ်လှုပ်ရုပ်နာမ်ပေါ်တိုင်း ကုန်သွားပြီ၊ ကုန်ပြီ၊ စကြံန်လျှောက်ရင်လဲ တစ်လှမ်းပြီး တစ်လှမ်း ကုန်ပြီဆိုပြီးရှု့မှတ်ပါတယ်။

(၁၈-၂-၂၀၁၁) နံနက် (၇)နာရီမှာ တစ်ကိုယ်လုံး ခြုံပြီးရှု့မှတ်ပါတယ်၊ လှုပ်လှုပ်ရုပ်နာမ်တွေကုန်ပြီ၊ ကုန်ပြီ ရှု့လာလိုက်တာ ဖြတ်ကနဲ ဘယ်လိုဖြစ်သွားလဲဆိုရင် သတိရလို့ သိလိုက်တဲ့အချိန်မှာ ခေါင်းထဲမှာ ရှင်းသွားတာမှ ပြောင်ရှင်းသွားတာ တံမြက်စည်းလှည်းတာကမှ ကျန်အုံးမယ်။ အဲဒီလိုခံစားရတယ်၊ ပြီးတော့ မျဉ်းကြောင်းလေးနဲ့ လမ်းခြားထားသလို ဘဝခြားသွားသလိုခံစားရတာ၊ လျှပ်စီးလက်သလိုဘဲ ဖြတ်ကနဲ ဖြစ်သွားတာ ထူးခြားမှု တစ်ခုဆိုတာ သိလိုက်ရတယ်၊ တရားလဲဖြုတ်ပြီးတော့ ကျမညီမကိုပြောပြတယ်၊ ဒီလိုဘဲထူးတယ်လို့ပြောတော့ ကျမညီမက အမနောက်တစ်ချိန်မှာ အဓိဋ္ဌာန်ပြုကြည့်လို့ ပြောပါတယ်။

Generated by CamScanner from intsig.com

နောက်တစ်ချိန်ထိုင်တော့ အဓိဋ္ဌာန်ပြုလိုက်ပါတယ်၊ စိတ်ထဲကနေဘယ်လိုထူးခြားမှုတွေပြမလဲဆိုတဲ့ သိချင် စိတ်နဲ့ မျှော်လင့်မိပါတယ်၊ ကိုယ့်စိတ်ကမျှော်လင့်နေတာပါလားလို့ သိသိရှု့လိုက်တဲ့အခါ လျှာပေါ်မှာ တံတွေး မျိုမချခင် ရုပ်နာမ်ချုပ်သွားပါတယ်၊ မျက်တောင် ၃ ချက်ခတ်လောက်ဘဲ ကြာတယ်၊ လဟာပြင်ကဲ့သို့ ငြိမ်ပြီးရှင်းနေတာကို ခံစား လိုက်ရတယ်၊ စိတ်ထဲမှာလဲ အေးပြီးကြည်ပြီးရှင်းနေတာဘဲ၊ အဲဒီနေ့ညနေမှာဘဲ ဆရာတော်ကို သွားပြီးလျှောက်ပါတယ်။

ဆရာတော်မှ အဓိဋ္ဌာန်ပြုခိုင်းပါတယ်၊ ဆရာတော် မိန့်မှာတဲ့အတိုင်းလှုပ်လှုပ်ရုပ်နာမ်တွေ ၅ မိနစ် ရုပ်နား ပါစေဆိုပြီး ခြုံထိုင်ပါတယ်။ လှုပ်လှုပ်ရုပ်နာမ်တွေဟာ တဖြေးဖြေးနဲ့ စိပ်ရာမှ ကျဲကျဲလာပြီး ချုပ်သွားပါတယ်၊ ရုပ်နာမ်ချုပ်တာကို နောက်နာမ်က သိသိနေပါတယ်။ ကျမဘဝမှာ တစ်သက်မမေ့နိုင်ပါဘူး၊ စိတ်ထဲမှာ ဘယ်လိုခံစားရလဲ ဆိုရင် ဒီလို တရားအရသာမျိုးကို စိန်၊ ရွှေ၊ ရတနာ၊ ငွေကြေးချမ်းသာတွေနဲ့လဲမယ်ဆိုရင်တောင် မလဲနိုင်ပါဘူး။

ဒါ့ကြောင့် ဝိပဿနာ လမ်းကြောင်းပေါ်ရောက်အောင် ပြုပြင်ပေးတဲ့ကမ္မဋ္ဌာန်းပြပေးသော တပ်ဦးကျောင်းဆရာတော်ကို



အထူးကျေးဇူးတင်ရှိပါသည်။

မစန်းစန်းတင်
၉/မနမ(နိုင်) ၀၄၆၀၇၉
၁၇× ၁၈ကြား၊ ၈၂လမ်း၊ ကသဲဝင်း
ဖုန်း-၀၉-၄၃၁၀၀၄၄၅

Generated by CamScanner from intsig.com

## ဆရာလေးမယုသီဂီ၏ဘဝနိဒါန်း

တပည့်တော်သည် မန္တလေးတိုင်း၊ မြစ်ငယ်မြို့ ဇာတိဖြစ်ပြီး ခမည်းတော် ဦးမြသောင်း၊ မယ်တော် ဒေါ်ခင်တင့် တို့မှ ကောဇာ သက္ကရာဇ် ၁၃၃၁ ခုနှစ်၊ ကဆုန်လဆန်း (၈)ရက်နေ့တွင် အမွှာညီအမအဖြစ် မွေးဖွားခဲ့ပါသည်။ ဆရာလေးသည် အမွှာညီအစ်မအနက် အငယ်ဖြစ်ပါသည်။ မွေးချင်းမောင်နှစ်မခြောက်ယောက် အနက် ပဉ္စမမြောက် သမီးရတနာဖြစ်ပါသည်။

## ဆရာလေးမယုသီဂီ၏ ဓမ္မနိဒါန်း

ဆရာလေးသည် ငယ်ရွယ်စဉ် စဉ်းစားတတ်သည့် အရွယ်မှစ၍ လူတွေဖြစ်လာရပုံ၊ ကျွဲ၊ နွား၊ တိရိစ္ဆာန်များ ဘာကြောင့်ဖြစ်ရပုံတို့ကိုအလွန်သိချင်ခဲ့ပါသည်။ ဆရာလေး (၆)တန်းအရွယ်တွင် မယ်တော်၏ဖခင် (အဘိုး)ဆုံးပါး ခဲ့ပါသည်။ အဘိုးကို သုသာန်သို့ လိုက်ပို့စဉ်အခါ အဘိုးနှင့် ရာသက်ပန်ခွဲရပြီဟူသော အသိဖြင့် အလွန်ဝမ်းနည်းပြီး အငို မတိတ်နိုင်အောင်ဖြစ်ခဲ့ပါသည်။ သုသာန်သို့ရောက်သောအခါ အဘိုးကို မြေကျင်းထဲသို့ထည့်၍ အပေါ်မှ မြေကြီးများဖြင့် ဖုံးအုပ်သောအခါ အဘိုးကဲ့သို့ သေပြီးမြေမြှုပ်ခံရမည်ကို



အလွန်ကြောက်ခဲ့ပါသည်။ ထို့နောက်အိမ်နီးနားချင်း သူငယ်ချင်းတစ်ယောက်သီလရှင်ဒုလ္လဘဝတ်သည် ကိုမြင်သောအခါ အလွန်သီလရှင်ဝတ်ချင်ခဲ့ပါသည်။ မိဘများကို ပူဆာသောအခါ ခွင့်မပြုသဖြင့် မဝတ်ခဲ့ရပါ။ မိဘများသည် မိုးကုတ်ဆရာတော်ကြီးတရားတော်များကို လိုက်စားကြပါသည်။

ဆရာလေး ဆယ်တန်းနှစ်ရောက်သောအခါ မယ်တော်နှင့်အတူ မိုးကုတ်ရိပ်သာတစ်ခုတွင် (၁၀)ရက် တရားစခန်းဝင်ခဲ့ပါသည်။ (၁၀)ရက် ပြည့်သောအခါ အိမ်မပြန်ချင်တော့ဘဲ သီလရှင်ဝတ်ရန် မယ်တော်ထံတွင် ခွင့်တောင်းခဲ့ပါသည်။ မယ်တော်သည် ခမည်းတော်ကဆူလိမ့် မည်ဟုပြော၍ အိမ်သို့ပြန်လိုက်ခဲ့ရပါသည်။ ဆရာလေးသည် ၁၉၉၀ ခုနှစ်တွင် ၁၀ တန်းအောင်ပြီး ၁၉၉၅ ခုနှစ်တွင် တက္ကသိုလ်မှ ပထဝီဘာသာဖြင့် ဘွဲ့ရခဲ့ပါသည်။ ဘွဲ့ရသောအခါတွင် ဆရာလေး၏ အသက်မှာ (၂၅)နှစ်ရှိပါပြီ။ ဘွဲ့ရပြီးသောအခါသီလရှင်ဝတ်ရန် မိဘများထံခွင့် တောင်းပြန်ပါသည်။ မိဘများသည် သီလရှင်ဝတ်နှင့် မပျော်လျှင် လူပြန်ထွက်သည့်အခါ သီလရှင်လူထွက်ဟု သူများကဲ့ရဲ့မှာကြောက်၍ ခွင့်မပြုခဲ့ပါ။ ဘွဲ့ရသောအခါလည်း အလုပ်မလုပ်စေဘဲ အိမ်မှာ အားလပ်နေခဲ့ပါသည်။ ထိုအခါ

အိမ်နီးနားချင်းများနှင့် ကျောက်ဆည် မိုးကုတ်ရိပ်သာသို့ (၇)ရက်တရားစခန်းဝင်ခဲ့ပါသည်။ ပြန်ရမည့်ရက်နီးလေ မပြန်ချင်လေဖြစ်ခဲ့ပါသည်။

တရားစခန်းဝင်ရင်းအိမ်နီးနားချင်း အဒေါ်ကြီးများမှ ဘွဲ့ရပြီးအလုပ်မလုပ်ဘဲ မနေသင့်ကြောင်း အိမ်ပြန်ရောက်လျှင် မိဘများကို နားလည်အောင်ပြောပြီး အလုပ်လုပ်ရန် တိုက်တွန်းခဲ့ပါသည်။ ထိုသို့ဖြင့် အိမ်ပြန်ရောက်သောအခါ မိဘများကို နားလည်အောင်ပြောပြီး မန္တလေးမြို့ ကုမ္ပဏီများတွင် အလုပ်လုပ်ခဲ့ပါသည်။ အလုပ်လုပ်ရင်း ၂၀၀၁ ခုနှစ်တွင် အိမ်ထောင်ကျခဲ့ပါသည်။

ထိုသို့ အိမ်ထောင်ကျ ခဲ့သော်လည်း သီလရှင် ဝတ်ချင်စိတ်သည် ပြန်ပြန်ပေါ်လာခဲ့ ပါသည်။ သမီးရရန် အကြောင်းဖန်လာသောအခါ အလွန်ပင် ဝမ်းနည်းခဲ့ပါသည်။ ငါသည်ဘယ်သောအခါမှ သီလရှင်ဝတ် ရတော့လိမ့်မည် မဟုတ် ကလေးတစ်ယောက် ရတော့မည်ဟု စိတ်ကို ဒုံးဒုံးချခဲ့ပါသည်။ ငါသည် ဘဝသံသရာ၌ မျောရလိမ့်အုံး မည်ဟုတွေးရင်းတွေးရင်းဝမ်းနည်းခဲ့ပါသည်။ သမီးလေးကို ၂၀၀၃ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ သံယောဇဉ်များမည်ကို အလွန်ကြောက်၍ နောက်ထပ်ကလေး မယူခဲ့ပါ။



သို့သော် ရလာသောသမီးလေးကို အလွန် ချစ်ပါသည်။ သမီးလေး ၂ နှစ် ၃ နှစ်အရွယ်တွင် သီလရှင်ဝတ်ချင်သည့် စိတ်သည် အမြဲစေ့ဆော်နေခဲ့ပါသည်။ သူငယ်ချင်းများကိုလည်း အမြဲပြောဖြစ်ပါသည်။ ထိုအခါ သူငယ်ချင်းများက ကလေးတစ်ယောက်ရနေသည့်အတွက် ဘယ်လိုမှ မဖြစ်နိုင်ကြောင်း ပြောပါသည်။ ဆရာလေးလည်း ဟုတ်ပါသည်မဖြစ်နိုင်ပါဘူးဟုစိတ်ကို သာလျှော့၍ နေခဲ့ပါသည်။ သို့သော် သမီး (၄)နှစ်အရွယ်ရောက်သောအခါ သီလရှင်ဝတ်ရန် အချိန်တန်ပြီဟုထင်ပါသည်။ သီလရှင် ဝတ်ချင်သည့်စိတ်သည် ထိန်း၍မရတော့ပါ။ စီးပွားရေး လုပ်ငန်းများတွင်လည်းစိတ်မပါတော့ပါ။ သံသရာမှ လွတ်ရာလွတ်ကြောင်းကိုသာ အလွန်ရှာဖွေချင်ပါသည်။

သို့နှင့် ဒကာကြီးကိုခွင့်ပန်သောအခါ သဘော ကောင်းသူ ဖြစ်သည့်အလျောက် အတင်းအကြပ် မတားသော်လည်း မဝတ်စေချင်ပါ။ သူသည် ယောကျ်ားတစ်ယောက် ဖြစ်သည့်အတွက် ဒေါင်ကျကျ ပြားကျကျမပူပင်သော်လည်း သမီးလေးအတွက် နောက်ဆံအလွန်တင်းပါသည်။ ထို့ကြောင့် သမီးနှင့်အတူ သီလရှင်ဝတ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ဆရာလေးသည် ငယ်ရွယ်စဉ်က ပါဠိစာပေများကို မြန်မာလိုအလွန် သိချင်ပါသည်။ မိဘများတားမြစ်မှုကြောင့်

Generated by CamScanner from intsig.com

တစ်ကြောင်း၊ ဆရာလေး၏ ပါရမီနည်းမှုကြောင့်တစ်ကြောင်း သီလရှင်ဝတ်ခွင့် မရခဲ့သောကြောင့် သမီးလေးကို ငယ်ဖြူစာတတ်သီလရှင်အလွန်ဖြစ်စေချင်ခဲ့ပါသည်။ သို့နှင့် သမီး (၄)နှစ်အရွယ်တွင် သီလရှင်ဝတ်ရန် စီစဉ်ခဲ့ပါသည်။

သို့သော်လည်းခမည်းတော်ကြီးသည် ကလေးသည် ငယ်သေး၍ ဝတ်ခွင့်မပြုနိုင်ကြောင်းပြောသောအခါ အလွန်ဝမ်းနည်း၍ ငိုခဲ့ရပါသည်။ ဆွမ်းဆန်ခံလာသော ဆရာလေးများကို မြင်လျှင် အလွန်အားကျပါသည်။ မိဘစကားကို သေတပန်သက်တဆုံးနားထောင်ခဲ့ရသောကြောင့် သမီး (၄)နှစ်တွင် သီလရှင်ဝတ်ခွင့်မရခဲ့ပါ။ သို့သော် သမီး (၅)နှစ်အရွယ်တွင် မည်သူတားတား မရနိုင်ကြောင်းသီလရှင် ဖွတ်ဝတ်မည်ဖြစ်ကြောင်းပြောပြ၍ သမီး (၅)နှစ်ပြည့်ရန် စောင့်ဆိုင်းခဲ့ပါသည်။

သမီး (၅)နှစ်ပြည့်ခါနီးတွင် သီလရှင်ဝတ်တော့မည် လုပ်သောအခါ ဒကာကြီးမှ ဆရာလေး၏ ယောက္ခမကြီးကို ရွာမှ ခေါ်၍တားခိုင်းပါသည်။ ယောက္ခမကြီးသည် သူ၏သားကိုမထားခဲ့ရန် အမျိုးမျိုးတားရှာပါသည်။ ဆရာလေးလည်းခပ်မဆိတ်ပင်နေခဲ့ပါသည်။ ခမည်းတော်ကြီးကလည်း သီလရှင်ဝတ်နှင့်မပျော်၍ ပြန်ထွက်လာသည့်အခါ စီးပွားရေး၊ လူမှုရေးများ အားလုံးဆုံးရှုံးမည့်



အကြောင်းဆူပူကြိမ်းမောင်း၍တားပါသည်။ သို့သော်ဆရာလေးသည် အသက် (၄၀)ပြည့်ခါနီး၍ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်သည်ကြောင့် မည်သူတားတား မရနိုင်ဘဲ သီလရှင်ဖွတ်ဝတ်မည်ဟုသာ ပြောခဲ့ပါသည်။

စစ်ကိုင်းမှ ဆရာလေးများ လာသောအခါတွင်လည်း သီလရှင်ဝတ်ရန် အမြဲစုံစမ်းခဲ့ပါသည်။ စစ်ကိုင်းချောင်ရှိ ဆရာလေးကျောင်းသို့သွားရင်း စစ်ကိုင်းတောင်လိုဏ်ဂူတော်ရှိ သစ္စာပြု ကျောက်တုံးတွင် ကျောက်ချီ၍ သမီးလေးနှင့် အတူ သာသနာပြုနိုင်ရန် ကျောက်ချီသစ္စာပြုဓိဋ္ဌာန်ရာ အောင်မြင်သဖြင့် သေချာပေါက်သီလရှင်ဝတ်ရတော့မည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပါသည်။

သို့နှင့် မူဆယ်-နမ့်ခမ်းချောင် ဆရာကြီးထံ သားအမိနှစ်ယောက် သီလရှင်ဝတ်ရန် ခွင့်ပန်ခဲ့ပါသည်။ ချောင်ဆရာကြီးမှ ဆရာလေး၏ အိမ်သားခွင့်ပြု၍ ချောင်အထိလိုက်ပို့လျှင် ဝတ်ခွင့်ပေးမည်ဟုပြောခဲ့ပါသည်။ ဒကာကြီးလည်းဆရာလေး၏ ဖွဲသန်သည့်စိတ်ကိုသိသည့် အလျောက် မတားတော့ဘဲ စစ်ကိုင်းချောင်အရောက် လိုက်ပို့ပေးခဲ့ပါသည်။ သို့နှင့် ၁၃၇၀ ခု၊ ဝါဆိုလဆန်း (၁၁)ရက်နေ့တွင် ဝတ်ကြောင်ဘဝကို စွန့်ခွာ၍ သာသနာ့ အနွယ်ဝင်သီလရှင် ဘဝကို ရရှိခဲ့ပါသည်။ ဆရာလေး၏

Generated by CamScanner from intsig.com

အသက်သည် (၄၀)ရှိခဲ့ပါပြီ။ သီလရှင်ဘဝရောက်သောအခါ စာဝါများသင်ကြားရန် အနှစ် (၂၀) ခန့်နောက်ကျသွားပြီဟု စိတ်မှာခံစားမိပြီး တရားကိုသာ ကြိုးစားအားထုတ်ရန် ရည်သန်ခဲ့ပါသည်။

သမီးလေးကို စစ်ကိုင်းတောင်ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းတွင် သီလရှင်ဝတ်နှင့် သူငယ်တန်း အပ်နှံခဲ့ပါသည်။ သမီးလေး နွေရာသီကျောင်းပိတ်သောအခါ ၂လ ခွဲခန့်ရိပ်သာများတွင် တစိုက်မတ်မတ်အားထုတ်ခွင့် ရပါသည်။ သမီးလေး ၂ တန်းထိ နွေရာသီတိုင်း သူ၏ ဖခင်ဆွေမျိုးများရှိရာသို့ ပို့၍ အားထုတ်ပါသည်။ တရားအားထုတ်၍ အားမရနိုင်ပါ၊ စိတ်တိုင်းလည်းမကျခဲ့ပါ။

သမီး (၃)တန်းတက်ရမည့်နှစ်တွင် ကျန်းမာရေး ဖောက်ပြန်လာခဲ့ပါသည်။ သို့နှင့် အသေမဦးမီ မိမိလိုရာ ပန်းတိုင်ရောက်နိုင်ရန်အတွက် သမီးကို လူထွက်၍ သူမဖခင်၏ဆွေမျိုးများထံ ကျောင်းပြောင်းအပ်နှံ၍ တရားကိုနှစ်ပေါက်အားထုတ်ရန် ရည်သန်ခဲ့ပါသည်။ ထိုသို့ သမီးကို ရွာသို့ပို့ပြီး ရိပ်သာများတွင် တရားမရမချင်း လှည့်လည်အားထုတ်ရန် စဉ်းစားခဲ့ပါသည်။ တစ်နေ့တွင် ဆရာလေးတစ်ပါးမှ မန္တလေးတောင်ခြေ တပ်ဦးကျောင်း ဆရာတော် ဦးနန္ဒထံတွင် တရားအားထုတ်ရင်း



တရားရခဲ့သည့်အကြောင်း ကိုယ်တွေ့မှတ်တမ်းစာအုပ်ကို ဖတ်မိသောအခါ ချက်ချင်းပင်ဆရာတော်ထံ သွားရောက်စုံစမ်း၍ ဆရာတော်ထံ လက်ရှိအားထုတ်နေသော ရိပ်သာတွင် တစ်ပါတ်ခန့်သာ ရက်ကျန်တော့ကြောင်းကဆုန်လတွင်မှ ပြန်လာ၍ အားထုတ်မည့်အကြောင်း ပြောသောအခါ ကဆုန်လသည် မသေချာ အကြောင်းအမျိုးမျိုး ပေါ်လာနိုင်ကြောင်း ကျန်သည့်ရက်တစ်ပတ်ခန့်ကို လာ၍အားထုတ်ရန် တိုက်တွန်းပါသည်။ ဆရာလေးသည် အမှန်တကယ် တရားရအောင် သင်ကြားပေးနိုင်သော ဆရာရှိတုန်း တွေ့လည်းတွေ့နေတုန်း အချိန်မဆိုင်းဘဲ အားထုတ်ရန် ဆရာတော်၏ကျောင်းသို့ ပြောင်းရွှေ့ခဲ့ပါသည်။

ဆရာတော်ထံတွင် အားထုတ်သောအခါတွင် လှုပ်လှုပ်ရုပ်နာမ်ဖြစ်ပျက်ကလေးများကိုတွေ့ရသော်လည်း ဈာန်နိမိတ်နှင့် အားထုတ်ခဲ့သည့်အရှိန်ကြောင့် ဈာန်နိမိတ်များပြန်ပြန်ဝင်လာပါသည်။ အားထုတ်ရင်း ရုပ်နာမ်လှုပ်လှုပ်ရွရွများ ငြိမ်သွားသောအခါ ဈာန်ပြန်၍ ဝင်စားနေသည်ဟု ထပ်၍ဝိပဿနာနှင့် ဈာန်နိမိတ်သည် ရောနေ၍ ဝေခွဲမရကြောင်းဆရာတော်ထံလျှောက်သောအခါ ဆရာတော်မှ ဈာန်နိမိတ်ပေါ်သောအခါ သိတယ်သိတယ်ဟု ရှု၍ ဈာန်နိမိတ်ကို ဖျက်ရကြောင်းပြောပါသည်။

Generated by CamScanner from intsig.com

ထိုသို့ရှုသောအခါ ဈာန်နိမိတ်သည် အားပျော့၍ ရုပ်နာမ် လှုပ်လှုပ်ကလေးများထင်ရှားလာပါသည်။

သို့သော်ဈာန်နိမိတ်သည် ပြန်ပြန်ဝင်လာပြီး ဈာန်နိမိတ်က အားကောင်းလိုက် ဝိပဿနာ ရှုဉာဏ်က အားကောင်းလိုက် ဈာန်နိမိတ်ကို ဖျက်လိုက်နှင့် သမာဓိကျဲ၍ လိုရာပန်းတိုင်မရောက်နိုင်ခဲ့ပါ။ ဆရာတော်ကို တရားလျှောက်သောအခါ ဆရာတော်မှ ဈာန်နိမိတ်ကို မဖျောက်ဘဲ ဝိပဿနာ ရုပ်နာမ်လှုပ်လှုပ်ဖြစ်ပျက်များနှင့်တွဲ၍ ရှုခိုင်းပါသည်။

ထိုအခါ သမာဓိသည် အထူးငြိမ်သက်၍ ရုပ်နာမ် ဖြစ်ပျက်များသည် စက္ကန့်ပိုင်းခန့်ငြိမ်၍ ငြိမ်၍သွားပါသည်။ ငြိမ်သွားသောအခါ ရုပ်နာမ်ဖြစ်ပျက်များကို ပြန်၍ရှာပါသည်။ ဆရာတော်ထံတရားလျှောက်သောအခါ ဆရာတော်မှ ငြိမ်သွားလျှင် မရှာရကြောင်း ငြိမ်သည့်နေရာကို ကြာကြာကြည့်နေရမည့်အကြောင်းပြောပါသည်။

ဆရာတော်ထံ တရားလျှောက်ပြီးသည်နှင့် နားလည်သွားပြီး အားသစ်လောင်း၍ မနက် (၈)နာရီခွဲတွင် တရားတစ်ကြိမ်ပြန်ထိုင်သောအခါ ရုပ်နာမ်လှုပ်လှုပ် ဖြစ်ပျက်ကလေးများသည် ငြိမ်သွားလိုက် ၁ မိနစ်ခန့်



ကြာသောအခါ လှုပ်လှုပ်ကလေးပေါ်လာလိုက် ငြိမ်သွားလိုက် ၂ ကြိမ်ခန့်ဖြစ်ပြီး လှုပ်လှုပ်ရွရွ လေးများ အထူး အားကောင်းလာပြီး ခန္ဓာကိုယ်အောက်ပိုင်းမှ ရှိန်ရှိန် ရှိန်ရှိန်နှင့်တက်လာပြီးနောက် တဖျင်းဖျင်းကြက်သီးများ ထပြီးနောက်ငြိမ်ကျသွားပါသည်။ နေ့လည် (၁)နာရီ ထိုင်သောအခါ အစာစားပြီးစဖြစ်၍ တရားထိုင်မကောင်းဘဲ သမာဓိမရသောကြောင့် စင်္ကြံလျှောက်ရင်း မှတ်နေပါသည်။

စင်္ကြံလျှောက်သောအခါတွင်လည်း ခြေဖဝါးကြွ လိုက်တိုင်း လှမ်းလိုက်တိုင်းချလိုက်တိုင်း အဖြစ်ကို မမြင် တော့ဘဲ အပျက်ချည်းသာမြင်နေခဲ့ပါသည်။ (၂)နာရီချိန် ရေချိုးပြီး၍ (၃)နာရီတရားပြန်ထိုင်သောအခါ အထူး ကြည်လင်၍ တရားထိုင်ပြီး (၅)မိနစ်ခန့်အတွင်းမှာပင် ရုပ်နာမ်လှုပ်လှုပ်ဖြစ်ပျက်လးများပေါ်လာပြီး မှတ်၍ကောင်းနေ ပါသည်။

ရုပ်နာမ်လှုပ်လှုပ်ရွရွဖြစ်ပျက်လေးများကို ကြည့်ရင်းကြည့်ရင်းတဖြည်းဖြည်းသေး၍သေး၍ သွားပြီး နောက်ဆုံးဘာကိုမှ မမြင်ရတော့ဘဲ ဖြစ်ပျက်များချုပ်ပျောက် သွားခဲ့ပါသည်။ ချုပ်ပျောက်သွားမှန်းသိသောအခါ ဘာနဲ့မှ နှိုင်းဆပြ၍ မရသောချမ်းသာတစ်မျိုးကို ခံစားရပါသည်။

Generated by CamScanner from intsig.com

ထိုချမ်းသာကို ခံစားပြီးသောအခါ ငြိမ်သက်အေးချမ်း၍နေပါသည်။

တပည့်တော်ကို သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်ကယ်တင်ခဲ့သော ဆရာတော်ဘုရား၏ကျေးဇူးကို ဘယ်လိုပင်ဆပ်ဆပ်မကျေနိုင်ပါ။ ဤစာတမ်းဖြင့် ဆရာတော်ဘုရားကို ဝန်ချကတော့ပါ၏။ နောင်ကိုလည်း ဆရာတော်၏ကျေးဇူးကို အထူးအောက်မေ့၍ ဆရာတော်ခိုင်းသမျှ သာသနာပြုလုပ်ငန်းများကို ဦးလည်မသုန် ထမ်းရွက်ပါမည်ဟု ကတိပြုပါသည်ဘုရား။

မယုသီဂီ



## ကိုယ်တိုင်ကျင့် ကိုယ်တိုင်တွေ့ ကိုယ်တိုင်ရေး

ဒေါ်ခင်ဝင်းကြည် တရားတွေ့ရှိချက်။

ကျွန်မ စာရေးရမည်ကို အလွန်ကြောက်ပါသည်။ သို့သော် အလှူတကာတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်ပြီး ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၊ ကျေးဇူးရှင် တပ်ဦးကျောင်းဆရာတော်ဘုရားကြီး ဦးနန္ဒတို့ကို ပူဇော်သောအားဖြင့် ဤကိုယ်တိုင်တွေ့ ကိုယ်တိုင်ကျင့်ကို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ငယ်စဉ်ဘဝကပင် သီလဆောက်တည်ခြင်းကို အထူးဝါသနာပါခဲ့ပါသည်။ မိခင်ကြီးနှင့်အတူ အမြဲတန်း ၃ တန်း၊ ၄ တန်း ကျောင်းသူဘဝတည်းကပင် သီလဆောက်တည်ရန် ဘုန်းကြီးကျောင်းသို့ အစဉ်လိုက်ခဲ့ပါသည်။ ကလေးဘဝ တစ်ဦးနှင့်တစ်ဦး ပြိုင်ကြရာတွင် ကျွန်မသည် အမြဲတမ်း ငါးသည် ဒီလ ဥပုသ် ၃ ရက် ဆောက်တည်တယ် စသည်ဖြင့်ပြိုင်လေ့ရှိပါသည်။ ကျွန်မသည် အပေးသမားတစ်ယောက် အမြဲဖြစ်ချင်ပါသည်။ အယူသမား မဖြစ်ချင်ပါ။ အလှူဒါနကို အလွန်ဝါသနာပါပါသည်။ ကျွန်မ ယခုအချိန်ထိ မလှူဖူးသောအလှူ မရှိခဲ့ပါ။ ဝါဆိုသင်္ကန်း၊ ကထိန်၊ ဘုရားတည်၊ ကျောင်း၊ သိမ်၊ လျှပ်စစ်မီး၊ ရေတွင်းရေကန်၊ ကုဋီ၊ တံတား

တန်ဆောင်း၊ ရဟန်းခံ၊ ရှင်ပြု၊ လမ်း စသည်ဖြင့် လှူခဲ့ပါသည်။ အလှူပေးနေရလျှင် အလွန်ဝမ်းသာပျော်ရွှင်ပါသည်။ ဝိသာခါကျောင်းအမကြီးကို အလွန်အားကျပါသည်။ ကထိန်နှင့် ဝါဆိုသင်္ကန်းကပ်ခြင်းကို နှစ်ပေါင်း (၄၀)ကျော်တိုင် မပျက်လှူဒါန်းခဲ့ပါသည်။ ကြွားဝါလို၍ ရေးပြခြင်းမဟုတ်ပါ။ ဝိပဿနာ အားထုတ်ခြင်းသည် (ဒါန၊ သီလ၊ ဘာဝနာ) ကွင်းဆက်အစဉ် ရှိကြောင်းသိရန် ရေးပြခြင်းဖြစ်ပါသည်။

အသက် (၂၇)နှစ်လောက်တွင် ကျွန်မ၏ ယောက္ခမကြီးအိမ်တွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး မိုးကုတ်ဝိပဿနာ ဒုလ္လဘဒေသနာစာအုပ်ကို တွေ့ရှိပြီး ဖတ်ကြည့်ရာ အလွန်ကျေနပ်သဖြင့် ကျွန်မယူခဲ့မိပါသည်။ ဒါပေမယ့် တရားမလုပ်ဖြစ်သေးပါ။ ကျွန်မ၏ ဖခင်ကြီးသည် ဝိပဿနာ အားထုတ်သော ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ကျွန်မသည် မိဘကို အလွန်ရိုသေလေးစားချစ်ခင်စောင့်ရှောက်သော သမီးတစ်ယောက်ဖြစ်ပါသည်။ နေမကောင်းသော အချိန်များတွင် အဖေသည် ကျွန်မ၏ အသံကို ကြားရလျှင် ဝမ်းသာအားရရှိကြောင်း ပြောပြပါသည်။ အဖေမဆုံးမှီ တရားပေါက်ရောက်သွားပါသည်။ တစ်နေ့ အမေ ကျွန်မကို အနားခေါ်ပြီး စကားတစ်ခွန်းပြောပါသည်။ သမီးအသက် (၅၀)ရှိပြီ။ သမီးမှာ အပူအပင်လည်းမရှိ။



ဝိပဿနာတရားကို ပွားများအားထုတ်တော့လို့ပြောပါသည်။

အဲဒီနေ့ကစပြီး ကျွန်မသည် အမေ့စကားကို မြေဝယ်မကျနားထောင်ပြီး ကျွန်မတို့ ရပ်ကွက်ရှိ တောင်ဘက် မိုးကုတ်ဝိပဿနာကျောင်းသို့ သွား၍ တရားနာ၊ တရားအားထုတ်ပါတော့သည်။ တရားသာ နာပါသော်လည်း ဘာမှ နားမလည်ပါ။ ခန္ဓာ၊ အာယာတန၊ ဓါတ်၊ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာ ဘာမှမသိပါ။ သို့သော် မိဘစကားနားထောင်၍ နေ့တိုင်း ကျောင်းသို့ တရားနာ သွားပါသည်။ တစ်နှစ်လောက်ကြာသော် အဖေဆုံးပါ၏။

အဖေဆုံးပြီးတစ်နှစ်ကျော်လျှင် ခင်ပွန်းသည် ရန်ကုန်သို့ အစည်းဝေးတက်ရင်း ဆုံးပါသည်။ မထင်မှတ်သောအဖြစ်တွေကြောင့် ကျွန်မတုန်လှုပ်ကြောက်ရွံ့ထိတ်လန့်သွားပါသည်။ သေခြင်းတရားကို အလွန်ကြောက်ရွံ့သွားပါသည်။ ပူဆွေးသောကတွေလည်း ခံစားရပါတယ်။ ရောဂါရလာသည်အထိ ထိခိုက်ကြေကွဲရပါသည်။ အဖေပေးခဲ့သော "ဧည့်သည် "ကဗျာလေးနှင့် "တဏှာစေရာ မနေသာ ဖွေရှာဆက်ရသည်" ကဗျာလေးကို ဖတ်ရင်း ဝမ်းနည်းကြေကွဲ မဆုံးဖြစ်ရသလို ကြောက်ရွံ့တုန်လှုပ်ပြီး သံဝေဂတွေလည်းရခဲ့ပါသည်။

Generated by CamScanner from intsig.com

(တရားအားထုတ်ခြင်းအစသည် သံဝေဂဉာဏ်သည် အလွန်အရေးကြီးပါသည်။)

ကျွန်မတွေးသည်။ သေခြင်းတရားသည် အချိန်မရွေး ရောက်လာနိုင်သည်။ ဒါကြောင့် မသေမီတရားရအောင်တော့ အားထုတ်တော့မယ်လို့ စိတ်ဆုံးဖြတ်ချက်ချပြီး မိုးကုတ်ရိပ်သာတွေတွင် တရားစခန်းဝင်ပါတော့သည်။ တောင်မိုးကုတ်ရိပသာ၊ ဖားအောက်ရိပ်သာ၊ စစ်ကိုင်း ဦးသုမနရိပ်သာ၊ ရန်ကင်းတောင် အေးငြိမ်ရိပ်သာ၊ စစ်ကိုင်းထွန့်ခေါင် တောရရိပ်သာတို့တွင် အားထုတ်ဖြစ်ခဲ့ပါသည်။ သို့သော် ဖြစ်ပျက်ပင်ကောင်းကောင်း မသိမမြင်ခဲ့ပါ။ မောင်းတောင် မြေဇင်းတောရဆရာတော်ဘုရားကြီးထံတွင် ရက် (၆၀)စခန်းမှာတော့ အလင်းနိမိတ်များရပြီး နတ်ပြည်၊ ဗြဟ္မာပြည်၊ နဂါးပြည်၊ မြန်မာပြည်အနှံ့ ဘုရားများကို မျက်မြင်ဖူးတွေ့ခဲ့ရပါသည်။ အလွန်ပျော်ရွှင်ကြည်နူးခဲ့ရပါသည်။ (ကန္တီနည်း) ဖြစ်ပါသည်။

တစ်နေ့ တောင်မိုးကုတ်တွင် တရားထိုင်နေစဉ် ဓမ္မမိတ်ဆွေ တစ်ဦးက ရက်ရှည်ရှည်နှင့် တရားအားထုတ်လိုလျှင် ရိပ်သာကောင်းရှိကြောင်း လိုက်ချင်လျှင် စခန်းစနေပြီ။ လိုက်နိုင်ကြောင်း ပြောပါတယ်။ ဤမှာလည်း တရားကိုလိုချင်ပြီး ရက်ဆက်မပြတ်အားထုတ်လိုသောကြောင့် လိုက်ပါမည်ဟု ကတိပေးပြီး ၎င်းမိတ်ဆွေနှင့်အတူ



သစ္စဝေဒဂူမိုးကုတ်ဓမ္မရိပ်သာတွင် စခန်းဝင်ပါတော့သည်။ စခန်းဝင်ပြီး (၁၀)ရက်တွင် ကျွန်မတစ်ကိုယ်လုံးရပ်၍ မရဘဲ လှုပ်ရှားလာပါတော့သည်။ ကျွန်မက လှုပ်ခြင်းမဟုတ်ပဲ သူ့အလိုအလျှောက်လှုပ်ရှား၍ လာခြင်းဖြစ်ပါသည်။ ရပ်၍မရပါ။ ဆရာတော်မှ လာ၍ ဒကာမကြီးမကြောက်နှင့်။ ဒိဋ္ဌိမကပ်နှင့်။ ငါလှုပ်တယ်မယူနှင့်။ ဖြစ်ပျက် ဒုက္ခသစ္စာကို မှတ်နေပါဟု ဆုံးမတော်မူပါသည်။ ဆရာတော်ပြောသည့်အတိုင်း ရှုမှတ်နေပါသည်။ တစ်နာရီခွဲလောက်ကြာတော့ သူ့အလို အလျောက် ဖြတ်ကနဲ ရပ်သွားပါသည်။ (ဝါယောရိုက်)ခြင်း ဖြစ်သည်ဟုပြောပါသည်။

နောက်ရက်တွေမှာတော့ မဖြစ်တော့ပါ။ ဒါပေမယ့် ဝေဒနာတွေ ဖြစ်ပျက်တွေကတော့ အများကြီးတွေ့ရပါသည်။ ခေါင်းကြီး တစ်ခုလုံးတို့ သံပတ်ကြိုးကြီးနှင့် တင်းနေအောင် ပတ်ထားသလို တင်းကြပ်ပြီးနေပါသည်။ တစ်နာရီကြာအောင် ဖြစ်ပျက်ရှု့မှ အဆင်ပြေသွားပါသည်။ တစ်ခါတစ်ရံ ခေါင်းတခြမ်းက ပြိုကျသွားပြီး တခြမ်းပဲ ကျန်နေတာ တွေ့ရပါတယ်။ တစ်ကိုယ်လုံးတောင့်တင်းနေတာ တွေ့ရတယ်။ လည်ပင်းကိုညှစ်ထားသလို ခံစားရပါတယ်။ တစ်ခါတစ်ရံ ဝမ်းဗိုက်ကြီးထဲတွင် ပေါင်းအိုးကြီးသဖွယ် ပူလောင်နေပါတယ်။ ပိုက်ထားသော လက်များပင် ချွေးများစို့၍

လာပါသည်။ တစ်နာရီ တစ်နာရီကြာထဲ ရှု့မှတ်ပစ်ရပါသည်။ ဖြစ်ပျက်တွေကတော့ အမျိုးမျိုးတွေ့ရပါသည်။ (ဆရာတော်ဦးခေမာစာရ) ၏ကျောင်းဇူးတော်ပင်ဖြစ်ပါသည်။

ဤကဲ့သို့ ကျွန်မသည် သစ္စဝေဒဂူမိုးကုတ်ဝိပဿနာရိပ်သာတွင် (၇)နှစ်တိုင် အထူးကြိုးစားအားထုတ်ခဲ့ပါသည်။ တစ်နှစ်လျှင် စခန်း (၄)ကြိမ်ဖြစ်ပါသည်။ ကျန်လများတွင် တရားဆက်ပြတ်မှာစိုးသောကြောင့် တောင်မိုးကုတ်ရိပ်သာတွင် နေ့ (၂)နာရီမှ (၅)နာရီထိ တရားအားထုတ်ခဲ့ပါသည်။ နေ့စဉ်ရက်မပြတ် အားထုတ်ခဲ့ပါသည်။

(၇)နှစ်ခန့်ကြာတော့ ဖြစ်ပျက်တွေကသိမ်မွေ့ပြီး တစ်နာရီထိုင်လျှင် တစ်နာရီထိ တွေ့ရသည်။ မထိုင်ဘဲ နေလည်းဖြစ်ပျက်တွေကို တွေ့နေရပါသည်။ ဖြစ်ပျက်တွေက သိမ်မွေ့လွန်းပြီး အပ်ချည်မျှင်လောက်ကလေး ကျန်နေတာ ၃ နာရီတိုင်ရှုလည်းမပြဟ်နိုင်ပါ။ ကြာတော့ စိတ်မရှည်ဘဲ ချပစ်လိုက်ပါတယ်။ စိတ်ထဲမှာ ငါတော့ တရားရတော့မယ် ထင်တယ်လို့တွေးမိပါတယ်။ (တရားအားထုတ်တဲ့အခါ လိုချင်တဲ့ကိလေသာမထားရပါ)။ ယခုလို ဖြစ်နေတာ စခန်းပတ် (၂)စခန်းထိ ဖြစ်နေတော့ ဆရာတော်ကို လျှောက်ထား ကြည့်မိပါတယ်။ ဆရာတော်က ဒကာမကြီးတဆွေ့ခုန်ပဲ လိုတော့တယ်။ ကြိုးစားပါ။ ဖြစ်ပျက်ဒုက္ခသစ္စာချည်း



လုပ်မနေနဲ့။ ဒကာမကြီးကြိုက်ရာ အနိစ္စဖြစ်ဖြစ်၊ ဒုက္ခဖြစ်ဖြစ်၊ အနတ္တဖြစ်ဖြစ် ဆွဲကိုင်ပြီးရှု့လို့ပြောပါတယ်။

တရားစခန်းပြီးတော့ ဓမ္မမိတ်ဆွေတစ်ယောက်က သောတာပန်တည်သွားပြီ။ အဲဒီဆရာတော်ကြီးက သိပ်တော်တာတဲ့။ ဉာဏ်ရင့်သူတွေ ပန်းမဝင်နိုင်တဲ့သူတွေကို ပန်းဝင်နိုင်အောင် တရားပေးတာ သိပ်ကောင်းတာပဲလို့ ပြောသံကိုကြားတော့ ကျွန်မ၏ သူငယ်ချင်းဓမ္မမိတ်ဆွေ တရားအတူအစဉ်အမြဲထုတ်ဖက်ကို ငါတို့ဆရာတော်ကြီးထံ သွားပြီး အားထုတ်ရအောင်လို့ တိုင်ပင်ဖြစ်တယ်။

ဒါပေမယ့် ငါတို့ တရားဉာဏ်အားတက်အောင် စစ်ကိုင်း ထွဋ္ဌခေါင် တရားစခန်း (၁၀)ရက်ပြီးလျှင် သွားမည်ဟုတိုင်ပင်၍ ထွဋ္ဌခေါင် တရားစခန်း ဝင်ဖြစ်ကြပါသည်။ ထွဋ္ဌခေါင်တရားစခန်းတွင် တရားအားထုတ်သောအခါ ဖြစ်ပျက်တွေတစ်ခုနှင့် တစ်ခုအကြား အာကာသဓါတ်ကို လှမ်း၍ အာရုံပြုမိ နေပါတယ်။ ဆရာတော်ကိုလျှောက်တော့ ဆရာတော်က ဒကာမကြီးအိမ်ရောက်ရင်ဆက်အားထုတ်ပါ။ (၂)ရက်အတွင်း တရားရမယ်လို့ပြောပါတယ်။ တရားစခန်းရက်ပြည့်တော့ အိမ်မပြန်ဘဲ ဓမ္မမိတ်ဆွေကို ကျွန်မတို့ကို ဆရာတော် ဘုရားကြီးထံ လိုက်ပို့ပေးပါ။ ကျွန်မတို့ တရားအားထုတ် ချင်ကြောင်း လျှောက်ထားပေးပါလို့

Generated by CamScanner from intsig.com

တောင်းပန်တော့ မိတ်ဆွေက ကျေးရှူးရှင်ဆရာတော်ကြီး ဦးနန္ဒထံသို့ လိုက်ပို့ပေးပါသည်။

ဆရာတော်ကြီးထံသို့ ကာႏနှင့် အသွားတွင် ကျွန်မစိတ်ဆုံးဖြတ်လိုက်ပါသည်။ ငါသည် တရားကို အလွန်လိုချင်တဲ့စိတ်မထားတော့ဘူး။ ဆရာတော်ကြီး သင်ပြပေးသော အလုပ်တွေကို တသွေမသိမ်း လုပ်မယ်ဟူ၍ ဖြစ်ပါသည်။ ဆရာတော်ကြီးက ကျွန်မတို့ကိုနေရာချထား ပေးပြီး နောက်နေ့တွင် ဓမ္မာရုံပေါ်တွင် တရားစထိုင်ရပါသည်။ ပထမရက်တွင် ရင်တွင်းကိုရှုခိုင်းပါသည်။

ရင်ချိုင့်နှလုံးဖူးအတွင်းသို့လှမ်း၍ အခုဒေါသဖြစ်နေ သလား။ ဒေါသမဖြစ်တာတွေ့ရင် ဒေါသမဖြစ်ဘူး .. ဒေါသမဖြစ်ဘူးလို့ရှု။ ဒေါသဖြစ်နေလျှင် ဒေါသဖြစ်နေတယ် လို့ ရှုဟု သင်ပေးပါသည်။ ၂ ရက်ရှုရပါသည်။ နောက်လမ်း လျှောက်လျှင် တစ်သုတ်ကုန်ဖြင့် ရှုရပါသည်။ သမုဒယမှ ဒုက္ခကြောင်းကျိုးဆက်၍ရှုခိုင်းပါသည်။ နောက်ခန္ဓာကိုယ် တစ်ခုလုံး လှုပ်ရှဖြစ်ပျက်အားကောင်း၍လာအောင် မွှေနှောက်၍ရှုပြီးအားကောင်းလာသောအခါ ဒြပ်သဏ္ဍာန် လွတ်၍ ရှုခိုင်းပါတယ်။ (၆)ရက်နေ့ကျတော့ ယောဂီတွေ ခေါ်ပါတယ်။ ကျွန်မကိုတော့ အစုအပုံကြီးလဲရှိမနေဘူး။



ပြီးတော့လည်း ဘာမှမရှိတော့ဘူး။ အဲဒါယောဂီသွား ဆင်ခြင်တော့ဟု ပြောပါတယ်။

ကျွန်မလည်း ဆရာတော်ကြီးကို အလွန်ရိုသေ အလွန်ကြောက်ရွံ့ တာကြောင့် ပြန်မမေးရဲတော့ ကဲ ဘယ်လိုရှုမလဲလို့ ဓမ္မာရုံမှာ စဉ်းစားပါတယ်။ မစဉ်းစားတတ် အောင်ဖြစ်နေပါတယ်။ ပြန်လည်းမမေးရဲပါ။ တရားစခန်းတွေ ဆက်တိုက်ဝင် အိမ်မှာလည်း မပြတ်ကျင့်တော့ ကျွန်မ ခန္ဓာကိုယ်ကြီးကို အတော်လေးတော့ ငြိမ်နေပါပြီ။ အိမ်မှာ ကောင်းကောင်းစား၊ ကောင်းကောင်းအိပ် လိုချင်တာရ နေပေမယ့်လည်း မပျော်ပါ။ အမြဲတမ်းငြိမ်နေ၍ နေပါတော့တယ်။

အဲဒီလိုပဲ ယခုပေးတဲ့အလုပ်မှာ ဘယ်လိုလုပ်မလဲ။ ဘယ်သူ့ကိုမေးရမလဲနှင့် စိတ်ထဲမှာ မပျော်ပိုက်ဖြစ်လာ ပါတော့တယ်။ ဝမ်းနည်းလာပါတယ်။ ကျောင်းမှာလည်း မနေချင်တော့ဘူး။ အိမ်လည်း မပြန်ချင်တော့ဘူး။ နေစရာမရှိဖြစ်နေမိတယ်။ နတ်ပြည်လည်း မနေချင်ပါဘူး။ ဗြဟ္မာပြည်လည်းမနေချင်ပါဘူး။ ဒုက္ခကြီးပါလားလို့ စိတ်ထဲမှာ ဝင်လာပြီး ငိုချင်လာတော့တယ်။ ညနေ (၆)နာရီ အခန်းပြန်နားတော့လည်း ဘယ်လိုရှုရမှန်းမသိသေး။

Generated by CamScanner from intsig.com

ဓမ္မာရုံအနောက်ဖက် တံခါးပေါက်မှာထိုင်ပြီး ကျွန်မဝမ်းနည်းငြီးငွေ့စွာဖြင့် ငိုနေမိပါတယ်။

ကျွန်မ၏မိတ်ဆွေသူငယ်ချင်းကလည်း ဘာကြောင့်လဲ ဘာကို မကျေနပ်လို့လဲနှင့် မေးကြပါတယ်။ ဘာမှမဟုတ်ပါဘူး။ ငါဝမ်းနည်းလို့ ငါငိုတာပါလို့ပြောပြီး ည (၇)နာရီ ရောက်တော့ မီးပိတ်၍ အိပ်ယာထဲတွင် တရားထိုင်ပါတော့တယ်။ (တရားနာခြင်းသည် အလွန်အကျိုးများကြောင်း သိလာရပါတော့သည်) အဲဒီအချိန်မှာ ကျွန်မ၏နားနားတွင် ကပ်၍ ပြောလိုက်သကဲ့သို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး အသံတော်ပေါ်လာပါတယ်။ ဒကာမကြီးတို့ အစလည်းရှင်းတယ်။ အဆုံးလည်းရှင်းတယ်။ ခင်ဗျားတို့ အလယ်မှာ ရှုပ်နေကြတာလို့လည်း ပြောသံကို ဆတ်ဆတ်ကြားလိုက်ရရော ဟာဟုတ်တာပေါ့။ အစလည်း အရှင်းကြီး။ အဆုံးလည်း အရှင်းကြီးလို့ စဉ်းစားလိုက်တာနဲ့ ကျွန်မတစ်ကိုယ်လုံးအပ်ချစရာနေရာမရှိအောင် ဖြစ်လာပါတော့တယ်။

တစ်ခါမှ ဒီလောက်များတဲ့ဖြစ်ပျက်တွေ မတွေ့ဖူးပါဘူး။ အဲဒီအချိန်မှာ လှုပ်၍မရ၊ ခါ၍မရဖြစ်နေပါတယ်။ အဲဒီအချိန်မှာ ရင်တွင်းနှလုံးအိမ်ထဲမှ အလွန်ကြည်လင် တောက်ပသော



အရောင်ကြီးကဖြာ၍ ထွက်ပေါ်လာပါတယ်။ အိပ်ယာထက်မှာ ခြင်ထောင်အမိုးပင်လင်းနေပါတယ်။ ကျွန်မလည်း အံ့အားသင့်ဝမ်းသာပြီး တရားဆက်၍ မှတ်နေပါတော့သည်။

(၇)ရက်နေ့ နံနက် (၆)နာရီမှ စ၍ ဓမ္မာရုံပေါ်တွင် တရားစထိုင်ပါတော့တယ်။ ဖြစ်ပျက်တွေကလည်း သိမ်မွေ့စွာဖြင့် ဦးခေါင်းတဝိုက်တွင် ပေါ်နေပါတယ်။ ရှုနေရင်းနှင့် ဖြစ်ပျက်တွေဟာ လျှင်လျှင်မြန်မြန်ဖြစ်လိုက်ပျက်လိုက်နှင့် ဖြစ်နေပါတော့တယ်။ အဲဒီအချိန်မှာ ခန္ဓာကိုယ်တစ်ကိုယ်လုံးပျောက်၍ ဒြပ်သဏ္ဌာန်မရှိဘဲ ဖြစ်ပျက်လေးတွေပဲ စုဝေးပြီးဖြစ်လိုက်ပျက်လိုက်နှင့် ဖြစ်နေပါတော့တယ်။

ကျွန်မလည်းဖြစ်ပျက်လေးတွေကို ကြည့်ပြီး အော်ဆရာတော်ဘုရားကြီးပြောသလိုပဲ အစကလည်း အရှင်းကြီး၊ အစုအပုံမရှိ ပဋိသန္ဓေဝိဉာဏ်ကစ၍ ဖြစ်တာက အဆုံးကြတော့လည်း ဘာမှမရှိ မကျန်။ ဇရာမရဏပဲဖြစ်တာပဲ။ အလယ်မှာ ဖြစ်လိုက်ပျက်လိုက် ဓမ္မလေးကိုပဲ ငါ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ယောကျ်ား၊ ငါ့မိန်းမ၊ ငါ့ကား၊ ငါ့တိုက် စသည်ဖြင့် ရှုပ်နေကြတာပါ။ တကယ်တော့ ဓမ္မလေးတွေဖြစ်ပြီး ဓမ္မလေးတွေ ပျက်နေတာပါပဲလား။ သူ့သဘောသူဆောင်

Generated by CamScanner from intsig.com

ဖြစ်နေတာပဲမို့ သဘောလေးတွေဖြစ်ပြီး သဘောလေးတွေ ပျက်နေတာပါပဲလား။ အော် .. အနတ္တတရားပါလားလို့ ဆုံးဖြတ်ချက်လည်းချလိုက်ရော ဖျပ်ဆို တစ်ခါတည်း ဖြစ်ပျက်ကလေး ချုပ်ပျောက်သွားတော့တယ်။

ချုပ်ပျောက်သွားတာနဲ့ တပြိုင်နက် အလွန်ငြိမ်အေး သန့်ရှင်းလင်းသွားတာပဲ။ ဘာနဲ့မှ မတူတဲ့ ဝန်ထုပ်ဝန်ပိုးကြီး လွတ်ကျသွားသလို ပေါ့ပါး ငြိမ်းအေးရှင်းသန့်စွာ ခံစားရပါတယ်။ စက္ကန့်မျှသာ ကြာပါတယ်။ အလွန်ထူးခြားပါတယ်။ ထင်ရှားပါတယ်။ ထူးဆန်းတယ်လို့ ခံစားရပါတယ်။

နောက်ပြီးဖြစ်ပျက်တွေဆက်ရှုရင်း (၉)နာရီထိုးတော့ ရေချိုးရန် အဆောင်ပြန်ပါတယ်။ (၁၁)နာရီမှာ ဆွမ်းစားပြီး အဆောင်သို့ ပြန်လာရာတွင် ဆရာတော်ဘုရားကြီး ကျောင်းပေါ်မှနေ၍ မျက်မှန်နှင့် ဒကာမ လာဦးလို့ခေါ်ပါတယ်။ ကျွန်မလည်းကြောက်ကြောက်နှင့် လက်အုပ်ချီပြီး ဆရာတော်ဘုရားကြီးကျောင်းတော်ရှေ့သို့ သွားပါတယ်။ ကျောင်းအောက်မှရပ်၍ လက်အုပ်ချီထားရာ ဆရာတော် ဘုရားက နင် အခုနက ဓမ္မာရုံပေါ်မှာ တွေ့ခဲ့တဲ့အကြောင်း လျှောက်စမ်းလို့ပြောပါတယ်။ ကျွန်မလည်း အလွန်အံ့သြ



သွားပြီး ဟာဟုတ်တယ် ဆရာတော်ဘုရားကြီးဟုဆိုကာ တပည့်တော် တွေ့ခဲ့ပုံတွေကို လျှောက်ထားခဲ့ပါတယ်။ (ဆရာတော်ဘုရားကြီးသည် တရားထူးရသည်ကို သိတော်မူဟန်တူပါသည်။ ကျေးဇူးကြီးလေစွ)

ဆရာတော်ဘုရားကြီးက နင် စကြာဝဠာ အနံ့ဖြန့်ရှုစမ်းလို့ မိန့်ပါတယ်။ ကျွန်မလည်း မနားတော့ဘဲ ဓမ္မာရုံပေါ်တက်၍ စကြာဝဠာအနံ့ဖြန့်၍ ရှုကြည့်ပါတယ်။ အားလုံး အထည်၊ ဒြပ် သဏ္ဌာန်မရှိ မွမွလေးမှ လွဲ၍ ဘာမှမရှိပါ။ တစ်နာရီတိတိကြည့်ရှု၍ ရေဆာသဖြင့် ရေထ၍သောက်ရာ ဆရာတော်ဘုရားကြီးက ကျောင်းပေါ်မှ နေ၍ ယောဂီမ နင်ဘာဖြစ်သလဲလို့မေးပြန်ရာ ကျွန်မလည်း လက်အုပ်ချီ၍ ကျောင်းတော်ရှေ့သွားပြီး စကြာဝဠာတစ်ခုလုံး ဘာမှမတွေ့ပါဘုရား။ မွမွလေးတွေပဲ တွေ့ပါတယ်ဟု လျှောက်ထားပါသည်။

ဆရာတော်ဘုရားကြီးက ဒါဖြင့် နင်သွားပြီး ဓိဋ္ဌာန်ကြည့်စမ်းဟု ခိုင်းပါသည်။ ကျွန်မလည်း ဘုရားရှိခိုး၍ တပည့်တော်မ တွေ့ရှိခဲ့သော တရားသည် တရားထူး တရားမြတ်မှန်ပါလျှင် ယခုဖြစ်ပေါ်နေသော ဖြစ်ပျက်များသည် ချုပ်ငြိမ်းပါစေသတည်းဟု ဓိဋ္ဌာန်၍ ခန္ဓာကိုယ်ကို

ရကြည့်ရာဖြစ်ပျက်များ တဖွားဖွား ပေါ်လာပြီးလျှင် ခဏကြာသောအခါ ပေါ်ကနဲ ချုပ်ပျောက်သွားပါတော့သည်။ နေပူထဲထီးများ ရုတ်လိုက်သကဲ့သို့ ဖြစ်ပါသည်။ စိတ်မချ၍ လေးကြိမ်တိတိ အဓိဋ္ဌာန်သောအခါ အောင်မြင်ပါသည်။ ဝမ်းသာအားရဖြင့် ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ဆရာတော်ဘုရားကြီးက သံသရာအဆက်ဆက် နင်လိုချင်သောအရာဟာ ဒါပဲလို့ ပြောလိုက်ပြီး **မဇ္ဈိမပဋိပဒါ ဝိပဿနာ အကျင့်မြတ်ရတနာ ပညာစခန်းသာ** စာအုပ်ကို ပေးပြီး နင်အားထုတ်ချင်လည်း ဆက်အားထုတ် အားမထုတ်ချင်လည်း ဒီစာအုပ်ကို ဖတ်တော့လို့ ပေးလိုက်တော့ ကျွန်မ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ငိုမိပါတော့သည်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူသော နိဗ္ဗာန်ရောက်ကြောင်းသတိပဋ္ဌာန် တရားတော်တို့ကို ညွှန်ကြားပြသတော်မူကြသော ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၊ တပ်ဦးကျောင်း ဆရာတော်ဘုရားကြီး ဦးနန္ဒနှင့် ကြားဆရာ၊ မြင်ဆရာ အပေါင်းတို့အား ရိုသေလေးမြတ်စွာဖြင့် လက်စုံမိုး၍ ရှိခိုးကတော့ပါ၏ဘုရား။



နိုင်ငံခပ်သိမ်းတရားကိန်း အေးငြိမ်းကြပါစေ။

ယောဂီ ဒေါ်ခင်ဝင်းကြည်
၉/မရတ (နိုင်) ဝ၇၉၇၉၉
ခ/ ၂၇၊ ၂ လမ်း၊ ကွဲဆည်ကန်၊မန္တလေးမြို့။

Generated by CamScanner from intsig.com

## ယောဂီ "နီလာ"၏ ဘဝနိဒါန်း

ကျွန်မ နီလာသည် အဖ ဦးတင်မောင်၊ အမိ ဒေါ်တင်အေးတို့မှ ၁၃၂၃ ခု တော်သလင်းလဆန်း (၆)ရက်၊ သောကြာနေ့၌ မန္တလေးမြို့တွင် မွေးဖွားခဲ့သည်။ မွေးချင်း (၈)ယောက်အနက် တတိယမြောက်သမီးဖြစ်သည်။ ငယ်စဉ်က အ.မ.က (၂) ခင်မကန်ကျောင်းမှ မူလတန်းအောက် ဆင့်၊ အထက်ဆင့်တို့ကို အောင်မြင်ခဲ့သည်။

၁၉၇၃ မှ ၁၉၇၉ ခုနှစ်အထိ အလယ်တန်း၊ အထက်တန်း ပညာရပ်များကို မန္တလေးမြို့ အ.က.က (၄) အမျိုးသမီးကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ၁၉၈၅ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာ (ဓာတုပဒေသ) ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

၁၉၈၇ ခုနှစ် ဇူလိုင်လတွင် မူလတန်းပြရာထူးဖြင့် အမှတ် (၁၁) အလယ်တန်း ကျောင်းတွင် တာဝန်ထမ်းဆောင် ခဲ့သည်။ ၂၀၀၂ ခုနှစ် ဇူလိုင်လတွင် အလယ်တန်းပြ တာဝန်ဖြင့် အမှုထမ်းရင်း ဤကျောင်းမှ အငြိမ်းစားယူခဲ့ သည်။ ယခုအချိန်တွင် အမိအဖ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ဤတရားတော်ကို ဆုတ်မိသည့်အတွက်



အနေတတ်၊ အသေတတ်သည့် ဆေးကောင်းတလက်ကို ရရှိခဲ့လေပြီ။ ထို့ပြင် မြတ်စွာဘုရား၏ သာသနာတော်ကြီး ကျေးဇူးကို ဤစာပိုဒ်များဖြင့် ကျေးဇူးဆပ်ခွင့်ရသောကြောင့် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

## တတိယအရွယ်သို့ ရောက်လေသော်

လောကအတွင်းရှိ လူတို့သည် စိတ်၏ အေးချမ်း ငြိမ်သက်မှုကို ရယူလိုကြသည်။ သို့သော် စားဝတ်နေရေး အတွက် ရှာဖွေခြင်းဖြင့် အချိန်ကုန်၍ နောက်ဘဝတစ်ခုသို့ ပြောင်းလဲကြရ၏။ ထို့ကြောင့် လူအဖြစ်ကို ရရှိခြင်းမှာ တမလွန် အကျိုးအတွက် ဘာမျှ မဆောင်ကျဉ်းနိုင်ကြပေ။ လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်အချိန်များသည် စကားဝိုင်းဖွဲ့ပြောခြင်း၊ ရုပ်ရှင်၊ တီဗွီကြည့်ခြင်း၊ အပျော် ခရီးထွက်ခြင်းဖြင့် အချိန်အလဟဿ ကုန်ဆုံးသွားသည်။

ဘုရားပွင့်ထွန်းလျှင် ဖူးသောအကျိုး၊ တရားနာလျှင် နာသောအကျိုး ရနိုင်ပေမည်။ ထိုမှ တစ်ဆင့်တိုး၍ ရုပ်,နာမ် ခန္ဓာကြီးကို မပြတ်ရှုမှတ်ပွားများပါလျှင် ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းသည့် 'နိဗ္ဗာန်တံခါး' သို့ ရောက်ရှိနိုင်ပေသည်။ ကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်၍ ဗုဒ္ဓဘာသာကို သာမန် ကိုးကွယ်သူတစ်ဦး ဖြစ်ခဲ့သည်။ သို့သော် 'ရတနာမွန်'၊

Generated by CamScanner from intsig.com

မြတ်မင်္ဂလာ’ မှစ၍ ဖတ်ရှုရခြင်းဖြင့် ဗဟုသုတများ တိုးပွားခဲ့ရသည်။ ‘ပန်း’၊ ‘ရေချမ်း’ ကပ်လှူရုံမျှ ‘ဓမ္မစကြာ’ နှင့် ‘ဓာရဏ’ ပရိတ်တို့ကို နေ့ညမစဲ ရွတ်ရုံမျှ၊ ဂုဏ်တော်ပုတီး စိတ်နေရုံမျှနှင့် ကျေနပ်မနေဘဲ ဝိပဿနာကို ရှုမှတ်ပွားများပါက ပို၍ အကျိုးကြီးကြောင်း သံဝေဂဓမ္မ လင်္ကာများမှ တစ်ဆင့် ကျွန်ုပ်တို့အသိတိုးခဲ့ရသည်။

ဤသို့ဖြင့် ကျွန်ုပ်နှင့် ဝိပဿနာတရားသည် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာပါသည်။ ကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သော်လည်း တရားစခန်းများသို့ မဝင်ဘူးခဲ့ချေ။ နီးရာ ဘုန်းကြီးကျောင်းတွင် ဥပုသ်နေ့တိုင်း သွားရောက် တရားနာလေ့ရှိ၏။ တရားနာအပြီး တရားထိုင်မှုကို (၁၀)မိနစ်ခန့် ‘ရွှေစည်ဆရာတော်’ ဘုရားကြီး၏ ညွှန်ကြားမှုကို ခံယူပါသည်။ ဆရာတော်နှင့် အနီးကပ် ဆွေးနွေးမေးမြန်းခြင်း မရှိသော်လည်း နေ့စဉ် မိမိအိမ်၌ နာရီဝက်ခန့် ရှုမှတ်ကြည့်၏။ မှန်မှန်ရှုမှတ်သောအခါ တစ်နေ့တွင် ခေါင်းပေါ်၌ ပူသလိုလို၊ အေးသလိုလို၊ လေးသလိုလို ဖြစ်လာ၏။ ထိုသို့ ဖြစ်လာလျှင် တရားကို ဖြုတ်ပစ်လိုက်၏။ ထို ပူ၊ အေး၊ လေးမှု တို့ကို မည်သို့ဆက်၍ ရှုမှတ်ရမည်ကို မသိ၍ အိမ်တွင်ရှိသော ဝိပဿနာ စာအုပ်များကို ရှာဖွေဖတ်ရှု၏။ ထိုအခါ ‘တပ်ဦးကျောင်း



ဆရာတော်ဘုရား’ ရေးသားသည့် ‘သဘာဝတရားအရှိကို သိမြင်နိုင်သော ဉာဏ်စက္ခုဖြင့် ရှုကြည့်နည်း’ စာအုပ်ကို ဖတ်ပြီးနောက် ထိုကျောင်းသို့ အပတ်စဉ် သွားရောက်အား ထုတ်ခဲ့၏။ ထိုအခါတွင် ရှုမှတ်ရာမှ ဖြစ်ပေါ်လာသော ပူ၊ အေး၊ လေးမှုသည် ဓါတ်သဘောဟု နားလည်ခဲ့၏။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော ဓါတ်ကြီးလေးပါးနှင့် ဖွဲ့စည်းထားသဖြင့် ဤဓါတ်တို့ကို တွေ့ခြင်းဖြစ်ပါသည်။

ဝိပဿနာဆိုသည်မှာ ခန္ဓာကိုယ်မှ ရုပ်, နာမ် သဘာဝတွေ၏ အမှန်အတိုင်းပြသည့် ဖြစ်ခြင်း၊ ပျက်ခြင်းကို ဉာဏ်ဖြင့် ရှုကြည့်သောနည်း ဖြစ်ပါသည်။ ခန္ဓာတွင်းမှ သဘာဝအရှိတရားကို ရှုရာတွင် တစ်ထိုင်၊ တစ်ခဏ လုပ်ရုံမျှနှင့် ကျွန်ုပ်တို့ ခန္ဓာတွင်းမှ စိတ်တို့၏ မတည်ငြိမ်မှုကိုသာ တွေ့ရမည်။ စိတ်ကို စိတ်ဖြင့်လိုက်၍ နေ့စဉ်ရှုမှတ်မှသာ တည်ငြိမ်မှုကို ရရှိပေမည်။ သို့မှသာ ကျွန်ုပ်တို့ ခန္ဓာတွင်းမှ ရုပ်, နာမ် တို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို သိမြင်နိုင်မည်။ ထို့ကြောင့် ရှုမှတ်ပွားများမည်ဆိုလျှင် ဆရာသမားနှင့် မပြတ်ဆွေးနွေး၍ မပြတ်အားထုတ် နိုင်မှသာလျှင် ရုပ်, နာမ် တို့ကို ပိုင်းခြားသိရှိပြီး နည်းမှန် လမ်းမှန်ပေါ်သို့ ရောက်ရှိနိုင်ပေမည်။

Generated by CamScanner from intsig.com

ဗုဒ္ဓမြတ်စွာဘုရား ထားရှိခဲ့သော ဤဝိပဿနာ တရားသည် အဆင့်အမြင့်ဆုံးနှင့် အခက်ခဲဆုံး ပညာရပ် တစ်ခုဖြစ်ပါသည်။ ဤပညာရပ်သည် အကြားအမြင်ရ၍ ဟောပြောနိုင်ဖို့အတွက် မဟုတ်သလို၊ ရုပ်ဝတ္ထု ပစ္စည်း ချမ်းသာရေးနောက်သို့လည်း လိုက်သောလမ်းမဟုတ်ပါ။ ကျွန်ုပ်တို့၏ ရုပ်, နာမ် ခန္ဓာကိုယ်ထဲတွင် ကိန်းအောင်နေသော လောဘ၊ ဒေါသ၊ မောဟ ပူလောင်မှုကိလေသာ အညစ်အကြေး များ ကင်းစင်၍ အမြစ်ပြတ်ရေးပင်ဖြစ်သည်။ ကျွန်ုပ်တို့ နေ့စဉ် ကြုံတွေ့နေရသော အကောင်းတရားလေးပါးနှင့် အဆိုးတရား လေးပါးဟူသည့် လောကဓံ ခံနိုင်မည့် အကျိုးတရားများ ရရှိလာပေမည်။ တဖန် နောင်တမလွန်၌လည်း (၃၁)ဘုံကျင်လည်ရခြင်းမှ လွတ်မြောက်နိုင်ပေမည်။

ကျွန်ုပ်တို့သည် ပျော်ရွှင်မှုနောက်သို့လိုက်ရင်း မပျော်ရွှင်မှုနှင့် ကြုံကြရ၏။ စိတ်ချမ်းသာမှု နောက်သို့ လိုက်ရင်း စိတ်ဆင်းရဲမှုနှင့် ကြုံတွေ့ရ၏။ နတ်၊ ဂိုဏ်း၊ ဘိုးတော် အစရှိသည်တို့ကို အစွန်းရောက်စွာ ကိုးကွယ်မှုများဖြင့် အချိန်ကုန်၍ အလိမ်ခံကြရသည်။ 'တရားရှာ ကိုယ်မှာတွေ့' ဆိုသည့် ဝိပဿနာတရားနောက်သို့လိုက်လျှင် ရုပ်အစိပ်စိပ်၊ နာမ်အစိပ်စိပ်တို့ကို တွေ့မြင်ကြရမည်။ ပညတ်၊ ပရမတ် သဘောတရားများကို နားလည်၍ ပီတိသုခ ချမ်းသာများ



ကိုလည်း တွေ့ရှိခံစားကြရမည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာကိုလည်း ရရှိနိုင်ပေမည်။

ကျွန်ုပ်တို့သည် ဗုဒ္ဓရှင်တော်မြတ် ထားရှိခဲ့သော တရားအဆီအနှစ်များကို နည်းခံကျင့်ကြံမှသာလျှင် 'တတိယ အရွယ်၏ အို, နာ, သေ ' ကို ချက်စိမလည် အားမငယ်ဘဲ ဣန္ဒြေရကာ အောင်မြင်စွာဖြင့် တိုက်ထုတ်နိုင်ပေတော့မည်။

## "ဝိပဿနာနယ်မြေမှ ဝိမုတ္တိရသ"

ယနေ့ကမ္ဘာတွင် အင်တာနက်၏ အရေးပါမှု ကွန်ပျူတာစက်၏ မြန်ဆန်မှုများဖြင့် ရုပ်လောကပိုင်း ဆိုင်ရာများ တိုးတက်ခေတ်မီလာသော်လည်း လူသားတို့၏ စိတ်အာရုံကို လက်မလွှတ်နိုင်အောင် ချမ်းသာမှုအဖြစ် မည်သည့် ရုပ်ဝတ္ထု ပစ္စည်းကမှ စွမ်းဆောင်ပေးနိုင်ခြင်း မရှိချေ။

ရှင်တော်မြတ်ဗုဒ္ဓ ထားရှိခဲ့သည့် ပရိယတ္တိ၊ ပဋိပတ္တိ တရားဒေသနာများနှင့် နည်းပေးလမ်းညွှန်နိုင်သည့် သံဃာတော် အရှင်သူမြတ်များ တည်ရှိနေသရွေ့ မမေ့မလျော့ သော သတိတရားဖြင့် အမြဲမပြတ် အားထုတ်သူ ရဟန်းရှင်၊ လူ၊ ယောဂီ၊ အပေါင်းအတွက် မဂ်ဖိုလ်တရားများ ဒိဋ္ဌတွေ့ရှိလျှင် လက်မလွှတ်နိုင်သော ချမ်းသာမှုကြီးအဖြစ်

Generated by CamScanner from intsig.com

ခံစားနိုင်မည်ဖြစ်သည်။

နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင်ခံစားနိုင်ရေးနှင့် (၃၁)ဘုံ ကျင်လည်ရခြင်းမှ လွတ်မြောက်နိုင်ရန် အတွက် ဤစာရေးသူသည် ကျေးဇူးရှင် တပ်ဦးကျောင်းဆရာတော်ဘုရားကြီးထံမှာ အနီးကပ်ချဉ်းကပ် အားထုတ်ခွင့်ရသဖြင့် ဝိမုတ္တိရသထူး၏ တရားထူးတရားမြတ်ကို တွေ့ရှိခဲ့ရသည်။

ယခုအခါ တရားလောကတွင် သက်တမ်းကြာ၍ အားထုတ်ခြင်းကို အားမရသူ ယောဂီများသည် ဟိုနယ်မှ ဒီနယ်၊ ဟိုရိပ်သာမှ ဒီရိပ်သာသို့ စူးစမ်းလျက် တရားထူးကို စိတ်ဝင်တစား ဆွေးနွေးအားထုတ်လာကြသည်။

ဤစာရေးသူ အားထုတ်လျက်ရှိသော ရိပ်သာ၏ နည်းပေးလမ်းညွှန်မှုကို တင်ပြလိုပါသည်။ ဆရာတော်ဘုရားကြီးသည် အားထုတ်သူ ယောဂီတို့အား ခန္ဓာကိုယ် မလှုပ်ရ၊ မပြင်ရဟု မညွှန်ကြားပါ။ ကာယိကဝေဒနာ၏ မခံသာမှုကို အမှတ်နှင့် ပြင်ခိုင်းပါသည်။ ယောဂီ၏ ဉာဏ်မှာ ပရမတ်ဆိုက်သောအခါ ခန္ဓာတွင်း ဖောက်ပြန်မှုများကို ရှုမှတ်နိုင်လာ၏။

နောက်တစ်ချက်က ဆရာတော်သည် ကမ္မဋ္ဌာန်းနည်းလမ်း တစ်ခုတည်းကိုသာ လမ်းကြောင်းအဖြစ် ဆုတ်ကိုင်



ညွှန်ပြခြင်း မရှိချေ။ မြတ်ဗုဒ္ဓ၏ တရားဒေသနာများကို ဆရာတော် သုံးသပ်ရှုမှတ်ထားသော နည်းများထဲမှ ယောဂီကို ညွှန်ပြသည့်အခါ ယိုအပ်သလို သင်ကြားရှုမှတ်ခိုင်းသည်ကို တွေ့ရှိရသည်။

ကျွန်ုပ်တို့၏ တရားသက်တမ်း (၁၁)နှစ်ခရီးမှ တွေ့ရှိမှုများကို တင်ပြလိုပါသည်။ ရုပ်၊ နာမ် ပရမတ် ဆိုက်သော ယောဂီသည် (အာကာသဓါတ်) ရုပ်ကလာပ်တို့၏ အကြားအပေါက်ကို ရှုမြင်နိုင်ခြင်းသည် ခရီးရောက်မှုအဖြစ် တွေ့ရ၏။ ထိုရှုကွက်ကို တင်ပြရလျှင် ဝင်လေထိသိ၊ ထိသိ ရုပ် နာမ်အစုံ ကလေးများနှင့် ထွက်လေထိသိ ထိသိ ရုပ် နာမ် အစုံကလေးများ ကုန်ဆုံးသွားခြင်းကို ယောဂီဉာဏ်မှာ မြင်တွေ့ ရှုမှတ်နိုင်ခြင်းဖြစ်သည်။ ထို့ပြင် ခန္ဓာကိုယ်ပုံသဏ္ဌာန်ကို လွတ်၍ ခန္ဓာတွင်း ပရမတ်တို့၏ တစ်သုတ်ပြီးတစ်သုတ် ကုန်ဆုံးသွားခြင်းကို ခြုံ၍ ရှုမှတ်နိုင်ခြင်းဖြစ်သည်။

တစ်ဖန် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ကို ရှုမှတ်ရာတွင်လည်း အတိတ်က ရုပ် နာမ် ရှုကွက်သည် ဖြစ်ပြီးပျက်သွားသည့်နောက် ဖြစ်ပြီးသား အစုအပုံအဖြစ် မရှိခြင်း၊ အနာဂတ် ရုပ်, နာမ် ရှုကွက်သည် ဖြစ်စရာအစုအပုံ အဖြစ် မရှိခြင်းတို့ကို ဉာဏ်မှာ အမြင်ရှင်းလာလျှင် ပစ္စုပ္ပန်၌ ဖြစ်ဆဲ၊

Generated by CamScanner from intsig.com

ပျက်ဆဲ၊ ကုန်ဆုံးဆဲသာ ရှိသည်ဟု ရှုမှတ်နေရင်း ကာလသုံးပါး တွယ်ညိမှုများမှ လွတ်၍ ယောဂီ၏ ဉာဏ်အမြင်သည် လောကီ မဂ္ဂင်မှ လောကုတ္တရာ မဂ္ဂင်ဆီသို့ ဆိုက်ရောက်သွားနိုင်၏။

အရိယာပထမအဆင့် ဆိုက်ရောက်ရမည့် ပုဂ္ဂိုလ်သည် သီလစင်ကြယ်ခြင်း၊ စိတ်ဓါတ်စင်ကြယ်ခြင်း ၊ အယူစင်ကြယ်ခြင်းနှင့် ရုပ်, နာမ် တရားအပေါ် ယုံမှားကင်း၍ ဝိပဿနာဉာဏ်ပညာဖြင့် ပြည့်စုံခြင်း မဂ်ဟုတ်, မဟုတ်ကို ကမ္မဋ္ဌာန်းဆရာမှ အဆုံးအဖြတ် ပေးနိုင်ခြင်းတို့ဖြစ်သည်။

ယနေ့ သာသနာတော်တွင် မဂ်ဖိုလ်တရားကို ရအောင် နည်းပေးနိုင်သည့် ဆရာကောင်း၊ သမားကောင်းတွေ ထံမှာ ချဉ်းကပ်ပြီး နည်းခံယူ အားထုတ်ခွင့်ရမယ်။ မိမိစိတ်ကလည်း တရားတော်အပေါ်မှာ ထက်သန်သော လုံ့လ၊ ဝီရိယဖြင့် ပဋိပတ်တရားများကို ကြိုးစားပွားများ အားထုတ်လျှင် ယခုဘဝမှာပဲ တရားထူး၊ တရားမြတ်ကို ရရှိနိုင်ပါသည်။

ယခုအခါ တရားထူးနှင့် ပတ်သက်၍ ရှူးစမ်း အားထုတ်လိုသူ ယောဂီများသည် မန်းတောင်ခြေ၊ ဘုန်းတော်တိုးရပ်ကွက်၊ တပ်ဦးကျောင်းကမ္မဋ္ဌာန်းတိုက်သို့ လာရောက်အားထုတ်လျှက်ရှိပါသည်။



## ကျွန်တော်လျှောက်ခဲ့သောဝနာခရီး

ကျွန်တော်ငယ်စဉ်က ဘုရားရှိခိုးလျှင် 'ဤသို့ ကန်တော့ရသော အကျိုးအားကြောင့် နိဗ္ဗာန်ကို ရောက်ရ ပါလို၏'ဟူသော အပိုဒ်ကို မဆိုဖြစ်ခဲ့ပါ။ နိဗ္ဗာန်၏ အနက်အဓိပ္ပါယ်ကို မသိဘဲနှင့်လည်းကောင်း၊ ဒီအတိုင်း ရွတ်ဆိုရုံမျှဖြင့် နိဗ္ဗာန်ကို မရောက်နိုင်ဟူသော ခံယူချက်ဖြင့် လည်းကောင်း ထည့်၍ မဆိုဖြစ်ခဲ့ပါ။

ကျွန်တော် ခြောက်တန်းကျောင်းသားအရွယ်တွင် နေအိမ်မှ အသက် (၈၀)ကျော် အဘိုးဆုံးသွားပါသည်။ လူသည် သေမျိုးဖြစ်ကြောင်း ဦးစွာ သံဝေဂရမိပါသည်။ မိမိလည်း သေလျှင် ဘယ်ကိုရောက်မည်နည်းဟု အကြိမ်ပေါင်းများစွာ တွေးတောမိ၍ တုန်လှုပ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ငါးပါးသီလ၏ အနက်အဓိပ္ပါယ်ကို သိချင်လာသဖြင့် မိဘများကို မေးမြန်းခဲ့၏။

တက္ကသိုလ်ပထမနှစ် မြန်မာစာတွင် လောကခံ ရှစ်ပါးအကြောင်း သင်ကြားလေ့လာခဲ့ရ၏။ ထိုအချိန်မှစ၍ လက်လှမ်းမီရာ ဗုဒ္ဓစာပေများကို လေ့လာရာ တရားရှုမှတ် ပွားများမှသာ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသော (၃၁)ဘုံ ကျင်လည်ရခြင်းမှ လွတ်မြောက်နိုင်ကြောင်း သိရှိ မှတ်သားရ၍

Generated by CamScanner from intsig.com

စတင်တရားအားထုတ်ဖြစ်ခဲ့၏။

အားလပ်ရက်များတွင် ရွှေစည်ဆရာတော် ဘုရားကြီး၏ ဥပုသ်နေ့ တရားဟောအပြီး (၁၅)မိနစ်ခန့် တရားထိုင် ညွှန်ကြားမှုကို ခံယူပါသည်။ မိမိနေအိမ်တွင်လည်း (၁၅)မိနစ် (သို့မဟုတ်) နာရီဝက်ခန့် နေ့စဉ်လိုလို တရားထိုင်ဖြစ်ခဲ့၏။ ဤသို့ ရှုမှတ်ရင်းဖြင့် ခေါင်းပေါ်၌ ပူသလိုလို၊ အေးသလိုလို၊ ယားသလိုလို စတင်ဖြစ်လာပါသည်။ အနီးကပ်ညွှန်ပြမည့် ဆရာ မရှိသောကြောင့် ဤသို့ ဖြစ်လာတိုင်း တရားကို ဖြုတ်ထားခဲ့၏။ ထို့နောက် တရားစခန်းဝင်ဘူးသူများနှင့် ဆွေးနွေးရာ မည်သို့ ရှုမှတ်ရမည်ဟု ညွှန်ပြမှု မရရှိသဖြင့် တရားထိုင်မှုကို ခေတ္တရပ်နားဖြစ်ခဲ့၏။

ထိုမှတဖန် ကျောင်းဆရာအလုပ်ထဲ ရောက်သော အခါမှ တပ်ဦးကျောင်း ဆရာတော်ဘုရားကြီးထံ နည်းခံ၍ စနေ၊ တနင်္ဂနွေနေ့များတွင် သွားရောက်အားထုတ်ခြင်း၊ ဆွေးနွေးခြင်း ပြုလုပ်ခဲ့၏။ ပထမဦးစွာ ဆရာသက်ကြီးနည်းဖြင့် ညွှန်ကြားသည့်အတိုင်း ရှုမှတ်ခဲ့၏။ ထို့နောက် ဖားအောက် ဆရာတော်ဘုရားကြီး၏ ဓါတ်ကမ္မဋ္ဌာန်းနှင့် ပဋိစ္စသမုပ္ပါဒ် သစ္စာရှုကွက်တို့ကို တပည့်နားလည်နိုင်မည့် စကားအသုံးဖြင့် သင်ကြားပြသသည်ကို ခံယူရှုမှတ်ခဲ့၏။



ဤကဲ့သို့ ဆရာတော်ဘုရားကြီး သင်ကြားပေးသည့် ရှုနည်းအတိုင်း ရှုမှတ်ခဲ့ရာ တစ်နေ့ရှုမှတ်ချိန် (၂)နာရီခန့် ရှိပါသည်။ ကျောင်းအားရက်တွင် (၃)နာရီခန့် ရှုမှတ်ဖြစ်ခဲ့၏။ တရားသက်တမ်း (၆)နှစ် အရောက်တွင် အစိုးရအလုပ်မှ အနားယူခဲ့၏။ ထိုနှစ်အတွင်းမှာ ရုပ်တရား၊ နာမ်တရား ကွဲပြားလာခြင်း၊ အကြောင်းအကျိုး ဆင်ခြင်နိုင်ခြင်းနှင့် အရောင် ပီတိ၊ သုခ စသည့် မဂ်အန္တရာယ် (၁၀)ပါးကို တွေ့ရှိ နားလည်သဘောပေါက်ခဲ့သော်လည်း အားထုတ်မှု၌ အားရကျေနပ်မှု မရှိသေးပါ။ ထို့ကြောင့် တစ်ရက်လျှင် (၄)နာရီ ပျမ်းမျှအားဖြင့် (၃)ချိန်ခွဲ၍ ရှုမှတ်ခဲ့၏။

ဤသို့ဖြင့် သင်ညာမှ ပညာဉာဏ်ဖြစ်လာသောအခါ ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို ပိုင်းခြား သိမြင်ခြင်း၊ ပညတ်၊ ပရမတ်တို့ ကွဲပြားလာခြင်း အကြောင်းတရား အကျိုးတရားတို့ကို ပိုင်းခြားသိမြင်ခြင်းနှင့် ပဋိစ္စ သမုပ္ပါဒ် တို့၏ ဖြစ်ပျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရား တည်းဟူသော လက္ခဏာရေး (၃)ပါး ထင်မြင်လာပါသည်။

ထိုမှတစ်ဖန် ခန္ဓာကိုယ်ဒြပ်သဏ္ဍာန်ကို လွတ်၍ စကြာဝဋ္ဌာအထိ ဖြန့်၍ ရှုနိုင်ခြင်း၊ တစ်သုတ်ကုန်ဆုံး၍ နောက်တစ်သုတ်အကြား အာကာသဓါတ် ပိုင်းခြားမှုကို ထင်မြင်ခြင်း အစကတည်းက ဖြစ်စရာမရှိခြင်း၊ ဖြစ်ပြီးနောက်

Generated by CamScanner from intsig.com

မရှိခြင်း စသည့် အတိတ်၊ အနာဂတ် စွဲညိမှုတို့မှ ကင်းလွတ်၍ ပစ္စုပ္ပန် ဖြစ်ဆဲ၊ ပျက်ဆဲကို ရှုမှတ်နေရင်းမှ မဖြစ်မပျက်သည့် ရှုကွင်းပေါ်သို့ ရှုညဏ်ရောက်ရှိ၍ လွတ်မြောက်ခြင်း၏ အရသာ ဖြစ်သည့် ဝိမုတ္တိရသကို ခံစားရပါ၏။

ဤတွေ့ရှိချက်သည် တရားထူးဟုတ်, မဟုတ်၊ တစ်ဖန် ဆရာတော်ဘုရားကြီးက စစ်ဆေးပါသည်။ ထို မဖြစ်မပျက်သည့် ရှုကွင်း၏ အပြင်ဘက်တစ်နေရာသို့ အာရုံပြုကြည့်သောအခါ ဘာကိုမျှ တွယ်ညီမှုမရှိဘဲ လက်ရှိငြိမ်သက်နေသည့် ရှုကွင်းပေါ်သို့သာ ပြန်ရောက်ရှိ၏။ ထိုငြိမ်သက်နေသော ရှုကွင်းပေါ်သို့ နာရီဝက်ခန့် အဓိဋ္ဌာန် ကြည့်သောအခါ နာရီဝက်ခန့် ငြိမ်သက်မှုကိုသာ ခံစားရပါ၏။ ဤသည်ပင်လျှင် ဖြစ်ပျက်မှ လွတ်မြောက်သည့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေရပါတော့၏ဟု ယူဆရပါတော့သည်။

ဤသို့ဖြင့် တရားသက်တမ်း (၉)နှစ်မြောက်တွင် ကျွန်တော်လျှောက်ခဲ့သော တရားဘာဝနာ၏ ခရီးပန်းတိုင်ကို ရောက်ရှိလာသဖြင့် (မန်းတောင်ခြေ) တပ်ဦးကျောင်း ဆရာတော်ဘုရားကြီးနှင့်တကွ ရဟန်း၊ သံဃာ ရှင်သာမဏေတို့၏ ကျေးဇူးတော်ကို ဤစာမှတ်တမ်းဖြင့် ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ပါ၏။

ယောဂီ နီလာ (နန်းရှေ့) ဖုန်း၊ ၀၉–၉၁၀၃၄၅၀၀



## ဆရာလေး မသုတေသီ၏ ဘဝနိဒါန်းနှင့်တရားမှတ်တမ်း

အသက်(၂၈)နှစ်တွင် ပရိယတ္တိစာပေကို စစ်ကိုင်းတောင်တွင်ရှိသော ဒေါ်စရဏာဉာဏီထံတွင် စာပေများ သင်ကြားနေရင်းဖြင့် ဆရာ၏တူတော်မောင်မှာ အူအတက် ပေါက်၍ စာမသင်ကြားဖြစ်တော့ပေ။ ဒါကြောင့် ရန်ကင်းအေးငြိမ်းရိပ်သာတွင် ပထမဆုံးတရားစတင်ဝင်ရောက် ထိုင်ဖြစ်ခဲ့ပါသည်။

ရန်ကင်းအေးငြိမ်း ရိပ်သာတွင်လည်း ဆရာတော်ကြီးက သတိပဋ္ဌာန်လေးမျိုးစလုံးဟောခဲ့ပါသည်။ တရားစခန်းတိုင်းတွင် ကိုယ်စရိုက်နှင့် ကိုယ်ကမ္မဋ္ဌာန်း သင့်တော်ရာလုပ်ကြရာတွင်လည်း တိုးတက်မှု ရှိသလောက်တော့ရှိခဲ့ပါသည်။ ကိုယ်စရိုက်နှင့်ကိုက်ညီမည့် ကမ္မဋ္ဌာန်းမရွေးချယ်တတ်ပါ။ ဘယ်ကမ္မဋ္ဌာန်းကိုမျှ အစွဲအလမ်းမထားခဲ့ပါ။ ရိပ်သာတိုင်းတွင်လည်း ဆရာတော်ကြီးများ၏ လမ်းညွှန်မှု သွန်သင်ပြသမှုများသည် တစ်ခုတလေ အနည်းအကျဉ်း တိုက်ဆိုင်မှုများရှိပါက ဗဟုသုတများတိုးပွားခဲ့ပါသည်။

ဝါဝင်ရန် (၁၀)ရက်အလိုတွင် တပ်ဦးကျောင်း ဆရာတော်ကြီးထံ ခိုလှုံ၍တရားအားထုတ်ကြည့် ပါသည်။ ရောက်သည့်နေ့မှစ၍ ဆရာတော်ဘုရားက နှာသီးဖျားမှရှူလေ ရှိုက်လေ အထိထင်ရှားတဲ့ နေရာကနေ စောင့်ပြီး လေရှူလိုက်တာနှင့်ထိတဲ့နေရာမှ အေးတာကိုသိရမယ်။ အဲဒီထိတာနဲ့သိတာကို ဝင်လေထိသိဟုရှုမှတ်ရပါတယ်။ ထွက်လာတဲ့လေကလည်း နှာသီးဝမှာ နွေးတာကိုသိရမယ် ဆိုပြီး ဓမ္မာရုံမှာ တစ်ခါတည်းတရားရှုမှတ်ရပါတယ်။ ညနေပိုင်း (၅)နာရီထိုးတဲ့အချိန်တွင်ဆရာတော်က ဝင်လေထိတာနဲ့ ထွက်လေထိတာ ထင်ထင်ရှားရှား တွေ့လားလို့မေးပါတယ်။ တွေ့ရင်ထိတာကရုပ်၊ သိတာက နာမ်ဟု ရုပ်နာမ်ကိုခွဲပေးပါတယ်။ ရုပ်နာမ်ခွဲပြီးနောက်မှာ ဆရာတော်ဘုရား တပည့်တော်မ ခန္ဓာကိုယ်လေးလာတာ ခံစားရပါတယ်။ ပြီးတော့ ခြေလှမ်းတိုင်းမှာလည်း လေးနေတာခံစားနေရပါတယ်ဘုရားလို့ လျှောက်လိုက်တဲ့ အခါမှာ လေရှူလိုက်လို့ နှာသီးဖျားမှာ ထိသိပေါ်လာတာ သည်အဖြစ်၊ အရှူရပ်လို့ ထိသိပျောက်သွားတာ က အပျက်ဟု ရုပ်နာမ်ဖြစ်ပျက်ကိုနှာသီးဖျားမှာ စောင့်၍ ရှုရပါသည်။

ရုပ်နာမ် ဖြစ်ပျက်ရှုတဲ့အခါမှာတော့ တစ်ကိုယ်လုံး



ပေါ့ပြီးလေထဲမှာ နေရသလိုခံစားရပါသည်။ ခြေလှမ်းတိုင်း မှာလည်းပေါ့ပါးပြီးဖြစ်နေပါတယ်ဘုရားလို့ လျှောက်ပြန်တော့ ရုပ်နာမ်တို့၏အကြောင်း အကျိုး ဆက်စပ်ဖြစ်ပုံကို မြင်အောင်ရှုကြည့်ခိုင်းပြန်ပါသည်။ ဘာကြောင့် ထမင်းစား ရတာလဲ ဆင်းရဲပြီး သေမှာကြောက်လို့ သမုဒယကြောင့် ဒုက္ခဖြစ်နေပါလားဆိုတာ အတွေး ပေါ်လာပါတယ်။ အလုပ်လုပ် ရတာလည်း ဒီခန္ဓာရဲ့ စားဝတ်နေရေးအတွက် သွားရလုပ်ရတာ သမုဒယကြောင့် ဒုက္ခ၊ ထမင်းစားဖို့ အတွက် ချက်ပြုတ်ထုထောင်းလုပ်နေရင်လဲ သမုဒယသစ္စာ အကြောင်းကြောင့် ဒုက္ခသစ္စာပါလားဆိုတာ ဉာဏ်မှာ ပေါ်လာပါတယ်။ ဉာဏ်နှင့်ခြုံကြည့်လိုက်တော့ ချမ်းသာမလိုလိုနဲ့ ဆင်းရဲတာကိုတွေ့ရပါသည်။ ဒါကြောင့် ဒီရုပ်နာမ်ကြီးဟာ ဒုက္ခသစ္စာပါလားလို့ ရှုမှတ်လိုက်ပါတယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ပြုလုပ်မှု ကမ္မဘဝ အနာဂတ် ဒုက္ခသစ္စာ ဤလေးအချက်ကို ဉာဏ်မှာထင်မြင်အောင် ရှုမှတ်ရပါတယ်လို့ ဆရာတော်ဘုရားက ကမ္မဋ္ဌာန်းနည်း ပေးပြန်ပါတယ်။

နောက်တော့ မျက်နှာတစ်ခုလုံး ပခုံးမှရင်ဘတ် တစ်ခုလုံး လက်ဖဝါးနှစ်ဖက်ထပ်တဲ့အပေါ်လည်း ခြုံငုံပြီး ကြည့်ဆိုပြီးပြောလိုက်ပါတယ်။ တရားစတင်ထိုင်တော့

Generated by CamScanner from intsig.com

ဆရာတော်ပြောတဲ့အတိုင်း ဆက်ပြီး တရားရှုမှတ်ရာမှ (၁)နာရီခွဲခန့်အကြာတွင် မျက်နှာတစ်ခုလုံး လှုပ်လှုပ်မွှမွှများစဖြစ်လာပါသည်။ ရင်ဘတ် ရော တစ်ကိုယ်လုံး နီးပါးဖြစ်လာပါတော့သည်။ ဒါကိုဘဲဆက်၍ ခြုံပြီးရှုမှတ်တော့ တစ်ကိုယ်လုံး၊ လှုပ်လှုပ်ရွရွ ရုပ်နာမ် ဖြစ်ပျက်တွေ တဖွားဖွားပေါ်နေတာကို ဉာဏ်မှ သိသိနေပါတယ်။ ဒီလိုသိလိုက်တိုင်းမှာ ရုပ်နာမ်ဟာ ဖောက်ပြန်နေပါလား ဖောက်ပြန်နေတယ်လို့ရှုမှတ်ပါတယ်။

နောက်တစ်နာရီခန့် တရားပြန်ထိုင်တော့ မိနစ် (၃၀)ခန့်အကြာတွင် ခန္ဓာကိုယ်တွင် လှုပ်လှုပ် ရွရွတွေဟာ ပေါ်သွားလိုက် ပျောက်သွားလိုက်ဖြစ်နေတာကိုလည်းသိတယ်။ ရုပ်နာမ်တွေ ဖောက်ပြန်တယ် ဆိုပြီး မှတ်နေရာမှဖြုတ်ဆို ရင်ဘတ်ထဲမှာအေးပြီး လှုပ်လှုပ်ရွရွတွေငြိမ်သက်ပြီး သွားတာကို သတိထားမိပါတယ်။ ဒါကိုဘဲ ဆရာတော် ဘုရားကိုလျှောက်တော့ ဒါဘဲနင်လိုချင်နေတဲ့ ငြိမ်းအေးတဲ့ ချမ်းသာ ဟုပြောပါတယ်။

ခန္ဓာကိုယ်လှုပ်ရွတွေပေါ်ပြီး ပျောက်သွားတော့ ငြိမ်သက်အေးချမ်း၍နေရပါသည်။ အတိအကျ ကမ္မဋ္ဌာန်းနည်းပြသပေးနိုင်သော တပ်ဦးကျောင်းဆရာတော် ဘုရားထံ အချိန်မီလာရောက်အားထုတ် နိုင်ကြပါစေရန်



ကိုယ်တွေ့ဖြစ်စဉ်များရေးသား၍ နှိုးဆော်လိုက်ရပါသည်။

ဆရာလေး မသုတေသီ
ကချင်ပြည်နယ် မိုးညှင်းမြို့နယ်
အင်းတော်ကြီးဒေသ
လုံးတုံ

## ယောဂီယဉ်ယဉ်မေ၏
## တရားအားထုတ်ခြင်းကိုယ်တွေ့မှတ်တမ်း

ကျွန်မသည် ဦးမောင်ညွန့်+ဒေါ်စန်းကြည် မိသားစုမှ သမီးအကြီးဆုံး မယဉ်ယဉ်မေဖြစ်ပါသည်။

ကျွန်မသည် (၁၈)နှစ် သမီးအရွယ်ကတည်းက ဈေးချိုထီးတိုင်ဈေးတွင် ဈေးရောင်းရပါသည်။ အဖေနှင့် အမေကတော့ ပတ္တမြားရိပ်သာဆရာတော်ကြီးထံတွင် လစဉ်တရားစခန်းပွဲတွေဝင်ရင်း ဆရာတော်ကြီးနှင့် ဆရာရင်းတကာရင်းတွေဖြစ်နေကြပါသည်။ မိဘ ၂ ပါးသည် တောင်မြို့ကွက်သစ် ပတ္တမြားရိပ်သာတွင် လစဉ်တရားစခန်းပွဲတွေ မှန်မှန်ဝင်နေကြပါသည်။ ကျွန်မကတော့ ဈေးရောင်းရင်း ဥပုသ်နေ့တွင် မိဘ ၂ပါးနှင့်အတူ ရိပ်သာသို့ လိုက်ပါဥပုသ်စောင့် တရားထိုင်ရင်း အလုပ်ကို ငယ်စဉ်ဘဝကပင် အကျင့်ရနေခဲ့ပါသည်။

ပတ္တမြားရိပ်သာက နတ်တော်လနှင့် ပြာသိုလ တရားစခန်းပွဲများတွင် မိုးကုတ်မြို့မှ ယောဂီများကို ဦးစားပေးဝင်ခွင့်ရပြီး မန္တလေးမှ ယောဂီများက နားရပါသည်။ ဒီလများတွင် ကျွန်မသည် ရန်ကင်းတောင်ခြေ ရန်ကင်းအေးငြိမ်းရိပ်သာ မောင်ထောင်မြေဖင်းတောရ



ဆရာတော်ကြီး တည်ထောင်ထားသည့် ရိပ်သာတွင် (၂)လ ရက်(၆၀) တရားစခန်းဝင်ခဲ့ပါသည်။ တရားကို အထုံဝါသနာပါခဲ့ပါသည်။ ကိုယ်တိုင်လည်း ဒီဘဝမှာပင် တရားထူးရမည်ဟု ယုံကြည်ခဲ့ပါသည်။ ရန်ကင်းအေးငြိမ်း ရိပ်သာတွင် အားထုတ်ခဲ့စဉ်က ခန္ဓာကိုယ်ကြီးပေါ့သွားခြင်း၊ ခန္ဓာ၏ ဖြစ်ခြင်း၊ ပျက်ခြင်းတွေ ထင်ထင်ရှားရှား တွေ့ရခြင်းထူးခြားတဲ့ တရားအသိတွေခံစားခဲ့ရပါသည်။

ဖခင်ကြီး (၆၃)နှစ်အရွယ်တွင် ဆုံးပါးခဲ့ပါသည်။ ရိပ်သာတွင် တရားစခန်းပွဲဝင်ပြီး အာစိဏ္ဏကံတွေရှိနေသည့် အတွက် ဖခင်ကြီးသည် သေခါနီးတွင် တရားနှလုံးသွင်းပြီး ဒုက္ခသစ္စာဟု ပါးစပ်မှပြောပြီး ကြည်ကြည်လင်လင် ဆုံးသွားတာကို မျက်စိနှင့်မြင်တွေ့ခဲ့ရပါသည်။ ဖခင်ကြီး၏ သေခြင်းကို ပထမဆုံးမြင်ပြီး သံဝေဂရခဲ့ပါသည်။ နောက် (၁၀)နှစ်အကြာတွင် မိခင်ကြီး (၇၃)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။ ပိုပြီးသံဝေဂရပြီး လစဉ် တရား စခန်းတွေဝင်ပြီး ကြိုးစားခဲ့ပါသည်။ ဝါတွင်း ကြားရက် တွေမှာလည်း ရိပ်သာမှာနေပြီး တရားတွေ ဆက်တိုက် အားထုတ်ခဲ့ပါသည်။ တရားထိုင်နေစဉ် ခန္ဓာကိုယ်ကြီး၏ ခေါင်းကို ပုတ်ပြီး ပြောသလို ဖြစ်ပျက်ကို ဉာဏ်ဖြင့် မြင်ခဲ့ပါသည်။ တရားထိုင်ပြီးတိုင်း ခန္ဓာကိုယ်ကြီး

Generated by CamScanner from intsig.com

ပေါ့ပါးနေပါသည်။ သဒ္ဒါ တရားမကျအောင် သတိတရားဖြင့် ကြိုးစားခဲ့ပါသည်။

တပိုတွဲလ တရားစခန်းမတိုင်မီ အိမ်မှာနားနေစဉ် ညီမများက မန္တလေးတောင်ခြေမှ တပ်ဦးကျောင်းသွားပြီး တရားအားထုတ်ပါဆို၍ အားထုတ်ခဲ့ပါသည်။ ဆရာတော်ကြီးက နေ့တိုင်းတရားသင်ခန်းစာပေးပြီး နေ့တိုင်းနံနက် (၇)နာရီတရားစစ်ပေးပါသည်။ (၅)ရက်မြောက်တွင် ချော်လဲ၍ ဒူးအရွတ်ကွာသွားပါသည်။ အိမ်ကို ပြန်ခဲ့ရပါသည်။ ဒါပေမဲ့ ဖွဲ့မလျှော့ပါ။ နေကောင်းခြေထောက် သက်သာလာ၍ ဆရာတော်ကြီးကျောင်းပြန်ပြီး အားထုတ်ခဲ့ပါသည်။ ဆရာတော်ကြီးက တစ်ကိုယ်လုံးခြုံပြီး ကြည့်ပါဟု သင်ခန်းစာပေးပါသည်။ လမ်းလျှောက်လျှင်လည်း ခြေချလိုတိုင်း ဖျင်းဖျင်းနှင့် အထက်နားထင်နားထိ တက် ပျောက်သွားပါသည်။ (၅)ရက်မြောက်နေ့တွင် တစ်ကိုယ်လုံး ခြုံကြည့်တိုင်း မျက်စိရှေ့မှ လှုပ်လှုပ်တွေတွေ့ နေရပါသည်။ ခန္ဓာကိုယ်ပျောက်ပြီး လှုပ်လှုပ်တွေခြည်း မြင်နေရပါသည်။ (၇)ရက်မြောက်နံနက်ပိုင်းတရားထိုင်သည့်အခါ တစ်ကိုယ်လုံးကို ခြုံကြည့်တိုင်းလှုပ်လှုပ်တွေဘဲ တွေ့ဘဲ တွေ့နေရပါသည်။

(၈)ရက်မြောက်နံနက် (၅)နာရီ အဆောင်ထဲမှာ



တရားထိုင်နေစဉ် ရုပ်နာမ်ဖြစ်ပျက် လှုပ်လှုပ်ရွရွတွေဟာ ဖျပ်ကနဲရပ်သွားပြီး ရင်ထဲနှစ်လုံးသားမှာ အဖြူရောင်လို မြင်ရပြီး အေးငြိမ်းတဲ့ခံစားမှု စက္ကန့်မျှလောက် ဖြစ်ပါသည်။ နေ့တိုင်းဆရာတော်ကြီးက (၇)နာရီမှာ တရားခေါ်စစ်ပါသည်။ ဆရာတော်ကြီးက သိနေသည့် အတိုင်းဘဲ နံနက် (၆)နာရီမှာ ယောဂီလာဟုလှမ်းခေါ်ပါသည်။ နင်ဘယ်လိုဖြစ်လည်း ပြောဟုဆိုပြီး မေးပါသည်။ ငြိမ်းအေးသွားလားဟု ပြောပါသည်။ ဒါဟာအေးငြိမ်းတဲ့ခံစားမှု နိဗ္ဗာန်ကိုအာရုံပြု ရတာ ဖြစ်တယ်ဟုအဖြေပေးပါသည်။ ကျွန်မလည်း ဝမ်းမြောက်ပြီး ဝမ်းသာနေပါသည်။ ဆရာတော်မှ သေချာ အောင် အဓိဋ္ဌာန်ပြုခိုင်းပါသည်။ (၃)ကြိမ် အဓိဋ္ဌာန်ပြုပါသည်။ လွတ်မြောက်ပြီဟုသိရပြီး ဝမ်းသာမဆုံး ဖြစ်ပါသည်။

ကျေးဇူးရှင်ဆရာတော်အား ဤစာတန်းဖြင့် ကျေးဇူးဆပ်ပါသည်။ ယခုထိ မိဘလိုကိုးကွယ် ဆည်းကပ် လျှက်ရှိပါသည်။ ကိုယ်ရဲ့ညီမ မောင်နှမတစ်စု တို့အား ဆရာတော်ကသက်တော်ကြီးလာပြီ အချိန်ရှိတုန်း ဆရာတော်ထံ ကမ္မဋ္ဌာန်းတောင်းပြီး အားထုတ်ဖို့အမြဲတမ်း သတိပေးမိပါသည်။

ဒေါ်ယဉ်ယဉ်မေ

၁၈လမ်း၊ ၈၂ × ၈၃လမ်း၊ ကသဲဝင်း၊ မန္တလေးမြို့။ဖုန်း၊ ၀၉-၄၃၁၀၀၄၄၅

Generated by CamScanner from intsig.com

## ယောဂီဝင်းမင်းသန်း၏တရားအားထုတ်ခြင်း ကိုယ်တွေ့မှတ်တမ်း

ကျွန်မကို အဖ ဦးစိန်မောင် ၊ အမိ ဒေါ်အုန်းရီမှ (၂၉-၈-၆၂)နေ့တွင် မန္တလေးမြို့ မင်းသားစုရပ်မှာ မွေးဖွားပါသည်။ အသက်ငယ်စဉ် ဉာဏ်ထက်ချိန် အသက် (၁၇)နှစ်အရွယ်မှ စ၍ ရေးပါမည်။ ရတနာသုံးပါးကို အလွန်ကြည်ညိုဆည်းကပ်သော အဖွားဖြစ်သူ ဒေါ်ရွှေနှင့် အင်းလေးဒေသရှိ ရွှေဥဒေါင်းတောင် ဆရာတော်ထံသို့ ဖူးမျှော်ရန် ရောက်ခဲ့စဉ် ကျောင်းအောက်တွင် ယောဂီအများ နေထိုင်သော နေရာကိုသွား၍ 'ဘယ်လိုတရားမှတ်ရသလဲလို့' နည်းမေးပြီး ထိုင်ခဲ့ပါသည်။ ပထမခန္ဓာကိုယ်မှ တောင့်တင်းသောင်းညာခြင်း၊ နာကျင်ခြင်း၊ မခံမရပ်နိုင်အောင် ဝေဒနာဖြစ်ပေါ်ပြီး တဖြည်းဖြည်းနဲ့ အကြောအမျှင်တွေ လျော့သကဲ့သို့ တင်းကြပ်ရာမှ ပေါ့ပါးလာကာ မနေနိုင်အောင် ရယ်ချင်စိတ်ဖြစ်ပေါ်ပြီး အဆက်မပြတ်ရယ်မောမိခဲ့စဉ် ဘေးမှ ယောဂီများက အားပေးစကား ပြောကြားကြပါသည်။ ဆက်မှတ်ရမည် ဆက်မှတ်ပါဆို၍ ငြိမ်သက်စွာ တစ်နာရီခွဲခန့် ဆက်မှတ်ဖြစ်ခဲ့ပါသည်။

ထိုမှစ၍ ရှုမှတ်ရာတွင် ပထမတောင့်တင်း



နာကျင်သောင်းညာခြင်းတို့ဖြစ်ပေါ်ပြီး ဆက်ရှုရာတွင် ပေါ့ပါးစွာနှင့် ပီတိပဿဒ္ဓိတို့ကို ခံစားနိုင်ခဲ့ပါသည်။ အသက် (၁၉)နှစ်တွင် အိမ်ထောင်ကျပြီး တစ်ခါတစ်ရံမှ ရှုမှတ်ဖြစ်ပါသည်။ ကလေး (၃)ယောက်ရပြီးသည်အထိ မှတ်ဖြစ်လိုက်မေ့လိုက်နှင့် ပေါ့လျော့စွာနေထိုင်ခဲ့ပါသည်။

အသက် (၃၆)နှစ်အရွယ်တွင် မေမြို့ ဂေါက်ကွင်းအနီးမှ မိုးကုတ်ရိပ်သာတွင် စ၍ စခန်းဝင် အားထုတ်ဖြစ်ပါသည်။ ခေါးကိုမသုံးဘဲပြစ်ထားလို့ သံချေးတက်သလို ကိလေသာ သံချေးတက်ခါ ပင်းပန်းစွာ ကြိုးစားခဲ့ရပါတယ်။ စစ်ကိုင်းမြို့ သီရိသုမနချောင်ရိပ်သာ တွင်၎င်း၊ မေမြို့အနီးစခန်း ချမ်းမြေ့ရိပ်သာတွင်၎င်း၊ ရေတံခွန်တောင် သစ္စဝေဒဂူရိပ်သာတွင်၎င်း၊ ရန်ကုန်မြို့ ရတနာမာရ်အောင်ရိပ်သာ ပုလဲမြို့သစ်တွင်၎င်း၊ အကြိမ်ကြိမ်အားထုတ်ဖြစ်ခဲ့ပါသည်။ ရိပ်သာများတွင် စခန်းဝင်စဉ် ထူးခြားမှုများ ရေးသားပါမည်။

**စစ်ကိုင်းသီရိသုမနချောင်ရိပ်သာတွင်ထူးခြားမှု**

ဝေဒနာ နှင့် ငါ ရောထွေးစွာ ဝေဒနာကို နိုင်လိုက်၊ ရှုံးလိုက်နှင့် အကြိမ်ကြိမ်ကြိုးစားခဲ့ရာ၊ ငယ်စဉ်ကလို ဉာဏ်မထက်မြက်တော့ပါ။

Generated by CamScanner from intsig.com

**အသက် (၄၃) နှစ် မေမြို့အနီးခစန်းချမ်းမြေ့ရိပ်သာတွင်ထူးခြားမှု**

သတိပဋ္ဌာန်တရား အားကောင်းခဲ့ပါသည်။ မျက်နှာကို ပြုတ်သီးရေနှင့်သုတ်လိမ်းထားသလို ပူလောင်ခြင်း၊ ပါးပြင်မှ အသားများ ပြိုဆင်းကျနေသလိုဖြစ်ခြင်း၊ ရေထဲတွင် ရပ်နေပြီး လှိုင်းပုတ်သလို၊ လှိုင်းစီးနေရသလို တသိမ့်သိမ့်၊ တငြိမ့်ငြိမ့် (၃)ရက်ခန့်ဖြစ်ပေါ်ပြီး မနက်ပိုင်းခဏ လှဲလျောင်းနေစဉ် စ၍ ဦးခေါင်းမှ ခြေဖျားတိုင်အောင် ဖြစ်မှုပျက်မှုများ ထက်အောက်စုန်ချည်ဆန်ချည်ဖြင့် အံ့သြစွာ စတင်တွေ့ မြင်ရပါသည်။

**အသက် (၄၄)နှစ် သစ္စဝေဒရှရိပ်သာတွင် ထူးခြားမှု**

အကြိမ်(၃၀)မြောက် ရက်(၂၀)တရားစခန်း တွင် ပထမ ဝင်လေထွက်လေမှ စရှုခိုင်းရာ (၆)ရက်ခန့် ကမ္မဋ္ဌာန်းနှင့် မကိုက်ညီ၍ အဆင်မပြေပါ။ အဆင့် (၄)ဟာဒယကို ထောက်ရှုခိုင်းရာမှ ကမ္မဋ္ဌာန်းနှင့် မိမိဉာဏ် အဆင်ပြေစွာ ရှုမှတ်နိုင်ခဲ့ (၁၀)ရက်မြောက်နေ့မှစ၍ အချိန်တိုင်းဖြစ်ပျက်များ မရပ်မနား ပေါ်ပေါက်လာပါတော့သည်။ ထိုင်နေစဉ် အောက်မှ တိုးနေသလို ရပ်နေစဉ် ခြေဖဝါးအောက်မှ တိုးနေသလို အိပ်ချိန်တွင်လည်း



အိပ်ယာအောက်မှ လှုပ်၍တိုးနေခါ မလှုပ်သည့်နေရာမရှိ ခေါင်းမှ ခြေဖျားထိတိုင် တဖွဲဖွဲ တသည်းသည်းနှင့် ခေါင်းကို မထူနိုင်အောင်ပင် စကားလည်း မပြောချင်၊ ဆွမ်းလည်း မစားချင်၊ ဆွမ်းတလုပ်ကိုပင် မနည်းဝင်အောင်စားနေရပါသည်။ တရားစခန်း (၁၈)ရက်မြောက်နေ့တွင် ရပ်ကမ္မဋ္ဌာန်းအချိန် နေ့လည် (၂)နာရီတွင် ကျေးဇူးရှင် ဆရာတော် ဦးခေမာစာရမှ ဒီခန္ဓာကြီးက အနိစ္စခန္ဓာ၊ အနတ္တခန္ဓာ၊ အနတ္တခန္ဓာကိုယ်ကြီးဆိုပြီး ဟောပြော လျှောက်လှမ်းလာစဉ် ထိုအချိန်မှာ ရှုမှတ်နေရင်း မိမိခန္ဓာကိုယ်ကြီးကို မုန်းတီးစိတ်များဖြစ်ပေါ်တာမှ ပြောမပြတတ်နိုင်အောင်ပင် မုန်းတီးစိတ်တွေဝင်ခဲ့ပြီး ဒူးများတဆတ်ဆတ် တုန်၍ ဒုက္ခဝေဒနာမှ မခံမရပ်နိုင်အောင်ပင် သေချင်စိတ် လွတ်မြောက်ချင်စိတ်များ ဖြစ်ပေါ်ခဲ့ပြီး ခေါင်းထဲတွင် 'ဒိ' ကနဲဖြစ်၍ ရှုမှတ်မှုများ ဖြစ်ပျက်မှုများ စက္ကန့်ပိုင်းရပ်တန့်၍ လုံးဝပျောက်သွားခဲ့ပါသည်။

ခုနက ဒုက္ခများ ဘယ်ရောက်သွားလဲဆိုပြီး လိုက်ရှာကြည့်ပါသေးတယ် မတွေ့ရတော့ပါ။ စကြ်န်ဘက်ကို ထွက်၍ မှိုထိုင်နေရပါသည်။ စိတ်ခံစားမှုများက အန္တရယ်တစ်ခုမှ လွတ်မြောက်လာသလို အံ့သြစွာ အမောဖြေနေစဉ် ယောဂီများက မူးလဲသွားသလားဆိုပြီး

Generated by CamScanner from intsig.com

ဝိုင်းကူလာကြပါသည်။

**မှတ်ချက်။ ။ ဆရာတော်ကို ဖြစ်ရပ်များ နားလည်အောင် မလျှောက်တင်နိုင်ခဲ့ပါ။ မဂ်အကြောင်း ဖိုလ်အကြောင်းလဲ သိပ်နားမလည်ခဲ့ပါ။ တရားနာရင်း ရှုမှတ်ရင်းနှင့် နားလည်လာရပါသည်။**

ထို့နောက် ရှုမှတ်မှုများ လျှောင်း၊ ထိုင်၊ ရပ်၊ သွား အချိန်အားလုံး ရှုမှတ်နိုင်ခဲ့ပါသည်။ အသက် (၄၅)နှစ်နှင့်(၄၉)နှစ်အတွင်းမှာ သာသနာပြုဖြစ်သည် ဆိုရပါမည်။ ရွှေကျီးမြင်ဘုရားတွင်း မြောက်ဦးဆရာတော်၏ မီးငြိမ်းတရားစခန်းတွင် ကူညီလုပ်ဆောင်ပေးရင်း အကြိမ်ကြိမ် ရှုမှတ်နိုင်ခဲ့ပါသည်။ ရန်ကုန်မြို့ ရတနာမာရ်အောင်ရိပ်သာ ပုလဲမြို့သစ်တွင်လည်း အကြိမ်ကြိမ်ဖြင့် အိမ်မှာတွင်လည်း မိုးကုတ်ဆရာတော်ကြီး ဟောကြားတော်မူသော သစ္စာတရားများကို တစ်ခါတစ်ရံ မိုးလင်းသည်အထိ နာရင်းရှုမှတ်ရင်းဖြင့် ဓမ္မအားဖြည့်နိုင်ခဲ့ပါသည်။

အသက် (၅၀)နှစ်တွင် မန္တလေးတောင်ခြေ တပ်ဦးကျောင်းဆရာတော် ဦးနန္ဒထံတွင် သင်္ကြန်တရားစခန်းဝင်ဖြစ်ပါသည်။ ဆရာတော်ကြီးက ထိသိ မှစတင်၍ ရှုမှတ်ခိုင်းပါသည်။ မိမိနှင့် ကမ္မဋ္ဌာန်း မကိုက်ညီသေး၍ (၄)ရက်ခန့် ကျန်းမာရေးကလည်းမကောင်း တရားအားထုတ်



ရတာ အဆင်မပြေလျှင် ဥပုသ်စောင့်ပြီး ပြန်တာပေါ့ဆိုပြီး စိတ်လျှော့အားငယ်စွာဖြင့် ရှုမှတ်ခဲ့ပါသည်။

သို့ရာတွင် ဆရာတော်ကြီးမှ ပထမ ထိသိ၊ ထိတာ ရုပ် သိတာနာမ်၊ ရုပ်နာမ်ခွဲ၊ ရုပ်နာမ် ဖြစ်ပျက်ရှု၊ ရုပ်နာမ် ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးရှု့ခိုင်းပြီး တစ်ကိုယ်လုံး ခြုံရှု့ခိုင်းတော့မှ ကမ္မဋ္ဌာန်းနှင့် အဆင်ပြေပါတော့သည်။ ခန္ဓာကိုယ်မှ တမွှမွှ၊ တရွရွ ရုပ်နာမ်ဖြစ်ပျက်မှု့များ စတင်၍ ဖြစ်ပေါ်လာပြီး စင်္ကြံလျှောက်ရာတွင် ခြေဖျားမှ ခေါင်းထိတိုင်အောင်ကျဉ်၍ လျှပ်စစ်ဓာတ်လိုက်သလို အချက်တိုင်းမှာ မှတ်စိတ်နှင့် အာရုံမိစွာ ရှုမှတ်ရင်းဖြင့် သင်္ကြန်စခန်းဝင် ယောဂီများ ပြန်သွားပြီဖြစ်ရာ ဆရာတော်ကြီးမှ ဟဲ့ယောဂီမနင်ဘယ်တော့ပြန်မှာလဲလို့ မေးတော့ တပည့်တော် (၁၀)ရက်ပြည့်ရင် ပြန်ပါမည်ဟု လျှောက်တင်ပါသည်။

ဆရာတော်ကြီးမှ နင်တရားကကောင်းနေတာ 'တရားထူးမရလျှင် မပြန်ဘူး' လို့ ပြင်ပြောပါဟု မိန့်ပါသည်။ တစ်ယောက်ထဲဖြစ်နေ၍ မယ်သီလ (၂)ပါးနှင့်အတူသွားနေ အားထုတ်ခိုင်းပါသည်။

(၁၈-၄-၂၀၁၂)မြန်မာနှစ်ဆန်း (၂)ရက်နေ့ စခန်းဝင် (၈)ရက်မြောက် နံနက် (၆) နာရီတွင် လျှောင်းရှု မှတ်နေစဉ်

Generated by CamScanner from intsig.com

တောင်ဘက်စောင်း၍ မှတ်ရာမှာ တချိန်လုံး လှုပ်နေသော ရုပ်နာမ်ဖြစ်ပျက်မှုများ လျော့နည်းလာပြီး မြောက်ဘက်သို့ တချိန်ရှုမှတ်ရာတွင် တဖြည်းဖြည်းလုံးဝ ပျောက်သွားခဲ့ပါသည်။

အဆောင်မှအထွက် ခြေလှမ်းမိသည့်အချိန်တွင် ခန္ဓာကိုယ်ကိုသယ်ဆောင်ရတာ ခြေကုန်လက်ပန်း ကျနေပြီး အရုပ်ကြိုးပျက်သဖွယ် ဆင်းရဲခြင်း ငြီးငွေ့ ခြင်း အသိဉာဏ် တစ်မျိုး ဖြစ်ပေါ်နေပါသည်။

ဆွမ်းစားပြီးနောက် စင်္ကြန်လျှောက်ရာတွင် အလွန်ပေါ့ပါးကြည်လင်နေပါသည်။ နေ့ (၁၂)နာရီအချိန်တွင် ဆရာတော်ကြီးမှ ဟဲ့ ယောဂီမ နင့်ဟာတွေ ပျောက်သွားပြီ လားတဲ့ တင်ပါ့ဘုရား ပျောက်သွားပြီထင်ပါတယ်လို့ လျှောက်ထားတော့ သွား ဓမ္မာရုံပေါ် တစ်ယောက်ထဲ သွားရှာချေ။ ကုလားထိုင်နဲ့ထိုင်ပြီးရှာဟုမိန့်ပါသည်။ ဘုရား တပည့်တော်မသည် ရတနာသုံးပါးနှင့်တကွ မိဘဆရာသမား တို့အပေါ်တွင် ရိုသေလေးစားခဲ့ပါသည်။ သာသနာကုသိုလ်ပြု ရာတွင်လည်း လူအများကို တရားရစေခြင်း အသိဉာဏ် ပွင့်လင်းပါစေခြင်း ဆန္ဒဖြင့် ပြုလုပ်ခဲ့ပါသည်။ တပည့်တော်မ၏စေတနာ စိတ်ရင်းမှန်ကန်ပါက ဒိဋ္ဌ လက်ငင်းအကျိုးပေးခြင်းကို ခံစားရပါလို၏ဟု မြတ်စွာဘုရား



ရှေ့တွင် သစ္စာပြုဆုတောင်း၍ (၄)ကြိမ်ရှာခဲ့ပါသည်။ မိမိစေတနာအကျိုးပေးပါပြီ။

ယခင်က လျှပ်စစ်ဓာတ်လိုက်သလို တဖျဉ်းဖျဉ်း တလှုပ်လှုပ်များမတွေ့ရှိတော့ပါ။ သာမန် ခန္ဓာကိုယ်ဖြင့် ခေါင်းဦးရေပြားထဲမှာ ရေအေးနှင့်ဖျန်းထားရာတွင် လေအေးအေးလေးတိုးလာသလို ခန္ဓာတွင် ငြိမ်းအေးသော ရသများ ခံစားရကာ ညပိုင်းတညဉ့်လုံးတွင်လည်း ခန္ဓာကိုယ်မှ အပူဓာတ်များ တရှိန်ရှိန်နှင့် အနင်းခံ၍ အပူထွက်နေသလို ပေါ့ပါးကြည်လင်၍ နေပါသည်။

ဆရာတော် ဦးနန္ဒကို ကျေးဇူးတင်မဆုံးပါ။ ရိပ်သာကိုစဝင်စဉ်ကတည်းကပင် ငါခိုင်းတာကိုဘဲလုပ် ဘာမှ မလုပ်နဲ့ဟု မိန့်ပါသည်။ ဆရာတော်ကြီး၏ ဂရုဏာ စေတနာတို့ဖြင့် ရိုးစင်းစွာပြောဆိုသင်ပြမှုများမှာ လေးစားစရာ ကောင်းပါ၏။ ရာသီဥတုမည်မျှပူပြင်းပါစေ ယောဂီများကို တရားပြရင်း စင်္ကြန်လျှောက်ချိန်တွင် ကိုယ်တိုင်ပြသ လျှောက်လှမ်းပါသည်။ ပင်ပန်းခြင်းမရှိ အသက်အရွယ်နှင့် မလိုက်အောင် ဖြတ်လတ်ပေါ့ပါးစွာ သားသမီးများကဲ့သို့ မေတ္တာဖြင့် အော်ငေါက်ခြင်းများနှင့် ချစ်ခင်ကြည်ညိုဖွယ် ကောင်းပါသည်။

ဝိပဿနာ ကြိုးစားအားထုတ်ရင်း တရား

Generated by CamScanner from intsig.com

အသိထူးရလိုချင်သူများအတွက် ပန်းတိုင်ကိုလျှင်မြန်စွာ ပို့ဆောင်ပေးနိုင်သော ဆရာကောင်းတစ်ပါးဖြစ်ပါတော့သည်။ ကိုယ်တွေ့ ဝိပဿနာရေးပြီး သာသနာပြုပါဆို၍ ရေးဖြစ်ပါသည်။ ရေးရတာလွယ်ပါသေးတယ် တကယ် လက်တွေ့ ဘဝမှာတော့ ဆိုးဝါးတဲ့လောကဓံ တရားနဲ့အတူ ရှုံးနိမ့်မှုက အကြိမ်ကြိမ်၊ အောင်မြင်မှုက တခါတရံပါ။ ဖွဲလုံ့လ ဝီရိယတို့ဖြင့် မနည်းကြိုးစား ခဲ့ရပါသည်။ တကယ်လုပ်ရင် အဟုတ်ဖြစ်ပါသည်။ သစ္စာတရားများများ နာပါ။ ကြိုးစားအားထုတ်ကြပါဟု မေတ္တာထား၍ တိုက်တွန်းရေးသား နိဂုံးချုပ်လိုက်ပါသည်။

ယောဂီ ဝင်းမင်းသန်း (၀၉–၂၀၅၆၀၁၅)



# ယောဂီ ဒေါက်တာဥမ္မာ

ကျမသည် မိရိုးဖလာဘာသာဝင် တစ်ယောက် အနေဖြင့်သာ ကြီးပြင်းလာခဲ့ပါသည်။ ဘုရားတရားကို ရိုသေကိုင်းရှိုင်းသော်လည်း အထူးတလည် အားထုတ် လုပ်ဆောင်ခဲ့ခြင်းမရှိဘဲနှင့် ကြီးပြင်းလာခဲ့ပါသည်။ ၁၉၈၅ ခုနှစ်တွင် ဆေးပညာဘွဲ့ ရရှိခဲ့ပြီး ၁၉၈၉ခုနှစ်တွင် ဆေးပညာသင်ကြားရေးအပိုင်းတွင် စတင်အလုပ်ဝင်ခဲ့ပါသည်။ အလုပ်တွင် သိကျွမ်းရသောမိတ်ဆွေမှ သူ၏တရားစခန်းဝင်၍ တရားအားထုတ်သော အတွေ့အကြုံများကို ပြောပြသဖြင့် စိတ်ဝင်စားခဲ့ပါသည်။ နောက်ပိုင်းတွင် လူမှုရေး၊ ပညာရေး၊ စီးပွားရေးကိစ္စများဖြင့်သာ ကျင်လည်လှုပ်ရှားနေခဲ့ရသည်။

၂၀၀၆ ခုနှစ်တွင် မိသားစုတစ်စုနှင့် ရင်းနှီးခင်မင်ခဲ့ပြီး သူတို့ မိသားစုတရားအားထုတ်သော မဟာစည်တိုက်ခွဲတွင် တရားစခန်းဝင်ဖြစ်ခဲ့ပါသည်။ တရားထိုင်ဘူးသော အတွေ့အကြုံနှင့် တရားစခန်းဝင်၍ တရားအားထုတ်ဘူးသော အတွေ့အကြုံများ ရရှိခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် ဌာနမှ ဆရာမတစ်ဦး၏ အကူအညီဖြင့် မိုးကုတ်တိုက်ခွဲ (အင်းစိန်အောင်ဆန်းတောရ)တွင် (၇)ရက်စခန်းတစ်ကြိမ်နှင့် (၁၀)ရက်စခန်းတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ဝင်ခဲ့ပါသည်။

Generated by CamScanner from intsig.com

မိုးကုတ်တရားစခန်းတွင် ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါး တရားတော်များကို နာကြားခဲ့ရပါသည်။

၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် အလုပ်တာဝန် အရ မန္တလေးဆေးတက္ကသိုလ်သို့ ပြောင်းရွှေ့လာခဲ့ပါသည်။ အလုပ်တာဝန်များနှင့်သာ အချိန်ကုန်နေပြီး ဘုရား တရား ကိစ္စများနှင့် ဝေးခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင် စနေ၊ တနင်္ဂနွေနေ့လည်ပိုင်းများ၌ ဓမ္မပဒမှ ဖွင့်လှစ်သော အဘိဓမ္မာသင်တန်းတက်ရောက်ခဲ့ပါသည်။ အဘိဓမ္မာ တရားတော်များကို လေ့လာခဲ့သည်နှင့်အမျှ ဗုဒ္ဓမြတ်စွာဘုရားနှင့် ဗုဒ္ဓဘာသာတရားတော်များကို ပိုမိုယုံကြည်သက်ဝင်ခဲ့ပြီး ထေရဝါဒဗုဒ္ဓဘာသာဝင်အစစ်တစ်ယောက်ဖြစ်ရန် ကြိုးစားခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များ အားလုံးသည် ကိုယ်တိုင်ကျင့်ကြံအားထုတ်ရန်ကိုသာ အဓိကအားပေးသည့်အတွက် တရားထိုင်လိုစိတ်၊ ကမ္မဋ္ဌာန်းတရားကို ကိုယ်တိုင်ကျင့်ကြံအားထုတ်လိုစိတ်များ ဖြစ်လာခဲ့ပါသည်။

၂၀၁၂ ခုနှစ်တွင် ဒေါက်တာခင်မြင့်ဌေးနှင့် စတင်ရင်းနှီးခဲ့ပြီး တပ်ဦးကျောင်းတိုက်သို့ စတင်ရောက်ရှိခဲ့ပြီး ဆရာတော် ဦးနန္ဒ၏ ကမ္မဋ္ဌာန်းတရားကျင့်စဉ်ဖြင့် တရားအားထုတ်ခဲ့ပါသည်။ အစိုးရဝန်ထမ်းဖြစ်သည့်အတွက်



စနေ၊ တနင်္ဂနွေနေ့များတွင် နေ့လည် (၁)နာရီမှ ညနေ (၄)နာရီအတွင်းနေ့ယောဂီအနေဖြင့် သွားရောက်၍ တရားအားထုတ်ခဲ့ပါသည်။

ပထမဦးဆုံးအနေဖြင့် ဝင်လေထိသိ၊ ထွက်လေထိသိ ကို မှတ်ရပါသည်။ စင်္ကြံလျှောက်ရာတွင်လည်း ခြေဖဝါးထိသိကို မှတ်ရပါသည်။ နောက်နေ့တွင် ထိတာရုပ် သိတာနာမ်ခွဲ၍ မှတ်ရပါသည်။ ထိသိ ဖြစ်ပျက်ကိုလည်း မှတ်ရပါသည်။ ရှုရှိုက် ထိသိ ဖြစ်ပျက်အားလုံးကို ဒုက္ခသစ္စာ၊ သမုဒယသစ္စာများပွားများရပါသည်။ ၄-၅ ရက်ရလာသောအခါ ခန္ဓာကိုယ်ကို ခေါင်းပိုင်း၊ ရင်ပိုင်း၊ ထပ်၍ ထားသောလက်ပိုင်း(၃)ပိုင်းခွဲ၍ တစ်ပိုင်းချင်းစီကို လှုပ်လှုပ်ရွရွလေးများကို ရှုမှတ်ရပါသည်။ အစပိုင်းတွင် ပူတာ၊ ယားတာ လှုပ်တာများကို တွေ့ရပါသည်။ ထို့နောက် ခန္ဓာကိုယ်တစ်ကိုယ်လုံးခြုံ၍ ဒြပ်သဏ္ဌာန်လွတ်၍ရှုမှတ်ရပါသည်။ တစ်ကိုယ်လုံးခြုံ၍ရှုမှတ်ခဲ့အခါ ရှုကွက်အတွင်း၌ လှုပ်လှုပ်ရွရွလေးများ ဆက်တိုက်ဖြစ်ပေါ်နေတာကို သိရှိခံစားခဲ့ရပါသည်။ လှုပ်လှုပ်ရွရွလေးများက တုန်နေသလိုမျိုးခံစားရပြီး နွေးလိုက်၊ မြန်လိုက် ဖြစ်နေတာကို တွေ့ရပါသည်။ ထိုလှုပ်လှုပ်ရွရွလေးများကို ရုပ်နာမ်ဖြစ်ပျက်များဟု မှတ်ရပါသည်။ တစ်ကြိမ်တွင် လှုပ်လှုပ်လေးများ

Generated by CamScanner from intsig.com

ရပ်ပျောက်သွားပြီး တခဏတွင် ပြန်၍ပေါ်လာပါသည်။ ဆရာတော်ဘုရားအားလျှောက်တင်ရာ ဖြစ်ပျက်ကို စတွေ့နေပြီဖြစ်လို့ ဆက်၍တစ်ကိုယ်လုံးခြုံ၍ရှုမှတ်စေပါသည်။ လှုပ်လှုပ်ရုပ်နာမ်ဖြစ်ပျက်များ ချုပ်ပျောက်ပြီး ခေတ္တမျှငြိမ်သွားသော်လည်း စိတ်ထဲတွင် အေးချမ်းသွားခြင်း မရှိသေး၍ စဉ်းစားမရဖြစ်ခဲ့ပါသည်။ နောက်ရက်များတွင် ဆက်၍ရှုမှတ်သည့်အခါ လှုပ်လှုပ်ရွရွလေးများသည် တဖြေးဖြေးများလာပြီး ရှုကွက်တစ်ခုလုံးပြည့်သိပ်သွားပါသည်။ ထို့နောက် ရုတ်တရက်ပြန်ပြိုကျလာသလိုတွေ့ခဲ့ရပြီး အားလုံးနီးပါးပျောက်သွားပါသည်။ ကျန်နေသေးသော လှုပ်လှုပ်ရွရွရုပ်နာမ်အစုလေးများကို ဆက်၍ကြည့်နေသောအါ ထိုရုပ်နာမ်အစုလေးများသည် တဖြေးဖြေး နှေးလာပြီး တစ်စုပြီးတစ်စု ပျောက်သွားကာ နောက်ဆုံးတွင် လှုပ်လှုပ်ရွရွလေးများအားလုံး တစ်ခုမကျန် ချုပ်ပျောက်သွားပြီး အေးချမ်းမှုကိုရရှိခံစားခဲ့ရပါသည်။

ဆရာတော်ဘုရား၏ နည်းစနစ်နှင့်ကျေးဇူးတော်တို့ကြောင့် ဖြစ်ပျက်ချုပ်ပျောက်ကို လက်တွေ့ တွေ့ရှိခံစားရသဖြင့် အလွန်ပင်ဝမ်းသာကြည်နူးရပါသည်။ နည်းမှန်လမ်းမှန် ဟောကြားလမ်းညွှန်ပေးသော ဆရာတော်ဦးနန္ဒ (တပ်ဦးကျောင်းတိုက်)အား အထူးကျေးဇူးတင်ပါသည်။



လူတိုင်းအားလုံး တရားထူးရရှိရန်ကိုယ်တိုင်လာရောက်၍ ကျင့်ကြံအားထုတ်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ယောဂီ ဥမ္မာ

## ယောဂီ ဒေါက်တာနီနီတင်၏ တရားအားထုတ်ခြင်း ကိုယ်တွေ့မှတ်တမ်း

ဟိုးရှေးအခါက ပညာရှိသူတော်ကောင်းများသည် ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် ရဟန္တာ ပုဂ္ဂိုလ်များရေတွက်၍ မကုန်နိုင်အောင်များပြားလိမ့်မည်ဟု အဆိုအမိန့် ထားခဲ့ကြသည်။ တပ်ဦးတရားရိပ်သာမှ ဓမ္မ အာစရိယဆရာတော်ဘုရားဦးနန္ဒကလည်း ထိုနည်းတူစွာပင်ရှေ့ဆောင်လမ်းပြကြပ်မတ်သူလည်းရှိမည်။ လိုက်နာကြိုးစားကျင့်ကြံအားထုတ်သူများလည်းရှိမည်ဆိုလျှင် အရိယာသူတော်စင်များပေါ်ထွန်းမည်ဟု ယုံကြည်သူဖြစ်ပါသည်။ ယခုလောလောဆယ်တစ်သုတ် တရားအောင်မြင်သွားသူများကား ဤသို့ ဤသို့ ရှိသည်ဟု တရားအားမထုတ်သေးသောသူများအားကျလာစေရန် ထုတ်ဖော်ပြသလို၍ ယောဂီများ၏ တရားထိုင်သော အတွေ့အကြုံများကို ရေးသားခိုင်းခြင်းပင်ဖြစ်ပါသည်။

ကျွန်မ အမည်မှာ နီနီတင် ဖြစ်ပါသည်။ အလုပ်အကိုင်မှာဆရာဝန် (ခေါ်) ဒေါက်တာ ဖြစ်ပါသည်။ ဖခင်ကြီးအမည်မှာ ဦးတင်မောင်ဖြစ်ပါသည်။ အလုပ်အကိုင်မှာ ရှေ့နေဖြစ်ပါသည်။ မိခင်ကြီးအမည်မှာ ဒေါ်တင်လှ ဖြစ်ပါသည်။ နှစ်ဦးစလုံးကွယ်လွန်ကြပါပြီ။ ကျွန်မကို ၁၉၅၁



ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ဖွားမြင်ခဲ့ပြီး မောင်နှမ(၇) ယောက်အနက် အကြီးဆုံးဖြစ်ပါသည်။ ကျွန်မသည် ၁၉၇၆ ခုနှစ်တွင် အမ်ဘီဘီအက်စ်ဘွဲ့ကိုလည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် အမ်အက်စ်စီ (ဇီဝကမ္မ)ဘွဲ့ကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ဆေးပညာသင်ကြားရေးဒီပလိုမာဘွဲ့ကို လည်းကောင်းရရှိခဲ့ပါသည်။

လောကဓာတ်တရားတို့နှင့်တွေ့ထိ ရိုက်ခတ်မှုကြောင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုများစွာကို တွေ့ကြုံခံစားခဲ့ရပါသည်။ မိခင် ဖခင်တို့ဆုံးပါးသွားသဖြင့် ပရိဒေဝ မီးတောက်လောင် ငိုကြွေးရခြင်းကို အမုန်းဆုံးဖြစ်ပါသည်။

ယခုပင်စင်ယူပြီးဖြစ်၍ အလုပ်တူယောဂီ ဒေါ်ခင်မြင့်ဌေးက တပ်ဦးတရားရိပ်သာသို့ခေါ်ဆောင် ခဲ့သဖြင့် ဝမ်းသာရပါသည်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာ လဆန်းပိုင်းမှစ၍ အပတ်စဉ် စနေနှင့်တနင်္ဂနွေ နေ့များတွင် ရိပ်သာ၌ တရားအားထုတ်ပါသည်။ ကျန်ရက်များတွင်အိမ်၌ အားထုတ်ပါသည်။ တရားအားထုတ်သောသူသည် ယုံကြည်မှုသဒ္ဓါတရားရှိရပါမည်။ ကျန်းမာရေးကောင်းပြီး ဝီရိယရှိရပါမည်။ ဉာဏ်ပညာလည်းအထိုက်အလျောက် ရှိရပါမည်။

ဆရာတော်ကြီးက ဦးစွာရှုမြင်ရလွယ်ကူသော

ဒေါသကိုရှုမှတ်ခိုင်းပါသည်။ နောက်တစ်ခါ လောဘမာနနှင့် သက္ကာယဒိဋ္ဌိတို့ကို မှတ်ရပါသည်။ ဒေါသနှင့်လောဘတို့ရှိလျှင် ပူလောင်သည်ဟုမှတ်ပြီး ၎င်းတို့ပြီးဆုံးသွားသောအခါ ငြိမ်းသွားပြီ အေးချမ်းသွားပြီဟုမှတ်ရပါသည်။ မှတ်ဖန်များလာသောအခါ ၎င်းတို့လျော့နည်းသွားကြောင်း တွေ့ရပါသည်။ တဖန် ပဋိစ္စသမုပ္ပါဒ်တရားမှ ဒုက္ခသစ္စာ၊ သမုဒ္ဒယသစ္စာ နှင့် ကမ္မဘဝတို့ကိုမှတ်ရပါသည်။ အနာဂါတ်ဘဝများတွင်လည်း ဒုက္ခသစ္စာကပင်ပြန်လည်စရမည်ဟု သင်ကြားပေးပါသည်။ နောက်အပါတ်များ၌ နှာသီးဖျား နှာသီးဝတွင် ဝင်လေထိသိ ထွက်လေထိသိဟူ၍ ဝင်လေထွက်လေတို့ကို ရှုမှတ်ရပါသည်။ ထိတာကရုပ်ဖြစ်ပြီး သိတာကနာမ်ဖြစ်ပါသည်။

သမာဓိအတန်အားကောင်းလာသောအခါ ဝင်လေထွက်လေကို ရှည်ရှည်ရှူရှိုက်ရာမှ အသာထား၍ ကိုယ်တွင်းသို့ အာရုံစိုက်ရှုခိုင်းပါသည်။ ဦးခေါင်း၊ မျက်နှာ၊ ရင်ပတ်ပိုင်းနှင့် လက်များတွင် ထူးခြားမှုဘာ တွေ့သလဲဟု မေးပါသည်။ ရက်သတ္တပါတ်နှစ်ပါတ်ကြာမျှ ထူးခြားမှု မတွေ့ခဲ့ပါ။ ဆားတောင်ဆရာတော်ကြီး အား ခတ်ခဲလေးလုံးထိုးလက်နှိပ်ခတ်မီးလှူဘူးသည်ကိုသတိရလျှက် ဤကောင်းမှုကုသိုလ်ကြောင့် တပည့်တော်လည်း



အလင်းခတ်ကိုရရပါလို၏ဟု ဆုတောင်းခဲ့ပါသည်။ နောက်ရက်များတွင် အသားစိုင်များထဲမှ လေပလုံစီသေးသေးကလေးများတန်းစီ၍ ရွေ့လျားသည်ကိုခံစားမိပါသည်။ "ဖရွတ်ရွတ်" ဟု အသံများပင်ကြားရသယောင်ရှိတော့သည်။ ဆရာတော်ကြီးအားလျှောက်ထားရာတွင် ဟုတ်တယ်ဟု ပြောပါသည်။

တဖန်လက်ဖဝါးနှစ်ခုကို ထပ်ထားရာမှ လှုပ်လှုပ်ရွရွကလေးများကိုခံစားမိပါသည်။ တခါတရံ လက်များမှာ တုန်ခါနေသလိုလို၊ အနာပုပ်ကိုပိုးလောက်များ ရွရွ ရွရွ ကိုက်စားနေသလို ခံစားမိပါသည်။ ၎င်းတို့ကို ဟိုနားသည်နားတွေ့ရှိရသည်ကိုဆရာတော်ကြီးကခြုံငုံကြည့်ရန် သတိပေးပါသည်။

သကြ်န်ရက်အတွင်းက တရားအထိုင် နည်းပါးသောကြောင့် လှုပ်လှုပ်ရွရွ ရုပ်နာမ်ဖြစ်ပျက် ကလေးများသည် ပျောက်ပျောက်သွားပြီး တရားလျောကျခဲ့ပါသည်။ စိတ်ခတ်ကျ၍ တရားမထိုင်တော့ဟု ဆုံးဖြတ်ခါအိမ်တွင် နေခဲ့ပါသည်။ ဧပြီလကုန်ခါနီးတွင် ယောဂီ ဒေါ်ခင်မြင့်ကြည်က လာရောက်ခေါ်ငင် သဖြင့် တရားစခန်း သို့ပြန်လည် ရောက်ရှိခဲ့ရပါသည်။

တရားထိုင်ရာတွင် ခြေထောက်ပိုင်း၌ ဝါးချွန်ကလေး

များဖြင့်ထိုးနေသလိုလို၊ ဓာတ်လိုက်သလိုလို ခံစားရပါသည်။ အင်မတန်ခံရခက်ပါသည်။ နာကျင်လွန်းလှ၍ တစ်ခါတစ်ရံ လန့်၍ပင် အော်မိတော့မလို ဖြစ်ရပါတော့သည်။ ယောဂီဒေါ်ခင်မြင့်ဌေးက ခြေထောက်မှဝေဒနာများကို ဂရုမစိုက်ပါနှင့် လက်ဦးပေါ်သည် များကိုသာ အလိုက်သင့်ရှုပါဟု သင်ပေးပါသည်။

တစ်ဖန်ယောဂီ ဒေါ်နီလာနှင့် ဒေါ်စန်းစန်းဌေးတို့ကလည်း တရားအားထုတ်ခြင်းမှာ အင်မတန် နူးညံ့သိမ်မွေ့သဖြင့် အနှောက်အယှက်အခက်အခဲများပေါ်တတ်သည်။ များများသည်းခံရန် သတိပေးခဲ့ပါသည်။ ကျွန်မမှာ ဝမ်းသာဝမ်းနည်းဖြစ်၍ မျက်ရည်များပင်ကျမိပါသည်။

ယောဂီအချင်းချင်းတစ်အူတုံဆင်း ညီအစ်မအရင်းသဖွယ် စောင့်ရှောက်ကြသဖြင့် ဝမ်းသာရပါသည်။ သို့သော်လည်း အတွေ့နောက်ကျလေခြင်းဟုတွေးမိ၍ ဝမ်းနည်းရပါသည်။ တရားအားမထုတ်မီက ကျွန်မတွေ့ထိဆက်ခံကြုံတွေ့ခဲ့သောလူများ၏ ဇဖ ရာခိုင်နှုန်းမှာ လူယုတ်မာ၊ လူဆိုး၊ အတွင်းတစ်မျိုး အပြင်တစ်မျိုးဖြင့် လီဆယ်လှည့်ဖြားသူများ၊ ထင်းခွေမတွေ့ ရေခပ်တွေ့ရှော့ဟု အငြိုးအတေးထားသူများ နှုတ်မှု ကြမ်းတမ်းသူများ၊ ညှင်းပမ်းနှိပ်စက်တတ်သူများသာဖြစ်တော့သည်။



ဆရာတော်ကြီး ဦးနန္ဒက ဤသို့လည်း ဟောကြားခဲ့ဘူးပါသည်။ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်တွင် တိုင်းသူပြည်သားများကို ခုနစ်ပုံပုံလျှင် ငါးပုံက အရိယာပုဂ္ဂိုလ်များဖြစ်ကြပါသည်။ ကျန်သောနှစ်ပုံကို သုံးပုံပုံလျှင် ၄င်းထဲမှနှစ်ပုံက တရားတော်ကို အကြိမ်ကြိမ် အားထုတ်ဘူးတဲ့ ကလျာဏ ပုထုဇဉ်များဖြစ်ကြပါသည်။ မိမိတို့နားမရှင်းသောကိစ္စများကို ခုနစ်ပုံမှ ငါးပုံသော အရိယာများကို မေးမြန်း ဆွေးနွေးနိုင်ကြပါသတဲ့။ ထို့ကြောင့် ယောဂီအချင်းချင်းမေးမြန်းဆွေးနွေးခြင်းကိုလည်း ဆရာတော်ကြီး လက်ခံမည်ဟု ထင်ပါကြောင်း-

တစ်လခွဲခန့်ကြာသောအခါ (လောဘမပါဘဲ) အလိုက်သင့်ရှုရင်းက လှုပ်လှုပ်ရွရွရုပ်နာမ်ဖြစ်ပျက် အစုံကလေးများသည် တစ်ကိုယ်လုံးအပြည့်ဖြစ်သွားပါသည်။ ဆရာတော်ကြီးအားလျှောက်သောအခါ 'ဃန' ကျေပြီဟု ပြောပါသည်။

တစ်ခါတစ်ရံ မိုးရွာပြီးစအချိန် ဩကာသလောကကြီးတစ်ခုလုံးငြိမ်းချမ်း၊ လတ်ဆတ်၊ လန်းဆန်းနေချိန်တွင် အသံသာသောငှက်ကလေးများလည်း တေးဆိုကြပါသည်။ ကျွန်မလည်း တရားထိုင်နေလင့် ကစားဤသို့တွေးမိပါသည်။ မိုးရွာခြင်းလေတိုက်ခြင်းစသည့်

Generated by CamScanner from intsig.com

ရာသီဥတုများသည်လည်း သဘာဝတရားအတိုင်း ဖြစ်ပေါ်ကြသည်၊ သစ်ပင်များ၌လည်း ရွက်နုများ ထွက်ကြသည် သီးပွင့်ကြသည်။ ငှက်များလည်း အပျံသင်ကြ၊ တေးဆိုကြ၊ အသိုက်လုပ်ကြသည်။ ကိုယ်တွင်းမှ လှုပ်လှုပ်ရွရွ ဖြစ်ပျက်အစုံကလေးများသည် လည်းဖြစ်ဖြစ်ခြင်း တစ်ခဏ၌ပျက်၍ ပျက်၍သာသွားတော့သည်။ ရှုမှတ်သည်ဖြစ်စေ မရှုမှတ်သည်ဖြစ်စေ မည်သူ၏အလိုသို့ မျှမလိုက်၊ အကြိုက်ကိုမဆောင်၊ အစိုးမရသည်သာဖြစ်၍ မိမိတို့ဘာသာဖြစ်၍ ဖြစ်၍ ပျက်၍ ပျက်၍သာနေတော့သည်။ လယ်တီဆရာတော်ဘုရားကြီး စီရင်အပ်သော ဝိပဿနာ ဒီပနီတွင် ဥတုဟူသော မီးဓာတ်အစွမ်းဖြင့် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်နှင့် ဥတုဇရုပ်တရားတို့ပေါက်ပွားမှု ဟုဆိုပါသည်။

ဤသို့တစ်ကိုယ်လုံး လှုပ်လှုပ်ရွရွကလေးများ ကြည့်ပြီးနေ့စဉ်ဝယ် ပရမတ်အနေဖြင့် ရုပ်နှင့်နာမ်ကို သာသိတော့သည်။ လူ၊ ရဟန်း၊ ယောကျ်ား၊ မိန်းမ၊ တပါးသူ ငါမရှိ။ ရုပ်နှင့်နာမ်သာရှိ၍ "ငါ"ဟူသော သက္ကာယဒိဋ္ဌိကြီး အဘယ်မှာရှိတော့အံ့နည်း။ အတွေးဆိုရာ၌ ဆရာတော်ကြီး မိန့်ဘူးသည်မှာ အတွေးကို ဆုံးအောင်တွေးပြီး နာမ်ဖောက်ပြန်သည်ဟု မှတ်ယူကာတရားရှုသည့်ဘက်သို့



ပြန်လည်ခေါ်ယူရန်ဖြစ်သည်။ အတွေးကို မတားရဟူ၏။ တစ်ခုသတိချပ်ရန်မှာကား ယောဂီများတရားမထိုင်မီ စကြံများများလျှောက် ရမည်ဖြစ်ပါသည်။

တရားထိုင်ရာတွင် လှုပ်လှုပ်ရွရွကလေးများကြားမှ ဘယ်ဘက်ပေါင်(ပညတ်မျှသာ)၏အလည်တွင် ရေမြောင်း ကလေးဖြစ်သွားပြီး ရေနွေးများစီးဆင်းသွားသည်ဟု တစ်ခါခံစားရပါသည်။ နောက်တစ်မျိုးကား ဝမ်းဗိုက်ရှေ့ပိုင်း ထဘီအထက်ဆင့်ရှိသောနေရာ၏ အထက်တွင် ဒုတ် ဒုတ်၊ ဒုတ်ဒုတ် ဟု နှစ်လုံးခုန်သံ အတိုင်းမြည်လျှက် ပြင်းထန်သော ရိုက်ခတ်မှုကိုခံစားရပါသည်။ တဖန် နောက်ကျောဘက်သို့ ပြောင်းရွှေ့ သွားပါသည်။ အတန်ကြာသော် ဂုတ်ပိုးသို့ ရောက်၍ ဦးခေါင်း၏နောက်စေ့ပိုင်းတွင် အဆုံးသတ်၍ သွားပါသည်။ ၎င်းကိုကြိမ်ဖန်များစွာခံစားမိပါသည်။ ထူးဆန်းသောကြောင့် ပီတိဖြစ်မိပါသည်။ ပီတိ၊ ပဿဒ္ဓိ၊ သြဘာသအလင်းရောင်စသည်တို့သည် ဝိပဿနာအန္တရာယ် ဆယ်ပါးတွင် အကျုံးဝင်ပေတော့သည်။

ခန္ဓာကိုယ်အပြည့်ဖြစ်နေသော ဖြစ်ပျက်ကလေး များကို ရှုကွက်၏အလည်၌ လုံးရမည်ဟု မိန့်ကြားဘူး ပါသည်။ ၎င်းဖြစ်ပျက်အစုအဝေးသည် အင်မတန် လျင်မြန်လာပြီး ကလေးများကစားသော ဂျင် ပမာလည်ပြီး

Generated by CamScanner from intsig.com

ပျောက်သွားမည်။ တစ်ခါတစ်ရံ ၄င်းဖြစ်ပျက်ကလေးများသည် ကြီးလိုက်သေးလိုက် ဖြစ်တတ်ဟူ၍လည်းမိန့်ပါသည်။

ဤသို့တစ်ကိုယ်လုံးလှုပ်လှုပ်ရွရွအပြည့်ဖြစ်ရာမှ အလိုက်သင့်မရှုနိုင်တော့ဘဲ အင်မတန်ကြောက်လန့်တုန်လှုပ်လာပါသည်။ ယောဂီ ဒေါ်ခင်မြင့်ကြည်က တစ်စုံတစ်ရာကိုကြောက်လန့်ခြင်းမှာ ၄င်းအရာကို အလိုမရှိခြင်း၊ မနှစ်မြို့ခြင်း၊ မုန်းတီးခြင်းမျှသာဟု ထောက်ပြသောအခါတွင် ဘဝင်ကျရပါတော့သည်။ ဤအဆင့်တွင် အချို့ယောဂီများ မောဟိုက်ခြင်း၊ ပျို့အန်ခြင်းများဖြစ်သည်ဟု ကြားသိရပါသည်။

ယခု ဇူလိုင်လ သုံးရက် နေ့လည်ပိုင်းအိမ်တွင်း တရားထိုင်စဉ် လှုပ်လှုပ်ရွရွဖြစ်ပျက်ကလေးများသည်ရေရှိသော ဖန်ခွက်အတွင်းအမှုန့်အနယ်များအဖြစ် ကြေပျက်၍သွားသကဲ့သို့အောက်သို့သက်ဆင်းသွားကြပါသည်။ ထပ်ထားသော လက်နှစ်ဘက်မှ ညာဘက်လက်ဖဝါးအတွင်း ဝင်ရောက်၍ တစ်ခေါက် ကျယ်ပြန့်သွားပါသည်။ ပြီးမှလုံးဝပျောက်ကွယ်သွားပါသည်။ လေးရက်နေ့နှင့် ငါးရက်နေ့များတွင်လည်း ဤနည်းအတိုင်း တွေ့ရှိရပါသည်။ ဇူလိုင်ခြောက်ရက်နေ့တွင် ဆရာတော်ကြီးအားလျှောက်ရာ ဖြစ်ပျက်များကြေပြီး ဟင်းလင်းပြင်



ဖြစ်သွားသောနေရာကို ဆက်လက်ရှုကြည့်နေရန် ပြောကြားပါသည်။ မဂ်သည် ဤတစ်ခါတည်းသာဖြစ်သည်။ ၄င်းကို အဖန်ဖန်ဖိုလ်ဝင်စားရပေတော့မည်။ မဂ်ရရှိရန်မှာ အတော်အတန်သော သမာဓိနှင့်ဉာဏ်ပညာဖြင့် ပြီးနိုင်သော်လည်း ဖိုလ်ဝင်စားရန်မှာကြီးစွာသော သမာဓိနှင့်ကြီးစွာသော ဉာဏ်ပညာလိုကြောင်းမိန့်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးမိန့်ဆိုဘူးသည်မှာ မဂ်ဉာဏ်သည်အလွန်တရာအရှိန်ပြင်းစွာ တောက်လောင်နေသော မီးခဲရဲရဲကို ရေလောင်းငြိမ်းသတ် လိုက်သည်နှင့်တူသည်။ အပါယ်သွားတတ်သော ကိလေသာကို အကြွင်းမဲ့ပယ်သတ်ခြင်းဖြစ်သည်။ ရေလောင်းလိုက်၍ မီးခဲရဲရဲမှမီးခဲမည်းမည်းဖြစ်သွား သော်လည်း အပူရှိန်များစွာ ကျန်သေးသဖြင့် ကိုင်မိလျှင်ပူပါဦးမည်။ ကျန်သောအပူဓာတ် ကိလေသာများ အကြွင်းမရှိငြိမ်းအောင် ထပ်မံ၍ အနုစား ငြိမ်းသတ်ရသည်မှာ ဖိုလ်ဉာဏ်ဖြစ်တော့သည်။

ဤတွင်တရားဂုဏ်တော်နှစ်ခုကိုအောက်မေ့မိပါသည်။ သန္ဒိဋ္ဌိကော - ကျင့်ဆောင်သော သူတို့အား ဒိဋ္ဌကိုယ်တွေ့တွေ့မြင်ခံစားစေသောဂုဏ်တော်။ အကာလိကော- လက်ငင်းကျင့်ကြံလျှင် ကာလမခြား လက်ငင်းအကျိုးပေးသောဂုဏ်တော်တို့ဖြစ်ကြပါသည်။

Generated by CamScanner from intsig.com

တရားအားမထုတ်သေးသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများကိုလည်း ဧဟိပဿိကောလာ- လှည့်ကုန်၊ စမ်းသပ်လှည့်ကုန်ဟု ချဲလင့်သာ ခေါ်လိုက်ချင် စမ်းပါတော့သည်။

ကောင်းကျိုးချမ်းသာများဆီသို့ လမ်းပြပို့ ဆောင်ပေးပါသော တပ်ဦးတရားစခန်းမှ ဆရာတော်ကြီး ဦးနန္ဒအား အကြိမ်ကြိမ်အခါခါ ဝန္ဒာမိ ရှိခိုးကန်တော့ ရပါတော့သည်။

ဒေါက်တာ နီနီတင်



## ဒေါက်တာခင်မြင့်ကြည်
## ကိုယ်တိုင်ကျင့်၊ ကိုယ်တိုင်တွေ့၊ ကိုယ်တိုင်ရေး

ကျွန်မ၏အမည်မှာ မခင်မြင့်ကြည်ဖြစ်ပါသည်။ ဇာတိမှာ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ကျားတက်ရွာဖြစ်ပါသည်။ အဖ ဦးဘညိမ်း အမိ ဒေါ်မြင့်သိန်း တို့၏ ဒုတိယ သမီးဖြစ်ပါသည်။ ငယ်စဉ်ကတည်းက ဖွားအေကြီး ဒေါ်စောတင့်၊ မိခင်ကြီး ဒေါ်မြင့်သိန်းတို့၏ ဘုရားဝတ်ပြုသံ၊ ပရိတ်ရွတ်သံများကြားမှာ ကြီးပြင်း ခဲ့ပါသည်။ မိဘ ၂ ပါးလုံးမှာ ဒါန မျိုးစေ့ကောင်းပြီး မိခင်ကြီးမှာ ခန္တီပါရမီ အင်မတန် အားကောင်းပါသည်။ ဖခင်ကြီးမှာ အသည်းကင်ဆာရောဂါဖြင့် အသက်(၅၈)နှစ် အရွယ် ၁၉၈၆ မှာဆုံးပါးပါသည်။ ဗောဓိတစ်ထောင် ဆရာတော်ဘုရားကြီးကပင် ဂျုံဘုရင်ဟု နာမည်ပေးခဲ့သော စီးပွားရေးလုပ်ငန်းရှင် ဖခင်ကြီးမှာ သူရှာဖွေခဲ့သော လောကီ ချမ်းသာများအားလုံး ထားခဲ့ရပါသည်။ ဖခင်ကြီး သေဆုံးသည့်အချိန်တွင် ကျွန်မမှာ တိုက်နယ်ဆရာဝန် ဘဝဖြစ်ပါသည်။ မိခင်ကြီးမှာ အဆုပ်ကင်ဆာရောဂါဖြင့် အသက်(၆၇)နှစ် ၁၉၉၃ ခုနှစ်မှာဆုံးပါးပါသည်။ ယင်းအချိန်တွင် ကျွန်မသည် ကလေးအထူးကုဘွဲ့လွန်သင်တန်းတက်ရောက်

နေချိန်ဖြစ်ပါသည်။ မိဘ(၂)ပါး ရောဂါဖြစ်ချိန်မှစ၍ သေဆုံးခါနီးအချိန်ထိ ဝေဒနာခံစားကြရတာကြည့်ပြီး စိတ်ဆင်းရဲခြင်းကြီးစွာဖြစ်မိပါသည်။ မိဘများဆုံးပါးခါနီး အချိန်ထိ ကျွန်မတို့ မောင်နှမတတွေအားလုံး မိဘများနားမှာ ပြုစုရင်း တရားစာများရွတ်ဖတ်ပေးနေပါသည်။ လုံးဝ ငိုသံ မထွက်စေရပါ။ မိဘများကြားသွားပြီး စိတ်မချမ်းသာစွာဖြင့် ဒုက္ခတိဘုံရောက်မှာစိုး၍ ဖြစ်ပါသည်။

မိဘများ မရှိတော့သည့် နောက်ပိုင်း၌လည်း ရှိစဉ်က အတိုင်းပင် မောင်နှမအားလုံး သင့်သင့်မြတ်မြတ် ချစ်ချစ် ခင်ခင် နေခဲ့ကြပါသည်။ အမကြီး ဒေါ်ခင်နှင်းရီမှာ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ၊ ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ၊ မုံရွာ သတိပဋ္ဌာန်တရားစခန်းများသို့ဝင်နိုင်ပြီး အင်မတန် အေးချမ်းပါသည်။

ကျွန်မမှာမူ ဆေးရုံတဘက်၊ ဆေးခန်းတဘက် အလုပ်များဖြင့် ၂၀၀၀ ခုနှစ်မှာ အစ်မဝမ်းကွဲ ဒေါ်အေးကြည်၊ ဒေါ်မေသန်းတို့ ကျေးဇူးဖြင့် မြေနီကျင်း မဟာစည်ရိပ်သာသို့ အချိန်ပိုင်းဝင်ဖြစ်ပါသည်။ ယင်းနောက် မမ ပါမောက္ခ ဒေါက်တာဒေါ်ခင်သီလွင် ကျေးဇူးဖြင့် စံပါယ်ရုံ မိုးကုတ်ရိပ်သာတွင် သင်္ကြန်စခန်းတိုင်းဝင်ဖြစ်ပါသည်။ ၂၀၀၄ ခုနှစ်တွင် သမားတော်ကြီး ဒေါက်တာဦးမောင်မောင်အုန်း



ဦးစီးစီစဉ်ပေးပါသော ဦးမြင့်လွင်(သန့်တည်ပွား)၏ တရားသင်တန်းကိုတက်ဖြစ်ပါသည်။ မန္တလေးမြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းမှာဖြစ်ပါသည်။ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဦးဘိုနီ၊ ဆရာကြီး ဦးသိန်းဟန်(၄)၊ တော်ဝင်ဆေးတိုက်မှမမ ဒေါက်တာ ဒေါ်ယုယုဝေ၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်လွင်လွင်သန်းစသည့် ဆရာဝန်ကြီးများ ဆရာဝန်တော်တော်များများ တက်ရောက်ဖြစ်ပါသည်။ မိမိရရှိ ထားသော ဤခန္ဓာကြီးသည် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဓာတ်ကြီး(၄)ပါးနှင့် ဖွဲ့စည်းထားပါလားဆိုတာ တရားရှာကိုယ်မှာတွေ့ဆိုသလို သိခွင့်ရခဲ့ပါသည်။ သေခါနီး သေပေါက်သေတွင်းဝမှာ ဒီထက် အဆမတန်ဆိုးတဲ့ ဝေဒနာတွေခံရမှာပါလား၊ မသေခင် ကျင့်မှတော်မည်ဆိုပြီး ရသည့်အချိန်လေးတွေမှာ ကြိုးစားပြီး တရားမှတ်ပါသည်။ ယင်းအချိန်က ကျွန်မသည် ကလေးအထူးကုဆရာဝန်အဖြစ် မန္တလေး မြို့သစ် ကုတင် ၃၀၀ ဆံ့သင်ကြားရေး ဆေးရုံ ကြီးတွင် တာဝန်ထမ်းဆောင်နေချိန်ဖြစ်ပါသည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် မြစ်ကြီးနား ဆေးရုံကြီးသို့ ကလေးအထူးကုဆရာဝန်ကြီးအဖြစ် ရာထူးတိုး ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ ကျွန်မ ခင်ပွန်းသည်မှာ ဒေါက်တာ ဦးကံမြင့် တိ/ဆေးကု ဆရာဝန်ဖြစ်ပါသည်။

Generated by CamScanner from intsig.com

သား(၃)ယောက်နှင့် ခင်ပွန်းသည်ကို မန္တလေးမြို့မှာထားပြီး ကျွန်မမှာ မြစ်ကြီးနားသို့ တာဝန်ထမ်းဆောင်ရန် တော်တော် စိတ်ဆင်းရဲမိပါသည်။ တာဝန်ကျခဲ့သော ကျားတက် တိုက်နယ်ဆေးရုံ၊ မုံရွာဆေးရုံကြီး၊ ပုလဲမြို့နယ်ဆေးရုံ၊ သန်လျင်ပြည်သူ့ဆေးရုံတို့တွင် မိသားစုပါ ပြောင်းရွှေ့ခဲ့သည်။ ယခုအချိန်မှာတော့ သားတို့က အတန်းပညာကြီးနေ၍ ကျောင်းပြောင်းရန် အဆင်မပြေသဖြင့် မန္တလေးမှာဘဲ ထားခဲ့ရပါသည်။ မြစ်ကြီးနားမှာ အမကြီး ဒေါ်ခင်နှင်းရီက အတူလိုက်နေပြီး စောင့်ရှောက်ပေးပါသည်။ တရားအခံလေးရှိ၍သာ နေနိုင်ပါတော့သည်။ နံနက်စောစော ညီအမ ၂ ယောက် မြစ်ဆိပ်ထိ လမ်းလျှောက်ပြီး ဆုတောင်းပြည့် ဘုရားကြီးမှာ တရားမှတ်ကြပါသည်။ မိုးရွာလျှင်တော့ အိမ်မှာပဲတရားမှတ်ပါသည်။ စနေ တနင်္ဂနွေ ရုံးပိတ်ရက်တွင် သာသနာ့ဗိမ္မာတော်၌ တရားနာခွင့် တရားမှတ်ခွင့်ရပါသည်။ ဓမ္မမိတ်ဆွေ ဒေါ်ဝင်းကြည်၊ ဒေါ်နှင်းဆီညိုတို့၏ ကျေးဇူးဖြင့် သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်တွင် အရှင်ဆေကိန္ဒ၊ အရှင် ဆန္ဒာဓိကတို့၏ တရားများကို နာကြားခွင့်ရခဲ့ပါသည်။ စီစဉ်ပေးပါသော တိုက်အုပ်ဆရာကြီး ဒေါ်ဉာဏောသီ နှင့် ဆရာဒကာများကို များစွာကျေးဇူးတင်မိပါသည်။

မြစ်ကြီးနားတွင် တာဝန်ကျသည့် ၂ နှစ်ခွဲ



ကာလတွင် အမကြီး ဒေါ်ခင်နှင်းရီမှာ တစ်လျှောက်လုံး ကူညီစောင့်ရှောက်ပေးပါသည်။ အမကြီးကတော့ နံနက်၊ ည တစ်နေ့ (၂)ချိန်၊ အချိန်မှန် တရားထိုင်ပါသည်။ အမကြီး မုံရွာသို့ ခေတ္တပြန်သွားသည့်အခိုက် ကျွန်မတို့ ဆေးခန်း သွားချိန်၊ အိမ်မှာ လူမရှိခိုက် အိမ်ဖောက်ထွင်းခံရပါသည်။ အဲဒီမှာ ပစ္စည်းဆိုတာ ဘယ်လောက်ရှာရှာ ပျက်စီးဆုံးရှုံး ချိန်တန်ရင် ဆုံးရှုံးတာပါလား ဆိုတဲ့ သံဝေဂရမိပါသည်။ မိမိကိုယ်ကို သီလ လုံတယ် ထင်ထားတာ ရှည်လျားလှတဲ့ မသိခဲ့တဲ့ သံသရာမှာ မိမိသီလ မလုံခဲ့တာမျိုးရှိခဲ့ပါလားလို့ သိခဲ့ရပါသည်။

၂၀၀၇ ခုနှစ်တွင် ပြင်ဦးလွင် ဆေးရုံကြီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ သင်္ကြန်ရက် တရားစခန်းများတွင်တော့ တရားထိုင်ဖြစ်ပါသည်။ ၂၀၀၉ ခုနှစ်တွင် သင်္ကြန်တရားစခန်းကို သစ္စဝေဒဂူ မိုးကုတ် ဝိပဿနာရိပ်သာမှာဝင်ဖြစ်ပါသည်။ ဆရာတော် အရှင်ခေမာစာရ၏ အလုပ်စဉ်(၁) သမာဓိထူထောင်နည်း၊ အလုပ်စဉ် (၂) နှာသီးဖျားထိသိ ဝိပဿနာရှုနည်း၊ အလုပ်စဉ်(၃) ဟဒယ ဝိပဿနာ ရှုနည်း၊ အလုပ်စဉ်(၄) အဇ္ဈတ္တ ဝိပဿနာ ရှုနည်း၊ အလုပ်စဉ်(၅) ဝေဒနာ ဝိပဿနာ ရှုနည်းတို့ကို နာကြားမှတ်သားရပါသည်။

Generated by CamScanner from intsig.com

ဆရာတော်က တရားချိန်တိုင်းမှာ သတိထား၊ ဝီရိယစိုက်၊ ပညာနှင့်ရှု စသည်ဖြင့် တပည့် ဒကာ၊ ဒကာမများကိုတရားတက်အောင် ကြိုးစားစေပါသည်။ ၂၀၀၉ ဇူလိုင် (၇)ရက်တွင် သစ္စဝေဒဂူ မိုးကုတ် ဝိပဿနာမှာ အမျိုးသမီးယောဂီဆောင် အလှူရေစက်ချခဲ့ပါသည်။ ဆရာတော်အရှင်ခေမာစာရ၏ ရေစက်ချတရားမှာ ဝိပဿနာ မရှုမဖြစ် ရှုဖြစ်အောင်တွန်းအားကောင်းလှသော တရားတော်ဖြစ်ပါသည်။

ဇူလိုင် (၉)ရက်နေ့တွင် ရက်(၂၀)တရားစခန်းဝင်ဖြစ်ပါသည်။ တရားအရသာ အေးချမ်းမှုများရခဲ့ပါသည်။ ရိပ်သာတွင် ဆက်လက်တရားအားထုတ်လိုပါသော်လည်း ခွင့်စေ့၍ပြန်ခဲ့ရပါသည်။ ၂၀၁၀ ဖေဖော်ဝါရီလတွင် မန္တလေးကလေးဆေးရုံကြီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ ၂၀၁၀ သင်္ကြန် သစ္စဝေဒဂူ မိုးကုတ် ဝိပဿနာ တရားစခန်းမှာ ဓမ္မမိတ်ဆွေ ဒေါ်သူဇာလှိုင်မှ တဆင့် ဒေါ်စုစုမာနှင့် တွေ့ခွင့်ရခဲ့ပါသည်။ သောတာပတ္တိမဂ် ရပြီးသူ တစ်ယောက်နှင့် တွေ့ဆုံခွင့်၊ တရားဆွေးနွေးခွင့်ရခဲ့၍ အင်မတန်ဝမ်းသာခဲ့ပါသည်။ အားတက်ခဲ့ပါသည်။ ထိုအချိန်မှ စ၍ တပ်ဦးကျောင်းဆရာတော် ဦးနန္ဒထံ သွားရောက်လိုစိတ်ဖြစ်ပေါ်ခဲ့ပါသည်။



၂၀၁၁ ခုနှစ်တွင် မမဒေါက်တာ ဒေါ်နီနီတင်၊ မမ ဒေါက်တာ ဒေါ်ခင်မြင့်ဌေး တို့ကျေးဇူးဖြင့် တပ်ဦးကျောင်း ဆရာတော်ကြီး ဦးနန္ဒကို ဖူးမျှော်ခွင့်ရခဲ့ပါပြီ။

ဆရာတော်ကြီးက ဒေါသဖြစ်ဖူးလား၊ ဒေါသဖြစ်နေတဲ့အချိန် ပူလောင်နေတယ်၊ ဒေါသဖြစ်တာကို သိပြီး ရှုလိုက်လို့ ဒေါသပျောက်သွားရင် ပူလောင်မှုတွေ လျော့သွားရင် အေးချမ်းသွားတယ်၊ ဒါ ခဏ နိဗ္ဗာန်တွေ့တာဘဲ လို့ မိန့်ပါတယ်။ ဒေါသဖြစ်တဲ့အခါ ဒေါသပျောက်သွားတဲ့အထိ ဆက်၍ မကြည့်တတ်ကြသဖြင့် ကိလေသာငြိမ်းတဲ့နိဗ္ဗာန်နဲ့ ဝေးနေကြတာဟု ဆရာတော်က မိန့်ပါတယ်။

ထို့နောက် ဆရာတော်က ဝင်လေ ထိသိပျက်၊ ထွက်လေ ထိသိပျက်ဟုမှတ်နိုင်းပါသည်။ နှာသီးဖျားနဲ့ လေနဲ့ထိတာ ထိတာရုပ်၊ ထိတာကို သိတာနာမ်၊ ထိသိရုပ်နာမ် ပေါ်လိုက် ပျောက်လိုက် ဖြစ်ပျက်ဟု မှတ်ရပါသည်။

ထိုင်တာနဲ့ လမ်းလျှောက်တာ တလှည့်စီ မှတ်နိုင်းပါသည်။ လမ်းလျှောက်တဲ့အခါ ခြေဖဝါးနဲ့ မြေကြီးထိတာက ရုပ်၊ သိတာက နာမ်၊ ထိသိပေါ်တာက အဖြစ်၊ ခြေကြွလိုက်လို့ ခြေဖဝါး ထိသိပျောက်သွားတာက အပျက်ဟု မှတ်နိုင်းပါသည်။ လမ်းလျှောက်တာ ခပ်ဆတ်ဆတ်လေးချလိုက်လို့ ခြေဖဝါးထဲက ထိတာ၊

Generated by CamScanner from intsig.com

တုန်ခါမှုတွေ ခေါင်းထဲဆောင့်တာကို သိလိုက်ရင် ထိသိကုန်ပြီဟု မှတ်ဟု မိန့်ပါသည်။

နောက်တဆင့်အနေဖြင့် ဆရာတော်ကြီးက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ ပြုလုပ်မှုကမ္မဘဝ၊ အနာဂတ် ဒုက္ခသစ္စာတို့၏ ဆက်စပ်ပုံကို မြင်အောင်ရှုခိုင်းပါသည်။ အသက်မရှူဘဲ နေကြည့်လိုက်ပါ။ ၁၅ စက္ကန့် ၂၀ စက္ကန့် ကြာလျှင် မနေနိုင်တော့ပါ။ မောလာပါသည်။ အချိန်မီ မရှူရလျှင် သေသွားပါမည်။ ရှူလိုက် ရှူလိုက်ဖြင့် ပြုပြင်ပေးနေရပါသည်။ ဗိုက်ဆာပြန်ပြီ စားပေးရပြန်ပြီ၊ ရေဆာပြန်ပြီ ရေသောက်ပေးရပြန်ပြီ၊ အပေါ့အလေး သွားချင်ပြန်ပြီ စွန့်ပေးရပြန်ပြီ။ ဤရုပ် ဤနာမ် အစုကြီးသည် ဒုက္ခသစ္စာဟု အကြိမ်ကြိမ် ရှုခိုင်းပါသည်။ ဤရုပ်နာမ် ခန္ဓာ ဒုက္ခသစ္စာ ဆင်းရဲအစုကြီး ဆင်းရဲသောကြောင့် ချမ်းသာချင်တယ်ဟူသော တဏှာ (လောဘ)သမုဒယ သစ္စာဖြစ်ပေါ်လာသည်။ ထိုတဏှာလောဘကို မြင်အောင် ကြည့်ပြီး သမုဒယသစ္စာ၊ သမုဒယသစ္စာဟု ရှုခိုင်းပါသည်။ တဏှာလောဘ၏ ချမ်းသာချင်မှုကြောင့် ကောင်းသော အသက်မွေးမှု၊ မကောင်းသော အသက်မွေးမှုကို ပြုလုပ်နေကြသည်။ ကမ္မဘဝ၊ ကမ္မဘဝဟု ရှုခိုင်းပါသည်။ ပြုလုပ်မှု ကမ္မဘဝကြောင့် အနာဂတ်ဘဝ အကျိုးဒုက္ခတို့



ဆက်စပ်ပုံကို ရှုခိုင်းပါသည်။ ကောင်းမှုပြု၍ လူဖြစ်လာသော်လည်း အို နာ သေ ဒုက္ခတွေ တွေ့ရသည်။ မကောင်းမှုပြု၍ အနာဂတ်ဘဝ အနေဖြင့် အပါယ်လေးဘုံရောက်ရမည်။ အနာဂတ် ဆင်းရဲလတ္တံ့၊ အနာဂတ်ဆင်းရဲလတ္တံ့ ဟုရှုမှတ်ခိုင်းပါသည်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စ၊ ပြုလုပ်မှုကမ္မဘဝ၊ အနာဂတ် ဒုက္ခသစ္စာ ဤလေးလုံးကို တလုံးလျှင် (၂)မိနစ် ရှုခိုင်းပါသည်။ တလုံးနှင့် တလုံးကြောင်းကျိုးဆက်စပ်မှုကို မြင်မှသာ တဆက်တည်းပေါင်း၍ ရှုပါဟု မိန့်ပါသည်။

ထိုနောက်တော့ ဆရာတော်ကြီးက ဓါတ်တွေကြွ၍ ဖြစ်ပျက်ပေါ်အောင် ရှုရမည့်နည်းကို မိန့်ပါသည်။ နှာသီးဖျားစောင့်၍ လေရှူလိုက်သည်နှင့် ထိသိ ထိသိ ထိသိဟု အရှူနှင့် အရှိုက်ကို တဆက်တည်းတောက်လျှောက် တွဲ၍ ဆုံးသည့်တိုင်အောင်ခြုံကြည့်၍ ဆုံးလည်းသွားရော ထိသိကလေးတွေ ကုန်သွားပြီဟု ရှုလိုက်ပါဟု ခိုင်းပါသည်။ ခြုံရှုလို့ ဓါတ်ကြွနည်းသည့်အခါတိုင်း ခြုံမရှုခင် ငါးမိနစ်လောက်ဓါတ်ကြွအောင်ရှုပြီးမှ ခြုံရှုကို ဆက်ရှုခိုင်းပါသည်။

မျက်နှာကို ခြုံ၍ကြည့်ခိုင်းပါသည်။ (မျက်နှာပုံစံ ပေါ်အောင် ကြည့်သည်မဟုတ်ပါ) မျက်နှာကပူတာ၊

အေးတာ၊ နာတာ၊ ရွရွ စသည်ဖြင့် ဓာတ်ကြွမှုကိုမြင်အောင် ကြည့်ခိုင်းခြင်းဖြစ်ပါသည်။ ဓာတ်တစ်ခုခုတွေ့လျှင် ဆက်၍ ခြုံ၍ ကြည့်ပါဟု မိန့်ပါသည်။ တစ်မိနစ်ခန့်ကြည့်လို့မှ မတွေ့လျှင် ရင်ဘတ်ကို ပြောင်း၍ရှုခိုင်းပါသည်။ ပြီးလျှင် လက်ကလေးတွေပေါ် ခြုံ၍ကြည့်ခိုင်းပါသည်။ ပြီးလျှင် ခန္ဓာကိုယ် တကိုယ်လုံးကိုခြုံ၍ကြည့်ခိုင်းပါသည်။ ခြုံ၍ ကြည့်ရင်းက စိတ်က ဟိုအာရုံ ဒီအာရုံပြေးသွားနေလျှင် မဆွဲရ၊ စိတ်ဖောက်ပြန်နေတယ်ဟု မှတ်ခိုင်းပါသည်။ ခေါင်းခါးခြေလက် မမှတ်ရ။ ပူ၊ အေး၊ ယား၊ နာ၊ ရွရွ ဖြစ်တာပဲ မှတ်ခိုင်းပါသည်။ ခေါင်းခါးခြေလက်သည် ပညတ်၊ ပူ၊ အေး၊ ယား၊ နာ သည် ပရမတ်ဆိုတာကို ကွဲပြားစွာ သိရပါသည်။ ရုပ်နာမ် ပရမတ်ကို ဝိပဿနာရှုလျှင် ဖြစ်ပျက်ဝင်၍ ကိလေသာမဝင်နိုင်၊ ပညတ်ကို အာရုံပြုလျှင် စွဲငြိမှုဖြစ်၍ ကိလေသာဝင်နိုင်သည်ဟုမိန့်ပါသည်။

လမ်းလျှောက်ရင်း ရှုရန်ကတော့ မိမိလျှောက်မည့် ဘက်ကို မျက်စိမှိတ်၍ ရပ်လိုက်ပါ။ တကိုယ်လုံးကို ခြုံ၍ ကြည့်လိုက်ပါ။ တကိုယ်လုံးက လှုပ်ရွဖြစ်ပျက်တို့ကို တွေ့လာသောအခါ ရှေ့ကို တလှမ်းလှမ်း၍ လှုပ်ရွဖြစ်ပျက် ကလေးတွေသည် ပါမလာဘဲ ရပ်တဲ့နေရာတွင် ကျန်ခဲ့တာ ကြည့်၍ ကျန်ခဲ့ပြီ- ကျန်ခဲ့ပြီဟု ရှုလိုက်ပါ။ နောက်တလှမ်း



လှမ်း၍လည်း ရပ်တဲ့နေရာတွင် ကျန်ခဲ့ပြီဟု ရှုလိုက်ပြီးလျှင် မျက်စိဖွင့်၍ လှမ်းတိုင်းလှမ်းတိုင်း ကျန်ခဲ့ပြီ ကျန်ခဲ့ပြီဟု ရှု၍ ဆက်လျှောက်ပါဟု မိန့်ပါသည်။

ဆရာတော်ကြီး မိန့်သည့်အတိုင်း ကြိုးစားပြီး မှတ်ပါသည်။ ကျွန်မမှာ ဝန်ထမ်းဖြစ်၍ စနေ၊ တနင်္ဂနွေ နေ့ခင်းအချိန်ပိုင်းတွင်သာ တပ်ဦးကျောင်းသို့ သွားနိုင်ပါသည်။ အိမ်မှာ ဆေးရုံမှ လမ်းမှာတော့ သွားရင်းလာရင်း အမှတ်လေးတွေရှိပါသည်။ ဘုန်းကြီးကျောင်းက အပြန် စောစောကမှတ်ခဲ့သည့် အရှိန်လေးတွေဖြင့် ကားမောင်းရင်း လည်း မျက်နှာကိုယ်လုံးမှာ ရွရွ၊ မွမွ၊ ပူတာတွေ ဖြစ်ပျက်တွေ တွေ့နေရပါသည်။

ဒီနှစ် ၂၀၁၂ သင်္ကြန်စခန်းတွင်တော့ မမဒေါက်တာ ဒေါ်ခင်မြင့်ဌေး၊ အမကြီး ဒေါ်ခင်နှင်းရီတို့နှင့်အတူ တပ်ဦးကျောင်းမှာ တရားစခန်းဝင်ဖြစ်ပါသည်။ သင်္ကြန် ဒုတိယ အကြတ်နေ့ ၁၅-၄-၁၂ နေ့ခင်း(၂)နာရီမှာပါ။ စင်္ကြံမှတ်ရင်း ရပ်ကမ္မဋ္ဌာန်းဖြင့် မှတ်နေပါသည်။ ရုပ်နာမ် ဖြစ်ပျက်တွေ ရွရွ၊ မွမွ၊ ပူတာတွေ ခန္ဓာကိုယ်တကိုယ်လုံး ဖြစ်ပျက်တွေကို ခြုံကြည့်နေပါသည်။ ဆရာတော်ကြီးက ဆိုမိန့်ပါသည်- ဖြစ်ပျက်တွေ သိပ်မြန်နေရင် ဖောက်ပြန်တယ် ဖောက်ပြန်တယ် မမှတ်နဲ့တော့၊ အသာလေး စောင့်ကြည့်နေ

Generated by CamScanner from intsig.com

ပါဆိုတဲ့အတိုင်း စောင့်ကြည့်နေပါသည်။ ဖြစ်ပျက်တွေက မြန်လွန်းတော့ ပူတာ၊ လှုပ်လှုပ်ရွရွတွေသည် စွန်လွှတ်တဲ့ ရစ်လုံးကြီးလို လည်လိုက်တာ ရင်ဘတ်နားမှာ ပင်ပန်းလိုက်တာ ပင်ပန်းလိုက်တာ၊ အဲလောက် ပင်ပန်းရလားလို့ ကြည့်နေတုန်းမှာ ဖြုန်းဆို ချက်ချင်း ရပ်သွားပါသည်။ ပင်ပန်းတာတွေမရှိတော့ပါ။ မျက်စေ့ရှေ့မှာ ဘာမှမရှိတော့ပါ။ ဟင်းလင်းပြင်လေးကို တည်ငြိမ်ကြည်လင်နေပါသည်။ ဆရာတော်ကြီးက တရားထူး ဟုတ် မဟုတ် မဂ်မသိ ဖိုလ်နှင့်ညှိ ဆိုသည့်အတိုင်း အဓိဋ္ဌာန်ပြုခိုင်းပါသည်။

၁၆–၄–၁၂ နံနက် ၇း၃၀ နာရီအချိန်တွင်ပါ။ တကိုယ်လုံး အပူလုံးကြီး ကြီးလာလိုက် သေးသွားလိုက်၊ အပူလုံး ထူထူကြီးက ပါးသွားလိုက် ထူလာလိုက်၊ ပူလိုက်တာလဲ တကိုယ်လုံးကြီး မခံမရပ်နိုင်အောင် ပါပဲ။ ပြီးတော့ ဖြည်းဖြည်းချင်း ပျောက်သွားပါသည်။ ဝန်ထုပ်ဝန်ပိုးကြီးလွတ်ကျသွားသလို ပေါ့ပါးငြိမ်းအေးသွားပါသည်။

ဆရာတော်ကြီးမိန့်သည့်အတိုင်း မဂ်ကျစဉ်က တကိုယ်လုံးက လှုပ်လှုပ်ရွရွဖြစ်ပျက်တွေသည် တပြိုင်နက် ချုပ်ပျောက်သွားပြီး ဖိုလ်ဝင်စားရန် ရှုတဲ့အခါ လှုပ်ရွဖြစ်ပျက်တို့သည် ဖြည်းဖြည်းချင်းသာ ချုပ်ပျောက်ပါသည်။



အဓိဋ္ဌာန်ပြု၍ အားထုတ်တိုင်း ချုပ်ငြိမ်းမှုရလာလျှင် ဝသီဘော် နိုင်သည်ဟု ဆိုနိုင်ကြောင်း ဆရာတော်ကြီးက မိန့်ပါသည်။

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ကျင့်ခဲ့ပါသော ကျေးဇူးကြီးလှပါသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ တရားတော်များအားလုံး တရားတော်များကို အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက် ဆောင်ကြဉ်းခဲ့ပါသော သံဃာတော်များ၊ မိုးကုတ်ဆရာတော်ဘုရားကြီး၊ မုံလယ် ဆရာတော်ဘုရားကြီး၊ စံပါယ်ရုံ ဆရာတော် ဦးဝိမလ၊ မြေနီကျင်း ဆရာတော် ဦးသုမဏ၊ သစ္စဝေဒဂူ ဆရာတော် အရှင် ခေမာစာရ၊ တရားအမြန်ဆုံးရအောင် တပည့် ဒကာ၊ ဒကာမ အပေါင်းအား အပင်ပန်းခံ ကြိုးစားပြသပါသော တပ်ဦးကျောင်းဆရာတော်ကြီး ဦးနန္ဒ နှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့် ကျေးဇူးရှင် မိဘများအား ရိုသေလေးမြတ်စွာဖြင့် လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား . . . .

ယောဂီ ခင်မြင့်ကြည်<br>
၀၉–၂၀၀၁၈၃၆<br>
၉–၁၀–၂၀၁၂